# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 13 October 2021 ၁၀၅၂၅


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လက်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူများ စည်းလုံးညီညွတ်မှုရှိပြီး စနစ်တကျဖွဲ့စည်းထားသည့် ခေတ်မီတပ်မတော်ရှိလျှင် နိုင်ငံအင်အားတောင့်တင်း

## ပြည်သူအချင်းချင်း၊ မင်းညီမင်းသားအချင်းချင်း ညီညွတ်မှုမရှိဘဲ ပြည်ပအားကိုးပြီး သူတစ်လူငါတစ်မင်းဖြစ်သည့် အချိန်ကာလမျိုးတွင် လွတ်လပ်ရေးဆုံးရှုံးခဲ့ရ

နေပြည်တော် အောက်တိုဘာ ၁၂

**၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။**




(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမင်းသိန်းဇံ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိ ဖိတ်ကြားထားသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှာ ယခု ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်ဆိုလျှင် (၇၄)နှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**အမေရိကန်ဒေါ်လာ အပါအဝင် နိုင်ငံခြားငွေကိုင်ဆောင်ခွင့်အပေါ် လေ့လာတွေ့ရှိသမျှ**

စာမျက်နှာ » ၆

## ယနေ့ ဖတ်စရာ


**မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရန် ကြိုးပမ်းအားထုတ်နေသည့်အချိန်တွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်များ၏ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ရရှိရန် မျှော်လင့်** စာမျက်နှာ » ၄

**စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်အနုပညာရှင်များ၏ အနုပညာစွမ်းအားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသော ပြည်သူများ ပြုံးပျော်ရွှင်အောင် ဆောင်ရွက်ပေးရန် အချိန်ရောက်ရှိနေပြီ** စာမျက်နှာ » ၅

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေး** စာမျက်နှာ » ၁၂

ကြေးမုံ

# ပြည်သူများစိတ်ချမ်းမြေ့ရေး စည်းကမ်းလိုက်နာ

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နောက်ဆက်တွဲဆိုးကျိုးများကို အချိန်ကာလရှည်ကြာစွာ ခံစားနေကြရသော်လည်း အဆိုပါရောဂါစိန်ခေါ်မှုကို ကြံ့ကြံ့ခံတွန်းလှန်ရင်း မိမိတို့၏လူမှုစီးပွားရေးဘဝများ ပုံမှန်လည်ပတ်နိုင်အောင် စည်းကမ်းများကိုလိုက်နာရင်း၊ရောဂါကိုသတိမူရင်း လှုပ်ရှားဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ တစ်နှစ်ကျော်၊ နှစ်နှစ်နီးပါး ကြာမြင့်လာခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ကိုဗစ်ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်း ဒဏ်ကို ကြုံတွေ့ခဲ့ပြီး ယခုနှစ်တွင် တတိယလှိုင်းဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ကြရာ ပြည်သူများ၏လူမှုဘဝများ၊ စီးပွားရေးအလုပ်အကိုင်များ များစွာ ထိခိုက်နစ်နာဆုံးရှုံးခဲ့ကြရသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု လျော့ကျလာသည်ကို တွေ့ရသည်။ ပြည်သူများအနေဖြင့် ကိုဗစ်ရောဂါကို အန်တုကာ ရုန်းထွက်နိုင်ရန် ကြိုးပမ်းနေကြသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ရောဂါပိုး တွေ့ရှိမှုနှုန်းအခြေအနေများကို စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိပြီး အပတ်စဉ် (၃၈) တွင် ဓာတ်ခွဲနမူနာ ၁၃၃၂၈၂ ကို စမ်းသပ်စစ်ဆေးခဲ့ရာ ဓာတ်ခွဲ အတည်ပြုလူနာ ၁၁၇၄၉ ဦးရှိသဖြင့် ပျမ်းမျှရောဂါပိုးတွေ့နှုန်း ၈ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့သည်။ အပတ်စဉ် (၃၉)တွင် ဓာတ်ခွဲနမူနာ ၁၃၆၈၂၉ ကို စစ်ဆေးခဲ့ရာ အတည်ပြုလူနာ ၁၀၆၄၉ ဦးရှိသဖြင့် ပိုးတွေ့နှုန်း ၇ ဒသမ ၈ နှင့် အပတ်စဉ် (၄၀) တွင် ဓာတ်ခွဲနမူနာ ၁၂၇၁၉၈ ကို စစ်ဆေးခဲ့ရာ အတည်ပြုလူနာ ၁၀၀၆၄ ဦးရှိသဖြင့် ပိုးတွေ့နှုန်း ၇ ဒသမ ၉ ရာခိုင်နှုန်းရှိရာ ရက်သတ္တပတ်လိုက်အနေဖြင့် အတည်ပြုလူနာကျဆင်းခဲ့သော်လည်း ပိုးတွေ့နှုန်းအနေဖြင့် သိသိသာသာလျော့ကျခြင်း မရှိသေးသည်ကိုတွေ့ရသည်။

ယခုရက်သတ္တပတ်အတွင်း အောက်တိုဘာလ ၁၁ ရက်နေ့၌ ဓာတ်ခွဲနမူနာ ၁၆၄၇၁ အားစစ်ဆေးခဲ့ရာ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၉၇ ဦးတွေ့ရှိရပြီး ထိုနေ့အတွက် ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ ၇ ဒသမ ၃ ရာခိုင်နှုန်း ရှိသည်ကိုတွေ့ရသည်။ အပတ်စဉ်ရောဂါပိုးစစ်ဆေးတွေ့ရှိမှုအရ တွေ့ရှိမှုနှုန်း အပြောင်းအလဲကွာဟမှု မများသေးသော်လည်း သေဆုံးမှုနှုန်း သိသိသာသာကျဆင်းလာသည်ကိုတွေ့ရသည်။ ယခုရက်သတ္တပတ်တွင် နေ့အလိုက် ရောဂါပိုးတွေ့ရှိမှု၌ ပိုးတွေ့နှုန်း ခုနစ်ရာခိုင်နှုန်း နီးပါးခန့်ရှိလာရာ ဤနှုန်းအတိုင်းဆက်လက်ကျမည်ဆိုပါက ရှေ့လာမည့် ရက်သတ္တပတ်တွင် ရောဂါပိုးတွေ့ရှိမှုနှုန်း ခုနစ်ရာခိုင်နှုန်းအောက်သို့ ကျဆင်းလာနိုင်သည်။ ပိုးတွေ့မှုနှုန်း တစ်ထောင်အောက် ရာဂဏန်းသို့ကျဆင်းပြီး သေဆုံးမှုနှုန်း ဆယ်ဂဏန်းမှ ခုဂဏန်းသို့ ကျဆင်းသွားပါက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု သိသာစွာကျဆင်းသွားပြီဟုဆိုနိုင်သည်။

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းလာပြီဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ပွင့်လန်းလာပြီး ယခုပွင့်လင်းရာသီတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရန် ဦးတည်နေပြီဖြစ်သည်။ ထို့အပြင် စာသင်ကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ နိုင်ငံတော်က ကိုဗစ်-၁၉ ရောဂါသိသာစွာကျဆင်းသွားမှုကို အတည်ပြုပြီး ဖြေလျှော့မှုများ မပြုလုပ်သေးသော်လည်း ပြည်သူများအနေဖြင့် “မဆွတ်ခင်က ညွတ်ချင်သည့်ပန်း” ကဲ့သို့ မိမိတို့၏ လူမှုစီးပွားဘဝများ ယခင်ကကဲ့သို့ ပုံမှန်လည်ပတ်သည့်အခြေအနေရောက်ရှိနေအောင် တာစူနေသည်ကိုတွေ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်ရောဂါနှင့်ပတ်သက်၍ ကန့်သတ်မှုများရှိနေသော်လည်း ရောဂါပိုးတွေ့ရှိမှုနှုန်း ကျဆင်းလာသောဒေသများတွင် ပြည်သူများ၏ လူမှုစီးပွားဘဝများအား ဖြေလျှော့ပေးမှုများကို နားလည်မှုရှိစွာ အတိုင်းအတာ တစ်ခုဖြင့် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ ယခုသီတင်းကျွတ်ကာလ ပွင့်လင်းရာသီသို့ရောက်သောအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်းများလည်း ကျဆင်းလာပြီး ပြည်သူများအနေဖြင့်လည်း ခရီးသွားလုပ်ငန်းများကို ယခုပင်စတင်ကာ သွားလာလှုပ်ရှားလုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ အများပြည်သူတို့ စိတ်အေးချမ်းသာပျော်ရွှင်စွာဖြင့် သွားလာလှုပ်ရှားနိုင်နေကြသည်မှာ စိတ်နှလုံးချမ်းမြေ့စရာဖြစ်သည်။ သို့သော် ယခုအချိန်အခါတွင် ရောဂါစတင်ကျဆင်းခါစဖြစ်၍ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများအောင်မြင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ထုတ်ပြန်ထားသော စည်းကမ်းများကို စနစ်တကျ ဆက်လက်လိုက်နာကြရန် လိုအပ်ပါကြောင်း။ ။

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန

### ကျောင်းအုပ်ကြီးများ ကြိုတင်ဆောင်ရွက်ရမည့် သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျောင်းပြန်လည်ဖွင့်လှစ်ပါက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိပြီး ပညာသင်ကြားနိုင်ရေး မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်ရန်၊

၂။ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းလှပစေရန် ဆောင်ရွက်ခြင်း၊ ကျောင်းဆောင်များ ခိုင်ခံ့ရန်ပြုပြင်ခြင်း၊ ခြံစည်းရိုးများပြုပြင်ခြင်း၊ စာသင်ခုံနှင့်ပရိဘောဂများ ပြင်ဆင်/ ဖြည့်ဆည်းခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်၊

၃။ ပိုးသတ်ဆေးဖျန်းခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ရေတွင်း/ရေလှောင်ကန် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ သန့်စင်ခန်းများသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခန်းများအတွင်း လျှပ်စစ်မီးပြည့်စုံရန် ဆောင်ရွက်ခြင်း၊ လျှပ်စစ်/ မီးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီစဉ်ဆောင်ရွက်ရန်၊

၄။ ကျောင်းဖွင့်ကာလ၌ ကျောင်းပျက်ကွက်သော ကျောင်းသား/သူများရှိပါက စိစစ်၍ သင်ကြား၊ သင်ယူမှုနောက်ကျခြင်း မရှိစေရေး စီစဉ်ဆောင်ရွက်ရန်၊

၅။ ကျောင်းသားများ ကျောင်းနေပျော်၍ ကျောင်းတက်မှန်ကန်စေရေး စီမံဆောင်ရွက်ရန်၊

၆။ “စဉ်ဆက်မပြတ်ဆရာ့အတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး” လက်စွဲနှင့်မော်ဂျူးများ၊ သင်ကြားသင်ယူမှု အထောက်အကူပြုဆိုင်ရာ စာအုပ်၊ စာပေများကို ဆရာများဖတ်ရှုလေ့လာရေး ကြပ်မတ်ဆောင်ရွက်ရန်၊

၇။ သင်ရိုးညွှန်းတမ်းနှင့်အညီ သက်ဆိုင်ရာဘာသာရပ်များကို လေ့လာနိုင်ရေးနှင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ တီထွင်ဖန်တီးအသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊

၈။ ပညာသင်ယူရေး၊ ကျန်းမာရေးနှင့် စာရိတ္တကောင်းမွန်ရေးဆိုင်ရာ ပညာပေးဆောင်ပုဒ်များ ချိတ်ဆွဲနိုင်ရေး စီမံဆောင်ရွက်ရန်

၉။ လိုအပ်ချက်များရှိပါက အထက် အဆင့်ဆင့်သို့ တင်ပြရန်၊

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂ - ၁၀ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၆၀၀ | ၂၁၈ | ၁,၈၉၀,၈၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁,၃၄၁ | ၄,၂၉၁,၂၀၀ |
| MCB | ၇,၇၀၀ | ၇,၈၀၀ | ၈၁ | ၆၃၉,၆၀၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၁ | ၂၀,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂၀၀ | ၅၄၀,၀၀၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၁၈ | ၅၃,၁၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၇၂ | ၁,၃၃၂,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၁၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၉၂၃.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၂၄.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၇.၉၂ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၇.၄၈၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၁.၂၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၄၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၅.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၁၇.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၉၆.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၃၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝင်းမင်းထွန်းနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်

**မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာ ကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန် လိုအပ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

- **နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန်လိုကြောင်းနှင့် နိုင်ငံတော်အင်အားရှိမှု၊ ပြည်သူအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိမှု၊ စနစ်တကျ ဖွဲ့စည်းထားသော ခေတ်မီတပ်မတော်ရှိမှု စသည့်အချက်များ ပြည့်စုံမှသာ မိမိတို့နိုင်ငံတော်ကြီး တိုးတက်စည်ပင်ဖွံ့ဖြိုးလာမည်ကို မျိုးဆက်သစ်လူငယ်များ သိရှိရန်လို**
- **လွတ်လပ်ရေးဆုံးရှုံးသည့်အခါတွင် သွေး၊ ချွေး အသက်ပေါင်းများစွာ ပေးဆပ်ရယူခဲ့ရမှု၊ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင်လည်း လွတ်လပ်ရေးမဆုံးရှုံးရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်း သိရှိစေရန် အသိပညာပေး ဆွေးနွေးပွဲများ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုများ ဆောင်ရွက်ပေးရန်လို**
- **မျိုးချစ်စိတ်ထက်သန်စေသည့် ဇာတ်လမ်းများ၊ သမိုင်းဝင်တေးသီချင်းများ ထုတ်လွှင့်ဖော်ပြသွားရန်လိုပြီး လွတ်လပ်ရေး သမိုင်းကြောင်း၊ မြန်မာနိုင်ငံသမိုင်းကြောင်း တို့ကိုလည်း အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ရေဒီယို Talk Show ဆွေးနွေးခြင်း၊ ဆွေးနွေးချက်များကိုလည်း ဆောင်းပါးများအဖြစ် ထည့်သွင်းဖော်ပြသွားခြင်း ပြုလုပ်ရန်လို**

☆ **ရွှေဖုံးမှ**

သမိုင်းကြောင်းကို ပြန်လည်လေ့လာမည်ဆိုပါက ၉ ရာစုဝန်းကျင်မှစ၍ ပျူမြို့ပြနိုင်ငံ (City State)များ ပေါ်ပေါက်ခဲ့ကြောင်း၊ ၁၁ ရာစု ပတ်ဝန်းကျင်တွင် ပုဂံ Dynasty ပေါ်ပေါက်ခဲ့ကြောင်း၊ ၁၄ ရာစုတွင် အင်းဝ၊ တောင်ငူ၊ ဟံသာဝတီ၊ မြင်စိုင်း၊ ပင်းယ၊ ကယား၊ မိုးညှင်း၊ မိုးကောင်း၊ သီပေါ၊ မြောက်ဦး စသည့် Small Kingdom များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ၁၅ ရာစုနှင့် ၁၇ ရာစုအကြားတွင် တောင်ငူ Dynasty ပေါ်ပေါက်ခဲ့ပြီး ၁၇၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်အကြားတွင် ကုန်းဘောင် Dynasty ပေါ်ပေါက်ခဲ့ကြောင်း၊ ခိုင်မာသည့် မြန်မာ့သမိုင်းကြောင်း တစ်လျှောက် ပေါ်ပေါက်ခဲ့သည့် City State များ၊ Small Kingdom များနှင့် Dynasty များသည် အုပ်ချုပ်သည့် မင်းနှင့် ပြည်သူတို့၏ စည်းလုံးညီညွတ်မှု ပြယုဂ်ပင်ဖြစ်ပြီး အင်အားကြီးမားသည့်လက်နက်ကိုင်တပ်ဖွဲ့များလည်း ရှိခဲ့ကြကြောင်း၊ ပတ်ဝန်းကျင်ဒေသများရှိ ခေတ်ပြိုင်နိုင်ငံများနှင့်အပြိုင် စည်ပင်သာယာ ထွန်းကားခဲ့ကြောင်း။

**လွတ်လပ်ရေးဆုံးရှုံးခဲ့ရ**

သို့သော် ၁၈၂၄-၁၈၂၆ ခုနှစ်တွင် ပထမ အင်္ဂလိပ် - မြန်မာစစ်ဖြစ်ပွားခဲ့ရာ ရခိုင်၊ အာသံ၊ မဏိပူရနှင့် တနင်္သာရီနယ်မြေများကို လက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယ အင်္ဂလိပ် - မြန်မာစစ်ဖြစ်ပွားခဲ့ရာ ပဲခူးအပါအဝင် မြန်မာနိုင်ငံအောက်ပိုင်းကို ဆုံးရှုံးခဲ့ရကြောင်း၊ ၁၈၈၅ ခုနှစ်တွင် တတိယ အင်္ဂလိပ်- မြန်မာစစ်ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံး သူ့ကျွန်ဘဝကျရောက်ကာ လွတ်လပ်ရေးဆုံးရှုံးခဲ့ရကြောင်း။

ပြည်သူများ စည်းလုံးညီညွတ်မှုရှိပြီး စနစ်တကျဖွဲ့စည်းထားသည့် ခေတ်မီတပ်မတော်ရှိလျှင် နိုင်ငံအင်အားတောင့်တင်းကြောင်း၊ ပြည်သူအချင်းချင်း၊ မင်းညီမင်းသား အချင်းချင်း ညီညွတ်မှုမရှိဘဲ ပြည်ပအားကိုးပြီး သူတစ်လူငါတစ်မင်းဖြစ်သည့် အချိန်ကာလမျိုးတွင် လွတ်လပ်ရေးဆုံးရှုံးခဲ့ရကြောင်း၊ သမိုင်းသင်ခန်းစာများပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးဆုံးရှုံးရသည့် ခါးသီးသောအတွေ့အကြုံများကို မျိုးဆက်သစ်လူငယ်များ သိရှိနိုင်ရေးသည် အရေးကြီးကြောင်း၊ မြန်မာ့သမိုင်းကြောင်းများကို အမြဲဖော်ထုတ်ပေးရန် လိုအပ်ကြောင်း၊ အနှစ်သာရရှိသည့် လွတ်လပ်ရေးနေ့အခမ်းအနားကို နိုင်ငံတော်အဆင့် အနှစ်သာရပြည့်ဝစွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လွတ်လပ်ရေးဆုံးရှုံးခဲ့သည့်ကာလမှစ၍ လွတ်လပ်ရေးပြန်ရသည်အထိ အသက်သွေး၊ ချွေး မြောက်မြားစွာပေးဆပ်ခဲ့ရသည့် သမိုင်းကြောင်းများကိုလည်း ဖော်ထုတ်ပေးနိုင်မှသာ နောင်လာမည့် မျိုးဆက်သစ်များအနေဖြင့် လွတ်လပ်ရေး၏အနှစ်သာရ၊ ကိုယ်ပိုင်အသိစိတ်ဓာတ်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လွတ်လပ်စွာစီမံဆောင်ရွက်နိုင်သည့် အခြေအနေများကိုလည်း သိရှိနိုင်ရန်လိုအပ်ကြောင်း။

**မျိုးဆက်သစ်များသိရှိရန် လိုအပ်**

(၇၄)နှစ်မြောက်တိုင်ပြီဖြစ်သော လွတ်လပ်ရေးနေ့အခါကာလအတွက် အမျိုးသားခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက နယ်ချဲ့တို့ကို လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည့်အချိန်မှစ၍ ဒေသအလိုက် တော်လှန်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းချိန်တွင် အခက်အခဲမျိုးစုံကြုံတွေ့ခဲ့ရသကဲ့သို့ ရွှေရည်စိမ်လွတ်လပ်ရေးမျိုးကိုလည်း ရရှိခဲ့ကြောင်း၊ လွတ်လပ်ရေးနှင့်ပတ်သက်၍ အသက်သွေး၊ ချွေး မြောက်မြားစွာ ပေးဆပ်ရယူခဲ့ရကြောင်း၊ လွတ်လပ်ရေးရယူခဲ့သည့် သမိုင်းကြောင်းများကို နောင်လာမည့် မျိုးဆက်သစ်များသိရှိရန် လိုအပ်ကြောင်း၊ ထိုသို့သိရှိနိုင်ရန် အသိပညာပေးရမည့် သက်ဆိုင်ရာကော်မတီများအနေဖြင့် အသိပညာဖြန့်ဝေပေးနိုင်ရန် လိုအပ်ကြောင်း၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးဆုံးရှုံးခဲ့ရမှု၊ လွတ်လပ်ရေး ပြန်လည်ရရှိရန် ကြိုးပမ်းခဲ့မှုများနှင့် ပတ်သက်၍ စာစီစာကုံး၊ ကျပန်းစကားပြောပွဲ စသည့် ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်များအတွက် ပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်းဖြင့် သမိုင်းကြောင်းအစဉ်အလာများကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း။

**မေ့ပျောက်၍မရသည့် သမိုင်းကြောင်း**

မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် ခေတ်အဆက်ဆက်ရှိ တိုင်းရင်းသားခေါင်းဆောင်အသီးသီးတို့က အမျိုးဂုဏ် ဇာတိဂုဏ်မပျက်စေရန် မျိုးချစ်စိတ်ဓာတ်ရှိသူများ၊ နိုင်ငံချစ်စိတ်ရှိသူများက တိုင်းရင်းသားပြည်သူများနှင့် ပေါင်းစည်း၍ လွတ်လပ်ရေးကို မရရသည့်နည်းဖြင့် ရယူခဲ့ရခြင်းဖြစ်ကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့က စစ်ပညာများကို ဂျပန်နိုင်ငံတွင် အပင်ပန်းအဆင်းရဲခံကာ သင်ကြားခဲ့ပြီး ၎င်းစစ်ပညာများနှင့်အတူ တိုင်းပြည်လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ခဲ့သည်မှာ မေ့ပျောက်၍မရသည့် သမိုင်းကြောင်းဖြစ်ကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ရရှိခဲ့သည့်လွတ်လပ်ရေးကို မည်သို့မျှ ဆုံးရှုံးမှုမရှိစေရေး ဒို့တာဝန်အရေးသုံးပါးနှင့်အညီ အနှစ်သာရရှိသည့် နိုင်ငံတော်အဆင့် လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ် ကျင်းပခြင်းဖြစ်ကြောင်း။

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပနိုင်ရန် ဆပ်ကော်မတီ ၁၀ ခု ဖွဲ့စည်းထားသော်လည်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ရောဂါကူးစက်မှုနှုန်းများ လျော့ကျမှုအခြေအနေများကို ချိန်ဆဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်သော ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း စီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေအပေါ်မူတည်၍ စီစဉ်ဆောင်ရွက်မှုများ ခွဲခြားဆောင်ရွက်ထားရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းနှင့်အညီ ဖိတ်ကြားနိုင်မည့်အင်အားများကို ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန်လိုကြောင်းနှင့် နိုင်ငံတော်အင်အားရှိမှု၊ ပြည်သူအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိမှု ၊ စနစ်တကျ ဖွဲ့စည်းထားသော ခေတ်မီတပ်မတော်ရှိမှု စသည့်အချက်များ ပြည့်စုံမှသာ မိမိတို့နိုင်ငံတော်ကြီး တိုးတက်စည်ပင်ဖွံ့ဖြိုးလာမည်ကို မျိုးဆက်သစ်လူငယ်များ သိရှိရန်လိုကြောင်း၊ လွတ်လပ်ရေးဆုံးရှုံးသည့်အခါတွင် သွေး၊ ချွေး အသက်ပေါင်းများစွာ ပေးဆပ်ရယူခဲ့ရမှု၊ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင်လည်း လွတ်လပ်ရေးမဆုံးရှုံးရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်း သိရှိစေရန် အသိပညာပေးဆွေးနွေးပွဲများ၊ ရုပ်မြင်သံကြား ထုတ်လွှင့်မှုများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ မျိုးချစ်စိတ်ထက်သန်စေသည့် ဇာတ်လမ်းများ၊ သမိုင်းဝင်တေးသီချင်းများ၊ ထုတ်လွှင့်ဖော်ပြသွားရန်လိုပြီး လွတ်လပ်ရေးသမိုင်းကြောင်း၊ မြန်မာနိုင်ငံသမိုင်းကြောင်းတို့ကိုလည်း အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ရေဒီယို Talk Show ဆွေးနွေးခြင်း၊ ဆွေးနွေးချက်များကိုလည်း ဆောင်းပါးများအဖြစ် ထည့်သွင်းဖော်ပြသွားခြင်း ပြုလုပ်ရန်လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ဌာနဆိုင်ရာ အကြီးအကဲများအနေဖြင့် မိမိဌာနအလိုက် ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းတာဝန်များအလိုက် ဝိုင်းဝန်းဖြည့်စွက် ဆွေးနွေးသွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် ဖွဲ့စည်းမှုများ၊ လုပ်ငန်းတာဝန်များနှင့် (၇၄) နှစ်မြောက်လွတ်လပ်ရေးနေ့ အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များကို အသီးသီး ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူးက ယခင်နှစ်က ကျင်းပပြုလုပ်ခဲ့သော လွတ်လပ်ရေးနေ့တွင် ဆပ်ကော်မတီများအလိုက် သုံးစွဲခဲ့ကြသည့် အမှန်အသုံးစရိတ်စာရင်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရန် ကြိုးပမ်းအားထုတ်နေသည့်အချိန်တွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်များ၏ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ရရှိရန် မျှော်လင့်

**နေပြည်တော် အောက်တိုဘာ ၁၂**

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဆင့်မြင့် အစည်းအဝေးကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့၌ ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဗီဒီယိုဖြင့် မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားသည်။

### အလေးထားပြောကြား

ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စတင်တည်ထောင်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ်လည်းကောင်း၊ ဘန်ဒေါင်းကွန်ဖရင့်၌ ပူးတွဲပါဝင်ခဲ့သည့်နိုင်ငံများအနက် တစ်နိုင်ငံအဖြစ်လည်းကောင်း အစဉ်ဂုဏ်ယူလျက်ရှိပါကြောင်း၊ မိမိတို့လက်ရှိအစိုးရအနေဖြင့် မြန်မာနိုင်ငံ၌ ပုံမှန်အခြေအနေရှိပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တည့်မတ်စွာရောက်ရှိရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အလေးထားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်ကပ်ရောဂါကိုတိုက်ဖျက်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန်ကြိုးပမ်းနေကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်ကိုချမှတ်ခဲ့ပြီး ယခုနှစ်ကုန်တွင် လူဦးရေ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းထားကြောင်း၊ ထို့ကြောင့် ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မိတ်ဆွေနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားသည်။

### လက်တွဲဆောင်ရွက်သွားမည်

ပြည်ထောင်စုဝန်ကြီးက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့သည် နိုင်ငံစုံတစုတစည်းတည်းဖြင့် သီးခြားရပ်တည်နိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံအချင်းချင်းအကြား နားလည်မှုရှိမှုနှင့် လေးစားမှု၊ ဘက်မလိုက်မှုနှင့် နိုင်ငံရေးပယောဂကင်းရှင်းစေရန် စသည့်အခြေခံမူများကို ဆက်လက်ကျင့်သုံးရမည်ဖြစ်ကြောင်း၊ မိမိတို့၏ဘုံအကျိုးစီးပွားကာကွယ်ရန်နှင့် ဘုံစိန်ခေါ်မှုအခက်အခဲများကို တုံ့ပြန်ဖြေရှင်းရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်များနှင့် စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရန် ကြိုးပမ်းအားထုတ်နေသည့်အချိန်တွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်များ၏ ထောက်ခံမှု၊ နားလည်မှုနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ရရှိရန် မျှော်လင့်ကြောင်း အလေးထားပြောကြားခဲ့သည်။




အစည်းအဝေးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ဆားဘီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင် တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

■

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်နည်းပညာကို သုံးစွဲရာတွင် ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ရန် စိန်ခေါ်မှုများရှိနေ

**နေပြည်တော် အောက်တိုဘာ ၁၂**

(၁၄)ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန (ERIA) အုပ်ချုပ်မှုဘုတ်အဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ၏ အီးအာရ်အိုင်အေအုပ်ချုပ်မှုဘုတ်အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်သည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

### တက်ရောက်

အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန၊ စီးပွားရေးစီမံကိန်းနှင့် စာရင်းအင်းဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အီးအာရ်အိုင်အေ အုပ်ချုပ်မှုဘုတ်အဖွဲ့၏ဥက္ကဋ္ဌ Mrs. Hajah Mariah Haji Yahya က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်၍ အီးအာရ်အိုင်အေအုပ်ချုပ်မှုဘုတ်အဖွဲ့ဝင်များဖြစ်သည့် အာဆီယံနိုင်ငံများ၊ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်နိုင်ငံတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ကျွမ်းကျင်ပညာရှင်များ၊ အီးအာရ်အိုင်အေ အကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေး၌ သဘာပတိအဖြစ် ဆောင်ရွက်သော အီးအာရ်အိုင်အေ အုပ်ချုပ်မှုဘုတ်အဖွဲ့၏ဥက္ကဋ္ဌ Mrs. Hajah Mariah Haji Yahya၊ အီးအာရ်အိုင်အေ သုတေသနဌာန၏ President ဖြစ်သူ Professor Hidetoshi Nishimura နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dato Paduka Lim Jock Hoi တို့က အမှာစကားပြောကြားကြသည်။ အစည်းအဝေးတွင် အီးအာရ်အိုင်အေ အုပ်ချုပ်မှုဘုတ်အဖွဲ့၏ဥက္ကဋ္ဌအသစ်အဖြစ် ဖိလစ်ပိုင်နိုင်ငံ Ateneo Center for Economic Research and Development (ACERD)၏ အကြီးတန်းသုတေသနပညာရှင်နှင့် Ateneo de Manila University ၏ စီးပွားရေးပါမောက္ခ Professor Dr. Cielito F. Habito အား ရွေးချယ်ခဲ့သည်။

ဆက်လက်၍ အီးအာရ်အိုင်အေ၏ Chief Economist၊ Prof. Fukunari Kimura က ကိုဗစ်-၁၉ အလွန်ကာလတွင် ကမ္ဘာတစ်ဝန်းလုံးနှင့် ဒေသတွင်းစီးပွားရေးအပေါ် သက်ရောက်နိုင်သည့် အခြေအနေများကိုလည်းကောင်း၊ Senior Policy Fellow၊ Prof. Jun Arima က အရှေ့အာရှနိုင်ငံများအတွက် ဆောင်ရွက်သည့် စွမ်းအင်မူဝါဒဆိုင်ရာလေ့လာမှု လမ်းပြမြေပုံ(၂၀၂၀-၂၀၂၂)ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်နှင့် အီးအာရ်အိုင်အေအုပ်ချုပ်မှုဘုတ်အဖွဲ့ဝင်များက အနာဂတ်ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အီးအာရ်အိုင်အေက အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် သုတေသနအစီအစဉ်များကို အကြံပြုဆွေးနွေးသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဒေသတွင်းသာမက ကမ္ဘာ့စီးပွားရေးလုပ်ငန်းကဏ္ဍအသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာကို တွင်တွင်ကျယ်ကျယ်သုံးစွဲလျက်ရှိပါကြောင်း၊ သို့ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်နည်းပညာကို သုံးစွဲရာတွင် သတင်းအချက်အလက် လုံခြုံမှု၊ ယှဉ်ပြိုင်မှု၊ အွန်လိုင်းမှ ငွေပေးချေမှုတို့နှင့်စပ်လျဉ်း၍ ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ရန် စိန်ခေါ်မှုများရှိနေပါကြောင်း၊ အာဆီယံနှင့် အရှေ့အာရှနိုင်ငံများရှိ SMEs များအကြား နည်းပညာဆိုင်ရာ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို ERIA သုတေသနလုပ်ငန်းများနှင့် အချိတ်အဆက်မိမိ လုပ်ဆောင်သွားရန်လိုကြောင်း အကြံပြုပြောကြားသည်။

### အထောက်အပံ့ပေးနိုင်မည်ဟု ယုံကြည်

ထို့ပြင် ဒုတိယဝန်ကြီးက ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP)၏ အာဆီယံနိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ သုတေသနအဆင့်(၁) ပြုလုပ်မည့် အီးအာရ်အိုင်အေ၏ အဆိုပြုချက်ကို ထောက်ခံပါကြောင်း၊ စာချုပ်တွင် ဖွံ့ဖြိုးမှုအဆင့်မတူညီသည့် အဖွဲ့ဝင်နိုင်ငံများလည်း ပါဝင်သဖြင့် အဆိုပါ သုတေသနမှ ပေါ်ထွက်လာမည့် အကြံပြုချက်များက ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို အကောင်အထည်ဖော်မည့် အနာဂတ်လုပ်ငန်းအစီအစဉ် ရေးဆွဲရာတွင် အထောက်အပံ့ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီ ဖြန့်ဖြူးရောင်းချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀ နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်တို့အတွက် စားအုန်းဆီ ၇၀၅၉၄၀၂ ပိဿာ၊ တန်ချိန် ၁၁၅၃၅ တန်ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ်(၂ ရာခိုင်နှုန်း)ထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ပြီး စားသုံးသူပြည်သူများသို့ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်း ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ၀၁၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်အနုပညာရှင်များ၏ အနုပညာစွမ်းအားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသော ပြည်သူများ ပြုံးပျော်ရွှင်အောင် ဆောင်ရွက်ပေးရန် အချိန်ရောက်ရှိနေပြီ

**ရန်ကုန် အောက်တိုဘာ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ အနုပညာရှင်များ၊ TV, FM Broadcaster များနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရန်ကင်းမြို့နယ် အမှတ်(၁၅) မိုးကောင်းလမ်းရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းနှင့် မီဒီယာလုပ်ငန်း (မြဝတီ) (MWD Media Centre)တွင် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့် အညီ ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုလေ့လာကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များ မြဝတီ မီဒီယာစင်တာအတွင်း ကြည့်ရှုလေ့လာကြစဉ်။

## ပြည်သူ့အတွက် ဦးစားပေးဆောင်ရွက်နေ

ရှေးဦးစွာ မြဝတီမီဒီယာစင်တာရှိ Theatre ၌ ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နုပျိုသစ်လွင်သည့် တင်ဆက်မှုများကို အများပြည်သူဝန်ဆောင်မှုမီဒီယာပုံစံဖြင့် ပြည်သူ့အတွက် ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်အနုပညာရှင်များအနေဖြင့်လည်း အနုပညာစွမ်းအားကိုယ်စီဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသော ပြည်သူများ ပြုံးပျော်ရွှင်အောင် ဆောင်ရွက်ပေးရန် အချိန်ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်လာနိုင်မှုနှင့်အတူ အနုပညာလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ဖြေလျှော့ပေးခြင်း၊ ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် အနုပညာရှင်များကို လေးစားပြီး ပညာရှင်များအဖြစ် သတ်မှတ်ကာ လိုအပ်သည်များ ကူညီပံ့ပိုးပေးရန် မကြခဏ မှာကြားလေ့ရှိပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က မြဝတီမီဒီယာစင်တာကို အများပြည်သူအတွက် အနုပညာရှင်များက နိုင်ငံတကာအဆင့်မီ အဆင့်မြင့်စွာ ဖန်တီးထုတ်လုပ်တင်ဆက်နိုင်ရန် ၂၀၁၉ ခုနှစ်ကတည်းက စတင်ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အနုပညာအဆင့်အတန်းတစ်ခု ပိုမိုမြင့်တက်လာအောင် မြော်တွေးပြီး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြဝတီမီဒီယာစင်တာကို အစီအစဉ် ၁၈ ခုဖြင့် လိုက်လံရှင်းလင်းပြသမည်ဖြစ်ရာ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များနှင့် TV, FM Broadcaster များအနေဖြင့် မြဝတီမီဒီယာစင်တာကို အသုံးပြုပြီး အနုပညာလုပ်ငန်းများ ပိုမိုကောင်းမွန်အောင် ဖန်တီးထုတ်လုပ်နိုင်ရန် အသုံးပြုကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးက ယခုကဲ့သို့ စာပေ၊ ဂီတ၊ အနုပညာရှင်များအားလုံးနှင့် တစုတစည်းတည်းတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် နယ်မြေအေးချမ်းသာယာရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအပြင် စီးပွားရေးရာတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် အနုပညာရှင်များအနေဖြင့်လည်း အခက်အခဲများရှိပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အနုပညာရှင်များ ပါဝင်ဆောင်ရွက်ကြမည့် ပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် ပွဲမိန့်မှစ၍ ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အနုပညာရှင်များ၏ အခက်အခဲများကို ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းအားဖြင့် အနုပညာရှင်များအနေဖြင့် အနုပညာစွမ်းအားကို လွတ်လပ်စွာ ထုတ်ဖော်ပြသနိုင်ပြီး အများပြည်သူအတွက် ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှု ပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ မြဝတီသတင်းနှင့် မီဒီယာလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက မြဝတီမီဒီယာစင်တာတွင် အနုပညာလုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ရိုက်ကူးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြဝတီမီဒီယာစင်တာအကြောင်း Video Clip ကို ပြသသည်။

## ကြည့်ရှုလေ့လာ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသည့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များ၊ TV,FM Broadcaster များ စုစုပေါင်း အင်အား ၁၅၀ ခန့်နှင့်အတူ မြဝတီမီဒီယာစင်တာအတွင်းရှိ Theatre၊ Studio(1)၊ Studio(2)၊ Radio Studio၊ Sound Studio၊ Mini Studio၊ Cinema၊ News Studio၊ Talk Show Studio၊ Box Seat Room၊ CER Rooms၊ Music Studio၊ Control Room၊ Control 1&2၊ Indoor Studio၊ စာကြည့်တိုက်၊ Training Room၊ ရုံးခန်းများ၊ Ball Room၊ Open Terrence၊ Meeting Room တို့တွင် သရုပ်ပြသမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မြဝတီမီဒီယာစင်တာကို ပြည်သူလူထု ယုံကြည်အားထားရသည့် မီဒီယာလုပ်ငန်းကြီးအဖြစ် မီဒီယာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် မီဒီယာအခန်းကဏ္ဍကို နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် မေ ၂ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြဝတီစင်တာတွင် 4K အရည်အသွေးဖြင့် 3D ပြသနိုင်သည့် လူ ၂၀၀ ဆံ့ ရုပ်ရှင်ရုံ၊ ကြီးမားသော LED Projectorများ ပါဝင်သည့် လူ ၃၀၀ ဆံ့ ကဇာတ်ရုံ၊ ဖျော်ဖြေရေး အစီအစဉ်များ၊ သီချင်းဆိုပြိုင်ပွဲများ၊ Game Show များ၊ Model Show ပြိုင်ပွဲများ ပြုလုပ်နိုင်သည့် စတိတ်စင်၏ နောက်ခံဒီဇိုင်းများ၊ လိုအပ်သလို ပြောင်းလဲအသုံးပြုနိုင်သည့် TV Studio အခန်းများ၊ Mini Studio ခန်းများ၊ News Studio များ၊ Music Studioများ၊ သင်တန်းခန်းမများ၊ စီးပွားရေးဆိုင်ရာ ရုံးခန်းများပါရှိပြီး နယ်ပယ်စုံမှ အနုပညာသမားများနှင့် မီဒီယာလုပ်ငန်းလုပ်ကိုင်သူများကို တစ်နေရာတည်းတွင် အဆင့်မြင့် နည်းပညာသုံး အသံဖမ်းစတူဒီယိုများ၊ ရိုက်ကူးထုတ်လွှင့်တင်ဆက်မှုများဖြင့် ဆောင်ရွက်နိုင်အောင် ဝန်ဆောင်မှုပေးနိုင်ကြောင်း၊ မြဝတီမီဒီယာစင်တာရှိ Studio များ အားလုံး၏ ရိုက်ကူးတင်ဆက်မှုများကို TV Channel များတွင် တိုက်ရိုက်(Live) ထုတ်လွှင့်နိုင်သကဲ့သို့ Online Media အမျိုးအစားပေါင်း ၂၀၀ ကျော်တွင်လည်း တစ်ပြိုင်တည်း Live Streaming ထုတ်လွှင့်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ရှိ အသက်၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများကို ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်းတို့နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးကြသည်။



ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို အားပေးကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကာကွယ်ဆေးထိုးခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်များဖြစ်သည့် ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ယူခွင့် အခွင့်အလမ်းများ ရရှိလာစေမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာတွင်လည်း ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက် အခက်အခဲများရှိပါက အမြန်ဆုံး ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကာကွယ်ဆေးမထိုးမီ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရယူခြင်း၊ ကျောင်းသား ကျောင်းသူများ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ရောဂါအခံ ရှိ၊ မရှိ မေးမြန်းခြင်းနှင့် ကာကွယ်ဆေးထိုးပြီးပါက ကျန်းမာရေးအတွက် ကာကွယ်နေထိုင်ရမည့် အစီအစဉ်များကို ပြောကြားဆောင်ရွက်ပေးကြပြီး ကာကွယ်ဆေးထိုးနှံပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ ဥတ္တရသီရိမြို့နယ် မင်းကုန်း အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း သွားရောက်၍ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများအား သွားရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိမြို့နယ် ရှစ်မြို့နယ်တွင် အသက် ၁၂ နှစ်ပြည့်ပြီးသည့် အလယ်တန်းနှင့် အထက်တန်း ကျောင်းသားကျောင်းသူ စုစုပေါင်း ၈၃၉၆၉ ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနလက်အောက်ရှိမြန်မာတစ်နိုင်ငံလုံးမှ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများတွင် ပညာသင်ယူနေသူကျောင်းသား ကျောင်းသူအားလုံးကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စနစ်တကျ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်ဒေါ်လာအပါအဝင် နိုင်ငံခြားငွေကိုင်ဆောင်ခွင့်အပေါ် လေ့လာတွေ့ရှိသမျှ

သုန္ဒရ



နိုင်ငံတကာတွင် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များသည် ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါ ကူးစက်မှုဒဏ်ကို အလူးအလဲခံကြရသည့် အညံ့နှစ်များဖြစ်သည်။ မိမိတို့နိုင်ငံတွင်လည်း ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းနှင့် တတိယလှိုင်းကူးစက်မှုဒဏ်ကို ခံစားခဲ့ရပေသည်။

ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံပေါင်း ၂၂၃ နိုင်ငံ၏ လူဦးရေ ၂၃၈ သန်းကျော်တွင် ရောဂါကူးစက်ခံရသည့်အနက် ၄ ဒသမ ၈၆ သန်း သေဆုံးခဲ့ပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် နိုင်ငံအများစု စီးပွားရေးကျဆင်းခဲ့ပြီး ကမ္ဘာ့ပေါင်းစုံထိခိုက်ခဲ့ကာ နိုင်ငံတကာကုန်သွယ်မှု လုပ်ငန်းများ ကျဆင်းခဲ့ခြင်းနှင့်အတူ မြန်မာ့ပို့ကုန် လုပ်ငန်းများမှာလည်း လိုက်ပါ၍ ကျဆင်းခဲ့ပေသည်။ နယ်စပ်ကုန်သွယ်ရေးတွင်လည်း အိမ်နီးချင်းကုန်သွယ်ဖက်နိုင်ငံများ၌ ကပ်ရောဂါကို ခံစားရသဖြင့် သက်ဆိုင်ရာအစိုးရများက ၎င်းတို့နိုင်ငံသားများ အကျိုးအတွက် နယ်စပ်ဂိတ်များ အဖွင့်/အပိတ်ကို လိုသလိုပြုလုပ်နေခြင်းကြောင့် နယ်စပ်ကုန်သွယ်မှုပါ လျော့နည်းကျဆင်းခဲ့ပေသည်။ ကုန်သွယ်မှုလုပ်ငန်းများ ကျဆင်းခဲ့ခြင်းကြောင့် ပြည်ပပို့ကုန်ဝင်ငွေ (Export Earning) ရရှိမှုလည်း လျော့နည်းခဲ့ပေသည်။

ပြည်ပပို့ကုန်ဝင်ငွေ (Export Earning)ရရှိမှုလျော့နည်းနေသော်လည်း အများပြည်သူအတွက် မရှိမဖြစ်လိုအပ်သည့် စက်သုံးဆီ၊ စားအုန်းဆီ၊ ဓာတ်မြေဩဇာ၊ သာမန်ရောဂါကုဆေးနှင့် ဆေးပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းများကိုလည်း ပြည်ပမှ တင်သွင်းနေရသေးရာ ပြည်ပပို့ကုန်ဝင်ငွေ (Export Earning) လိုအပ်ချက်ရှိခဲ့သဖြင့် နိုင်ငံတော်၏အစီအမံဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဈေးကွက်အတွင်းသို့ Export Earning နှင့် အမေရိကန်ဒေါ်လာ(ငွေသား) ဖြည့်တင်းရောင်းချပေးခဲ့သည့်အပြင် စည်းမျဉ်းစည်းကမ်းအချို့ကို ပြင်ဆင်ထုတ်ပြန်ပေးခဲ့ပါသည်။

**အမေရိကန်ဒေါ်လာငွေလဲနှုန်း မြင့်တက်ခဲ့ခြင်းကြောင့် Export Earning ငွေလဲနှုန်းမြင့်တက်ကာ သွင်းကုန်ပစ္စည်းများ၏ ဈေးနှုန်းများလည်း လိုက်ပါမြင့်တက်ခဲ့ရပေသည်။ လက်လုပ်လက်စား အခြေခံလူတန်းစား ပြည်သူများအတွက် မလိုအပ်ဘဲ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံခဲ့ရပေသည်။ အမေရိကန်ဒေါ်လာ(ငွေသား)ကို ဝယ်ယူစုဆောင်းသူများမှာလည်း ၎င်းတို့ကိုယ်တိုင်ပင် အခြေခံပြည်သူများအတိုင်း ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ထပ်တူခံစားရမည်မှာ မလွဲကေန်ဖြစ်**

## မြင့်တက်သွား

Export Earning လိုအပ်ချက်လျော့ပါးစေရန် အများပြည်သူအတွက် အမှန်တကယ် မလိုအပ်သည့် ကုန်စည်များ တင်သွင်းမှုကိုလည်း ယာယီပိတ်ပင်ခဲ့ပါသည်။ ထိုသို့ပို့ကုန်ဝင်ငွေလိုအပ်နေစဉ် မသမာသူများ၏ ကောလာဟလသတင်းအမျိုးမျိုး ထုတ်လွှင့်မှုနှင့် သွေးထိုးလှုံ့ဆော်မှုများကြောင့် ဘဏ်များ၌ ငွေစုထားသူများမှာ စိုးရိမ်စိတ်ဖြင့် ငွေများကို ထုတ်ယူကာ ပြင်ပဈေးကွက်တွင် အမေရိကန်ဒေါ်လာ ငွေသားကို ဝယ်ယူ စုဆောင်းလာကြသဖြင့် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းမှာ မြင့်တက်သွားပေသည်။

မိမိတို့နိုင်ငံမှာ ကုန်ထုတ်လုပ်သည့်နိုင်ငံမဟုတ်သေးသည့် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်ပင်ရှိသေး၍ အခြေခံပြည်သူများအတွက် လိုအပ်သည့် စားသုံးကုန်နှင့် လူသုံးကုန်များကို ကုန်ထုတ်လုပ်သည့်နိုင်ငံများမှ တင်သွင်းနေရပေသည်။ လိုအပ်သည့် ကုန်စည်များကို ပြည်ပပို့ကုန်ဝင်ငွေ (Export Earning)ဖြင့် ဝယ်ယူတင်သွင်းရသည်ဖြစ်ရာ **အမေရိကန်ဒေါ်လာငွေလဲနှုန်း မြင့်တက်ခဲ့ခြင်းကြောင့် Export Earning ငွေလဲနှုန်းမြင့်တက်ကာ သွင်းကုန်ပစ္စည်းများ၏ ဈေးနှုန်းများလည်း လိုက်ပါမြင့်တက်ခဲ့ရပေသည်။ လက်လုပ်လက်စား အခြေခံလူတန်းစား ပြည်သူများအတွက် မလိုအပ်ဘဲ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံခဲ့ရပေသည်။ အမေရိကန်ဒေါ်လာ(ငွေသား)ကို ဝယ်ယူစုဆောင်းသူများမှာလည်း ၎င်းတို့ကိုယ်တိုင်ပင် အခြေခံပြည်သူများအတိုင်း ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ထပ်တူခံစားရမည်မှာ မလွဲကေန်ဖြစ်သည်။**

## အရေးယူခဲ့ရမှုများလည်းရှိခဲ့

နိုင်ငံခြားငွေကိုင်ဆောင်ရောင်းဝယ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ၁၉၄၇ ခုနှစ်က နိုင်ငံခြား ငွေလဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းကျင့်သုံးခဲ့ပေသည်။ ယင်းအက်ဥပဒေအရ နိုင်ငံခြားငွေကို ခွင့်ပြုချက်မရှိဘဲ ဝယ်ယူခြင်း၊ ရောင်းဝယ်ခြင်း၊ ချေးယူခြင်း၊ ချေးငှားခြင်း၊ လဲလှယ်ခြင်းတို့နှင့် ပတ်သက်၍ တားမြစ်ချက်နှင့် စည်းမျဉ်းများ သတ်မှတ်ထားပြီး ဥပဒေပါ တားမြစ်ချက်များနှင့် စည်းမျဉ်းများကို ဖောက်ဖျက်သဖြင့် ယခင်ကသက်ဆိုင်ရာမှ အရေးယူခဲ့ရမှုများလည်း ရှိခဲ့ပေသည်။

၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေကို ဖျက်သိမ်းပြီး နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြန်လည်ပြဋ္ဌာန်းခဲ့ပါသည်။ အသစ်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၄ တွင် နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၄၀ (သို့မဟုတ်) ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အရေးယူမည့်ပြစ်ဒဏ်ကို ဖော်ပြထားပါသည်။ ပုဒ်မ ၄၁ မှာမူ နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမည်သူမဆို ယင်းဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်များကို ဖောက်ဖျက်ခြင်းမပြုရဟု ဖော်ပြထားပါသည်။ ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူကိုသာ တားမြစ်ချက် ဖောက်ဖျက်ပါက အရေးယူမည့်သဘောသက်ရောက်နေခဲ့ပါသည်။

## ခြောက်လအတွင်း ကိုင်ဆောင်ခွင့်ရှိ

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းကို ထုတ်ပြန်ခဲ့ပြီး အဆိုပါစည်းမျဉ်းအပိုဒ် ၁၅ အရ ပြည်သူတစ်ဦးချင်းသည် တရားဝင်နည်းလမ်းဖြင့် ရရှိသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ အထိ (သို့မဟုတ်) ယင်းနှင့်ညီမျှသည့် ငွေထက်မပိုသော နိုင်ငံခြားငွေများကို ခြောက်လအတွင်း ကိုင်ဆောင်ခွင့်ရှိပြီး ခြောက်လကျော်သည်အထိ အသုံးမပြုဘဲရှိနေသည့် နိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူထံ ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချလဲလှယ်ခြင်း သို့မဟုတ် ဘဏ်စာရင်းသို့ထည့်သွင်းရမည် ဖြစ်သည်၊ ဆိုလိုချက်မှာ တရားဝင်ရရှိသော အမေရိကန်ဒေါ်လာ ၁၀၀၀၀ အထိနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့်ညီမျှသည့် နိုင်ငံခြားငွေကိုသာ ခြောက်လအတွင်း ကိုင်ဆောင်ခွင့်ရှိခြင်းဖြစ်ပါသည်။ တရားမဝင်ရရှိသည့် အမေရိကန်ဒေါ်လာနှင့် နိုင်ငံခြားငွေကို ကိုင်ဆောင်ခွင့်ပြုခြင်း မဟုတ်ပေ။ သို့ရာတွင် အမေရိကန်ဒေါ်လာနှင့် နိုင်ငံခြားငွေများကို သတ်မှတ်စည်းမျဉ်းနှင့်အညီ ကိုင်ဆောင်အရောင်းအဝယ် ပြုလုပ်သူများရှိသကဲ့သို့ သတ်မှတ်စည်းမျဉ်းများကို ကျော်လွန်၍ တရားမဝင်ကိုင်ဆောင် အရောင်းအဝယ် ပြုလုပ်မှုများ၊ ဝယ်ယူစုဆောင်း ဈေးကစားမှုများလည်း ရှိလာခဲ့ပါသည်။

## ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ပြင်ဆင်သည့်ဥပဒေ၏ အနှစ်ချုပ်မှာ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် "နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို" ဟူသည့်စကားရပ်အစား "မည်သူမဆို" ဆိုသည့် စကားရပ်ကို အစားထိုးခဲ့သဖြင့် နိုင်ငံခြားသုံးငွေနှင့် ပတ်သက်၍ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သူမည်သူမဆို ဥပဒေအရ အရေးယူခံရမည့်သဘောဖြစ်ပေသည်။

အခြေခံလူတန်းစား ပြည်သူများ ထိခိုက်နစ်နာမှုကိုမျက်ကွယ်ပြု၍ မိမိကိုယ်ကျိုးစီးပွားအတွက် အမေရိကန်ဒေါ်လာ (ငွေသား)ကို ဝယ်ယူစုဆောင်းသူများ၊ ရောင်းဝယ်ဈေးကစားသူများအနေဖြင့် သတိထား၍ လုပ်ကိုင်ရတော့မည်ဖြစ်ပေသည်။ အကယ်၍ တားမြစ်ချက်ဖောက်ဖျက်ပါက မိမိတို့၏ ပိုင်ဆိုင်မှု အကျိုးစီးပွားများ ဆုံးရှုံးနိုင်သည့်အပြင် အရေးယူခြင်းကိုပါ ခံရနိုင်ကြောင်း လေ့လာတွေ့ရှိသမျှကို ပြန်လည်မျှဝေလိုက်ရပေသည်။ ။

**အခြေခံလူတန်းစားပြည်သူများ ထိခိုက်နစ်နာမှုကို မျက်ကွယ်ပြု၍ မိမိကိုယ်ကျိုးစီးပွားအတွက် အမေရိကန်ဒေါ်လာ (ငွေသား)ကိုဝယ်ယူစုဆောင်းသူများ၊ ရောင်းဝယ်ဈေးကစားသူများအနေဖြင့် သတိထား၍ လုပ်ကိုင်ရတော့မည်ဖြစ်ပေသည်။ အကယ်၍ တားမြစ်ချက် ဖောက်ဖျက်ပါက မိမိတို့၏ပိုင်ဆိုင်မှု အကျိုးစီးပွားများ ဆုံးရှုံးနိုင်သည့် အပြင် အရေးယူခြင်းကိုပါ ခံရနိုင်**

# ဂီတလောကသားများ၏ အကျိုးစီးပွားများ ဖော်ဆောင်ရေး၊ ဂီတလောက တိုးတက်ထွန်းကားရေး၊ ရုပ်ရှင်ဇာတ်ကားများ ပြန်လည်ပြသဆောင်ရွက်နိုင်မည့်အခြေအနေများ ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ယာယီအမှုဆောင်အဖွဲ့ဝင်များနှင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ တွေ့ဆုံပြီး ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဂီတအနုပညာရှင်များအနေဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ဂီတစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အနုပညာလုပ်ငန်းဆောင်ရွက်နေသူများကို “ပညာရှင်”အဖြစ် သတ်မှတ်အလေးထားသကဲ့သို့ လိုအပ်သည်များကူညီပံ့ပိုး ဆောင်ရွက်ပေးရန် မကြာခဏမှာကြားလေ့ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသောပြည်သူများ အပန်းပြေစေရန်နှင့် ပျော်ရွှင်တက်ကြွလာစေရန်အတွက် အနုပညာရှင်များက ဖျော်ဖြေရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**ခွင့်ပြုပေးလျက်ရှိ**

ယခုအခါ ကိုဗစ် - ၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်လာနိုင်မှုနှင့်အတူ ကိုဗစ်-၁၉ကပ်ရောဂါ ကာကွယ်ရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖျော်ဖြေရေးလုပ်ငန်းများကို ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ အမှုဆောင်အဖွဲ့မှာ သက်တမ်း ပြီးမြောက်ခဲ့ပြီဖြစ်သော်လည်း အခြေအနေအရ အမှုဆောင်အဖွဲ့သစ်တစ်ရပ် ရွေးကောက်တင်မြှောက် ဖွဲ့စည်းနိုင်ခြင်း မရှိသေးသည့်ကာလအတွင်း ယာယီအမှုဆောင်အဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ယာယီအမှုဆောင်အဖွဲ့အနေဖြင့် သင်းဖွဲ့စည်းမျဉ်းတစ်ရပ်ရေးဆွဲပြီး ဂီတလောကသားများ၏ အတည်ပြုချက် ရယူနိုင်ရန်၊ အဆိုပါ သင်းဖွဲ့စည်းမျဉ်းနှင့်အညီ ဂီတလောကသားများအားလုံး ပါဝင်သည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပပြီး အမှုဆောင်အဖွဲ့အား ဖွဲ့စည်းကာ တာဝန်လွှဲပြောင်း/ပေးအပ်နိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နေသည့်ကာလအတွင်း ဂီတလောကသားများ၏ အကျိုးစီးပွားများ ဖော်ဆောင်ရေး၊ ဂီတလောက တိုးတက်ထွန်းကားရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မိတ်ဖက်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ လိုအပ်သည်များ ပူးပေါင်းကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ယာယီအမှုဆောင်အဖွဲ့မှ နာယကကြီးများနှင့် အဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ဆောင်ရွက်သွားမည်**

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ကို ၁၉၆၃ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် “မြန်မာနိုင်ငံ ဂီတကောင်စီ” အမည်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် “မြန်မာနိုင်ငံဂီတကောင်စီ စည်းရုံးရေးကော်မတီ” အမည်ဖြင့် ပြောင်းလဲခဲ့ရာမှ ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အမည်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ အမှုဆောင်အဖွဲ့မှာ သက်တမ်းပြီးမြောက်ခဲ့ပြီဖြစ်သော်လည်း အမှုဆောင်အဖွဲ့သစ်တစ်ရပ် ရွေးကောက်တင်မြှောက် ဖွဲ့စည်းနိုင်ခြင်း မရှိသေးသည့်ကာလအတွင်း ယာယီအမှုဆောင်အဖွဲ့အား ဖွဲ့စည်းပြီး ဂီတလောကသားများ၏ အကျိုးစီးပွားများ ဖော်ဆောင်ရေး၊ ဂီတလောက တိုးတက်ထွန်းကားရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆွေးနွေးညှိနှိုင်း**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ ရောက်ရှိပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အနုပညာလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ဇာတ်ကားများ ပြန်လည်ပြသဆောင်ရွက်နိုင်မည့်အခြေအနေနှင့် ရုပ်ရှင်လောကသားများ ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသော Russian Energy Week International Forum (REW 2021)သို့ တက်ရောက်ရန် မော်စကိုမြို့၌ ရောက်ရှိနေသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၁ ရက်တွင် ORGRES ကုမ္ပဏီနှင့် ရုရှားကုန်သည်ကြီးများအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ၌ ရုရှားနိုင်ငံမှ ရေအားလျှပ်စစ်နှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လိုသော ORGRES ကုမ္ပဏီမှ Mr. Alexander Nazarov နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုရှားကုန်သည်ကြီးများအသင်း၏ ဥက္ကဋ္ဌ Mr. Victor Nikolaevich Chemodanov နှင့် တွေ့ဆုံ၍ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး တင်ဒါဆိုင်ရာအချက်အလက်များရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်ကောင်စီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ခု ခြောက်လမီနီဘတ်ဂျက်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တင်ဒါဆိုင်ရာအချက်အလက်များ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ နေပြည်တော်ကောင်စီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးမျိုးက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးတင်မောင်အေးက ၂၀၂၁-၂၀၂၂ ခု ခြောက်လမီနီဘတ်ဂျက်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တင်ဒါတင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းရှင်ကုမ္ပဏီများမှ တင်ဒါလျှောက်လွှာတင်သွင်းခြင်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

ကိုပြည့်

# စိန်ရတနာ(ပဲပုပ်)မျိုးစေ့ထုတ် သမဝါယမအသင်း၏ အသင်းသားပြည်သူများထံသို့ ပံ့ပိုးချေးငွေများ ထုတ်ချေးပေး

**ရပ်စောက် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်သမဝါယမအသင်းစုမှ စိန်ရတနာ(ပဲပုပ်)မျိုးစေ့ထုတ် သမဝါယမအသင်းအား အရည်အသွေးမြင့်သီးနှံများ အချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ မျိုးစေ့ထုတ်စိုက်ဧက တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ပံ့ပိုးချေးငွေကျပ် ၃၇၂ သိန်းအား အသင်းသားပြည်သူများ လက်ဝယ်အရောက် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ချမှတ်ထားသည့် ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ ရှစ်လတာခရီးဖြတ်သန်းခဲ့ပြီ

**ကနောင်**

မိုးအကုန်ဆောင်းအကူး စက်တင်ဘာလသည် မြန်မာနိုင်ငံအတွက် ကမ္ဘာ့ကပ်ရောဂါတတိယလှိုင်းကို အောင်အောင်မြင်မြင်ကျော်ဖြတ်နိုင်ခဲ့သည့်လ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ အာဆီယံတို့နှင့် ပိုမိုနီးကပ်စွာဆက်ဆံဖြစ်သည့် ကာလတစ်ခုလည်း ဖြစ်ပါသည်။

ဦးစားပေးသတ်မှတ်ထားသည့်အုပ်စုများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု အားကောင်းသည့်လ၊ ကပ်ရောဂါအရှိန်ကျဆင်းလာသည်နှင့်အမျှ တိုင်းပြည်၏ တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုတို့ကို ပိုမိုအားပေး၍ စားနပ်ရိက္ခာဖူလုံစေရေး၊ ပြည်သူများ လုံခြုံငြိမ်းချမ်းရေးအတွက် အချိန်ပေးရသည့်ကာလတစ်ခုလည်း ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအတွက် စက်တင်ဘာလအတွင်း ဆောင်ရွက်ချက်များဟုဆိုလိုက်လျှင် ရေးသား၍ကုန်နိုင်မည်မဟုတ်ပါ။

ပြည်တွင်းမတည်မငြိမ်ဖြစ်အောင်၊ တိုင်းပြည်ဆူပူ၍ ပြည်သူများ အေးချမ်းလုံခြုံမှုမရှိအောင် အကြမ်းဖက်မည်သည့်အဖွဲ့အစည်းကမဆို သွေးထိုးနှောင့်ယှက်ပါစေ၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူ့ပူးပေါင်းမှုဖြင့် တစ်စတစ်စတည်ငြိမ်အေးချမ်းမှုအားကောင်းလာနေသည်က အထင်အရှားပင်ဖြစ်ပါသည်။ စက်တင်ဘာတစ်လတာအတွင်း နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်ဆောင်ရွက်ချက်များအတွင်းမှ အချို့ကို ကောက်နုတ်တင်ပြရမည်ဆိုလျှင် ...





ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ၃.၉.၂၀၂၁ ရက်ကကျင်းပသည့် International Army Games-2021 ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon(Division-2) ပါဝင်ယှဉ်ပြိုင်စဉ်။

**(ယမန်နေ့မှအဆက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် စက်တင်ဘာ ၁ ရက်မှ ၇ ရက်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည်။ ခရီးစဉ်အတွင်း International Army Games-2021 ပိတ်ပွဲအခမ်းအနား တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက်တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်းနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းတို့ ပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာ၊ သိပ္ပံနှင့်နည်းပညာ၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး၊ ယဉ်ကျေးမှုကဏ္ဍစသည်တို့တွင် ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို မြင်တွေ့ရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၃ ရက်က ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက စက်တင်ဘာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေ၊ လက်ရှိဆေးရုံများနှင့် စင်တာများတွင် ကုသပေးမှုနှင့် ကာကွယ်ဆေးများ ဒေသအသီးသီးသို့ အချိန်မီရောက်ရှိနိုင်ရေး၊ ကာကွယ်ဆေးမှာယူမှု၊ လှူဒါန်းမှုနှင့် ရရှိလာမည့် အခြေအနေ၊ ပြည်ပရောက်မြန်မာနိုင်ငံသားများအား ခေါ်ယူပေးမှုအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ မြို့နယ်ဒေသအလိုက် ဦးစားပေးအဆင့် သတ်မှတ်ထိုးနှံဆောင်ရွက်မှုနှင့် QR Code များဖြင့် မှတ်တမ်းပြုစုခြင်းအခြေအနေတို့ကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၃၀ ရက်က ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်း၊ အထက်တန်း အသက် (၁၂)နှစ်အထက် ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများအားလုံး ကာကွယ်ဆေး အပြည့်အဝထိုးနှံပေးရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘများပါ အပြန်အလှန်ယုံကြည်စိတ်ချစွာ ပညာသင်ကြားနိုင်တော့မည်ဖြစ်သည်။

**ဒေသတွင်းနိုင်ငံများနှင့် တက်ကြွစွာပူးပေါင်း**

စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် (၁၅) ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ (15th AMMTC) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ AMMTC ခေါင်းဆောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

(၁၁)ကြိမ်မြောက် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို စက်တင်ဘာ ၈ ရက်က ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့သည်။ အလားတူ ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပသည့် (၇၆) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် ဆက်စပ်ကျင်းပသည့် အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ် CRPH နှင့် NUG တို့မှ ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်လုပ်ရပ်များ ကို ရှုတ်ချသွားရန် အမေရိကန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းခဲ့ပြီး ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများတွင် ယင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ကိုယ်စားပြုလုပ်ဆောင်ချက်များသည် တရားဝင်မှုမရှိကြောင်းနှင့် လက်မခံနိုင်ကြောင်း ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် စက်တင်ဘာ ၈ ရက်က (၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၃၅) ကြိမ်မြောက် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲများ၊ စက်တင်ဘာ ၁၀ ရက်တွင် (၁၃)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ စက်တင်ဘာ ၁၃ ရက်က အာဆီယံစီးပွားရေးဝန်ကြီးများနှင့် တရုတ်၊ ကိုရီးယား၊ ဆွစ်ဇာလန် အပေါင်းသုံး စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေး၊ စက်တင်ဘာ ၁၄ ရက်က အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်တို့ အစည်းအဝေး၊ (၅) ကြိမ်မြောက် အာဆီယံ - ဟောင်ကောင် (တရုတ်) စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၈) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၇) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်ရေးကော်မရှင်နာတို့ အစည်းအဝေး၊ (၁၀) ကြိမ်မြောက် အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ စက်တင်ဘာ ၁၅ ရက်က အာဆီယံ-သြစတြေးလျ၊ နယူးဇီလန် စီးပွားရေးဝန်ကြီးများဆွေးနွေးပွဲ၊ (၂၇) ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများဆွေးနွေးပွဲ၊ ပထမအကြိမ် အာဆီယံ-ဗြိတိန် စီးပွားရေးဝန်ကြီးများဆွေးနွေးပွဲ၊ (၉) ကြိမ်မြောက် အရှေ့အာရှစီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့ကို တက်ရောက်ခဲ့ပြီး ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နိုင်ခဲ့သည်။

**စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပသည့် (၇၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံနှင့် ဆက်စပ်ကျင်းပသည့် အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ် CRPH နှင့် NUG တို့မှ ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချသွားရန် အမေရိကန်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအား တိုက်တွန်းခဲ့ပြီး ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများ တွင် ယင်းအဖွဲ့များမှကိုယ်စားလှယ်များ၏ ကိုယ်စားပြုလုပ်ဆောင်ချက်များသည် တရားဝင်မှုမရှိကြောင်းနှင့် လက်မခံနိုင်ကြောင်း ပြောကြားခဲ့**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် (၆) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ကို စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား စိုက်ပျိုးရေး အခြေခံတန်ဖိုးမြှင့် စားသောက် ကုန်ထုတ်လုပ်မှုအပါအဝင် စွမ်းအင်ကဏ္ဍ၊ အခြေခံ အဆောက်အအုံတည်ဆောက်ရေးကဏ္ဍ၊ စက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍ စသည့် ပူးပေါင်းဆောင်ရွက်သင့်သည့် ကိစ္စရပ်များအား သက်ဆိုင်ရာနိုင်ငံ၏ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် စက်တင်ဘာ ၂၀ ရက်က ကျင်းပသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီစေရန် အရှိန်မြှင့်တင်ဆောင်ရွက်ရေး အာဆီယံဝန်ကြီးများ ဆွေးနွေးပွဲသို့ တက်ရောက်၍ မိမိတို့နိုင်ငံအနေဖြင့် SDGs ရရှိအောင် အထူးအလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေး စီမံချက်များကို ရေးဆွဲပြီးအကောင်အထည်ဖော်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ (၅၄) ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ကော်မရှင်အစည်းအဝေး၊ (၃၃)ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေးများကို စက်တင်ဘာ ၁၄ ရက်က အွန်လိုင်းမှကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ပြီး (၄၈) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးမှူးရုံး ဘုတ်အဖွဲ့အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာအခွင့်အလမ်းများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌသည် စက်တင်ဘာ ၈ ရက်တွင် ကျင်းပသည့် အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့၏ မြန်မာနိုင်ငံ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအပေါ် အကဲဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံဆောင်ရွက်ချက်များ ဆွေးနွေးခြင်း အစည်းအဝေးနှင့် စက်တင်ဘာ ၁၆ ရက်က (၂၃) ကြိမ်မြောက် အာဆီယံငွေပေးချေမှုစနစ်ဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးတို့ကို တက်ရောက်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် စက်တင်ဘာ ၃၀ ရက်က ကျင်းပသည့် (၁၁) ကြိမ်မြောက် အာရှ-ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ်သို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့သည်။

အလားတူ စက်တင်ဘာ ၁၅ရက်က (၃၉) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ စက်တင်ဘာ ၁၆ ရက်က (၁၈) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး၊ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၂၆) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ စက်တင်ဘာ ၂၇ ရက်က တရုတ်-အာဆီယံအသက်မွေးဝမ်းကျောင်း ပညာရေးပြပွဲနှင့် ဖိုရမ်၊ စက်တင်ဘာ ၂၉ ရက်က အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးများသို့ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

တရားမဝင်အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ကိုယ်စားလှယ်များကို ထိတွေ့ဆောင်ရွက်ခြင်းနှင့် အားပေးအားမြှောက်ပြုခြင်းမှ ရှောင်ကြဉ်ရန် နိုင်ငံတကာအသိုက်အဝန်းကို တောင်းဆိုသည့် သတင်းထုတ်ပြန်ချက်အား နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ထို့အတူ စက်တင်ဘာ ၂၅ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ရာတွင် ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏(၄၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံအပေါ် ဆန့်ကျင်သည့် ဆွေးနွေးမှုသုံးခုကို မြန်မာနိုင်ငံမပါဝင်ဘဲ ကျင်းပခဲ့ခြင်း၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ချမှတ်ထားသည့် ဆုံးဖြတ်ချက်များနှင့် မမျှတသောလုပ်ပိုင်ခွင့်များ၊ ယင်းယန္တရားများသည် နိုင်ငံအတွင်း စိတ်ဝမ်းကွဲပြားမှုများနှင့် အထင်အမြင်လွဲမှားမှုများကိုသာ ဖြစ်ပေါ်စေကြောင်း၊ မြန်မာနိုင်ငံကရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန်အထောက်အကူမပြုကြောင်းနှင့် အဟန့်အတားပင်ဖြစ်စေကြောင်း၊ ယင်းသို့ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားသော ယန္တရားများ၏အစီရင်ခံစာများနှင့် ပြောကြားချက်များကို မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်ပယ်ချကြောင်း သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။


ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ လက်လီလက်ကားရောင်းချပေးနေသည်ကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့် ဆေးပစ္စည်းများ၊ သားငါးများကို လက်လီ၊ လက်ကား ရွှေ့လျားဈေးကားများဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ပြည်သူများ လွယ်လင့်တကူဝယ်ယူခွင့်ရရှိခဲ့သည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အထူးအစီအစဉ်အရ ဆန်အမျိုးအစားစုံကို စက်တင်ဘာလ ၁၄ ရက်မှ စတင်၍ရောင်းချပေးခဲ့ပြီး လူတစ်ဦးလျှင် ဆန်ငါးအိတ်အထိ ဝယ်ယူနိုင်ခဲ့သည်။ ထို့အတူ စားအုန်းဆီလက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ ဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းကို စက်တင်ဘာ ၂၀ ရက်တွင်စတင်ခဲ့ပြီး လက်လီအရောင်းဆိုင်များကို နှစ်ရာခိုင်နှုန်းထက်မပိုဘဲ ရောင်းချပေးနိုင်ခဲ့**

**ပြည်သူ့အတွက်မြန်မာ့တပ်မတော်**

International Army Games-2021 ပြိုင်ပွဲကြီးကို ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဩဂုတ် ၂၂ ရက်က ကျင်းပရာ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းကာ မြန်မာ့တပ်မတော်မှ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်စွမ်းရည်ပြိုင်ပွဲ၊ စစ်မြေပြင်ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ၊ လေကြောင်းချီတပ်စုများ စွမ်းရည်ပြိုင်ပွဲတို့အပြင် ဆက်စပ်ပြိုင်ပွဲဖြစ်သည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုအသီးသီးဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့သည် တင့်ကားမောင်းခြင်းနှင့် ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division-2) သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အုပ်စုပွဲစဉ်များကို အဆင့်ဆင့်ကျော်ဖြတ်ပြီး စက်တင်ဘာ ၃ ရက်က ဗိုလ်လုပွဲယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲဝင်ရှစ်သင်းအနက် တတိယဆုရရှိခဲ့သည်။ ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် Creative Competition ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ယဉ်ကျေးမှုတပ်ဖွဲ့ဝင်များ ပါဝင်ယှဉ်ပြိုင်ရာ ရိုးရာဝတ်စုံဖြင့် ဖျော်ဖြေတင်ဆက်မှုတွင် ပထမဆု၊ ရုရှားသီချင်းဖြင့် တစ်ဦးချင်းသီဆိုဖျော်ဖြေ တင်ဆက်ရာတွင် ဒုတိယဆု၊ နိုင်ငံ့ရိုးရာယဉ်ကျေးမှုကို ပေါ်လွင်ထင်ဟပ်အောင် ဖျော်ဖြေတင်ဆက်မှုတွင် ဒုတိယဆုတို့ကို ရရှိခဲ့ပြီး အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ မဲပေးရွေးချယ်ဆုတွင်လည်း တတိယဆုကို ဆွတ်ခူးရရှိခဲ့သည်။ မြန်မာ့တပ်မတော် ယဉ်ကျေးမှုတပ်ဖွဲ့ဝင်များသည် မြန်မာ့ရိုးရာတူရိယာများဖြင့် သီချင်းသီဆိုခြင်း၊ ကပြတင်ဆက်ခြင်းတို့ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့် မြန်မာ့အလှ၊ မြန်မာ့ဂီတတို့ကို ကမ္ဘာကသိအောင် စွမ်းဆောင်လိုက်ခြင်းပင် ဖြစ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို စက်တင်ဘာ ၂၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ ယင်းတွင် မကြာမီကျရောက်မည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်နိုင်ရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့်အုပ်ချုပ်မှု ဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်အထိ ငါးလကြာ ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း ဖော်ပြထားသည်။

**နိုင်ငံရေးပါတီများအား ဥပဒေနှင့်အညီစစ်ဆေး**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့်အညီ နိုင်ငံရေးပါတီများ၏ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ထားမှု ရှိ/ မရှိစစ်ဆေးခြင်းတို့ကို ဩဂုတ်လ ၂၃ ရက်မှ စက်တင်ဘာလ ၂၄ ရက်အထိ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။

**လူမှုဘဝများမြှင့်တင်ပေး**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့် ဆေးပစ္စည်းများ၊ သားငါးများကို လက်လီ၊ လက်ကား ရွှေ့လျားဈေးကားများဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ပြည်သူများ လွယ်လင့်တကူဝယ်ယူခွင့်ရရှိခဲ့သည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အထူးအစီအစဉ်အရ ဆန်အမျိုးအစားစုံကို စက်တင်ဘာလ ၁၄ ရက်မှစတင်၍ ရောင်းချပေးခဲ့ပြီး လူတစ်ဦးလျှင် ဆန်ငါးအိတ်အထိ ဝယ်ယူနိုင်ခဲ့သည်။ ထို့အတူ စားအုန်းဆီလက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ ဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းကို စက်တင်ဘာ ၂၀ ရက်တွင် စတင်ခဲ့ပြီး လက်လီအရောင်းဆိုင်များကို နှစ်ရာခိုင်နှုန်းထက်မပိုဘဲ ရောင်းချပေးနိုင်ခဲ့ရာ စက်တင်ဘာ ၃၀ ရက်အထိ စားအုန်းဆီတန်ချိန် ၅၈၂၉ တန်ခန့် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်းသိရှိရသည်။

စက်တင်ဘာ ၁ ရက်က အလုပ်သမားများ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်နှင့် အလုပ်အကိုင်ကျွမ်းကျင်မှု စံသတ်မှတ်မှု ညှိနှိုင်းဆွေးနွေးမှုများကို စက်မှုဝန်ကြီးဌာနတွင် ပြုလုပ်ခဲ့ပြီး ကျွမ်းကျင်လုပ်သားမွေးထုတ်ပေးရေးဆိုင်ရာ အစီအမံများ ချမှတ်ရေးဆွဲနိုင်ခဲ့သည်။ လူမှုဖူလုံရေးအဖွဲ့နှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူမှုဖူလုံရေး - ကဲဝဲလ်အထွေထွေရောဂါကုဆေးခန်းကို လှိုင်သာယာမြို့နယ်၌ စက်တင်ဘာ ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။ ထို့အတူ အလုပ်သမားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းလျက် အလုပ်ဌာန ၂၇၃၇ ခုမှ အာမခံအလုပ်သမား ၂၃၁၂၉၈ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီး ကျန်အလုပ်သမားများကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း စက်တင်ဘာ ၁၀ ရက်က သိရှိရသည်။

အခြေခံပညာနှင့် အဆင့်မြင့်ပညာတက္ကသိုလ်များ၊ ကောလိပ်များနှင့် သင်တန်းကျောင်းများကို ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ကြိုးပမ်းလျက်ရှိသည်ကိုလည်း စက်တင်ဘာ ၆ ရက်က မြင်တွေ့ရသည်။ ထို့အတူ အခြေခံပညာစာသင်ကျောင်းများရှိ လက်တွေ့ခန်းများတွင် စနစ်တကျသင်ယူမှုပြုနိုင်ရေး၊ စာကြည့်တိုက်နှင့် ကျောင်းသုံးပရိဘောဂများ ဖြည့်ဆည်းပေးရေး၊ ကျောင်းအားကစားရုံအပါအဝင် ကျန်းမာကြံ့ခိုင်ရေးအတွက် စီစဉ်ထားရှိရန်များကိုလည်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားပေးသည်ကိုလည်း မြင်တွေ့ရသည်။

(ဆက်လက်ဖော်ပြပါမည်)

# အောက်တိုဘာလဆန်းပိုင်းမှာ ရောဂါကူးစက်ခံရသူ ခုနစ်ရာခိုင်နှုန်းခန့်သာရှိတော့တာနဲ့ ဆေးရုံတက်ရောက်ရသူများစွာ လျော့နည်းသွားတာ လက်တွေ့ပါပဲ။ ဒါဟာအစိုးရတစ်ရပ်အနေနဲ့ ပြည်သူလူထုအပေါ်၊ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဘယ်လောက်ထိအလေးထားတယ်ဆိုတာ ဖော်ပြချက်ပါပဲ။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းအား ဂျပန်သတင်းမီဒီယာဖြစ်သည့် Mainichi Shimbun သတင်းစာက အောက်တိုဘာ ၅ ရက်တွင် ဆက်သွယ်မေးမြန်းခဲ့ပြီး မေးမြန်းဖြေကြားမှုများကို ယင်းသတင်းစာတွင် အောက်တိုဘာ ၁၀ ရက်က ဖော်ပြခဲ့ပါသည်။ အဆိုပါ ဆက်သွယ်မေးမြန်းဖြေကြားထားမှုများနှင့်ပတ်သက်၍ ဖော်ပြလိုက်ပါသည် –**

**(ယမန်နေ့မှ အဆက်)**

**စီးပွားရေးမူဝါဒ**

မေး။ SAC အနေနဲ့ အခုဖြစ်ပွားနေတဲ့ ကိုဗစ်–၁၉ ကပ်ရောဂါကို ဘယ်လိုဖြတ်ကျော်သွားမှာပါလဲ။ ဆေးတွေရရှိဖို့နဲ့ ကုသစောင့်ရှောက်မှုစနစ်ကို ထိန်းသိမ်းနိုင်မယ့် အဓိကမူဝါဒတွေရှိရင် သိပါရစေ။

ဖြေ။ ဒီမေးခွန်းကို ဖြေခွင့်ရတာ ဝမ်းသာပါတယ်။ ကျွန်တော်တို့အစိုးရရဲ့ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေနဲ့ လက်တွေ့လုပ်ဆောင်နေတာတွေကို နိုင်ငံတကာကလည်း တော်တော်များများ မသိကြပါဘူး။ ဝေဖန်လည်း ခံရပါတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ကျယ်ကျယ်ပြန့်ပြန့်လေး ရှင်းပြခွင့်ပြုပါလို့ပြောလိုပါတယ်။ ကိုဗစ်–၁၉ ကပ်ရောဂါနဲ့ပတ်သက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ **"လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ"** ဆိုတဲ့ မူဝါဒနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကိုဗစ်–၁၉ တတိယလှိုင်းကာလအတွင်း ရောဂါကူးစက်မှု အကြီးအကျယ် ခံစားခဲ့ရပါတယ်။ တပ်မတော်က နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်းမှာ လူစုလူဝေးနဲ့ ဆူပူဆန္ဒပြခဲ့တာတွေ၊ ကျန်းမာရေးဝန်ထမ်းအချို့က ကျင့်ဝတ်တွေကို မလိုက်နာဘဲ CDM လှုပ်ရှားမှုနဲ့ လုပ်ငန်းခွင်ပျက်ကွက်ခဲ့တာတွေက ပိုမိုဆိုးရွားစေခဲ့ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ အသည်းအသန်ကြိုးပမ်းဆောင်ရွက်ခဲ့ရပါတယ်။ ဇူလိုင်လ ၂၃ ရက်နေ့မှာကိုဗစ်ရောဂါ ဆေးစစ်ခဲ့သူများအနက် ၄၁ ရာခိုင်နှုန်းအထိ ပိုးတွေ့ခဲ့ပါတယ်။ ဆေးရုံတွေမှာ လူနာရောက်ရှိမှုမြင့်တက်ခဲ့ပါတယ်။ လူနာတွေအတွက် ဆောက်ဆီဂျင်လိုအပ်ချက် မြင့်မားခဲ့ပါတယ်။ ဒါတွေကို နိုင်ငံတော်အစိုးရ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ တာဝန်သိပြည်သူလူထု၊ တာဝန်သိကျန်းမာရေးဝန်ထမ်းတွေ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်တွေက ကြိုးစားပမ်းစား ဝိုင်းဝန်းဖြေရှင်းခဲ့ရပါတယ်။ လက်တွေ့အနေနဲ့ အခုအောက်တိုဘာလဆန်းပိုင်းမှာ ရောဂါကူးစက်ခံရသူ ခုနစ်ရာခိုင်နှုန်းခန့်သာရှိတော့တာနဲ့ ဆေးရုံတက်ရောက်ရသူများစွာလျော့နည်းသွားတာ လက်တွေ့ပါပဲ။ ဒါဟာအစိုးရတစ်ရပ်အနေနဲ့ ပြည်သူလူထုအပေါ်၊ ကျန်းမာရေးစောင့်ရှောက်မှုအပေါ်ဘယ်လောက်ထိအလေးထားတယ်ဆိုတာ ဖော်ပြချက်ပါပဲ။ ဒီနေရာမှာ ကျွန်တော်တို့ကို ကူညီခဲ့တဲ့နိုင်ငံတွေရှိခဲ့ပါတယ်။ အိမ်နီးချင်း တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့အပါအဝင် ကမ္ဘောဒီးယား၊ အာဆီယံ AHA၊ ဂျပန်နိုင်ငံတို့ကလည်း ကူညီခဲ့ပါတယ်။ အချို့လည်း မကူညီတဲ့အပြင် ဖြစ်စဉ်တွေကို မသုံးသပ်ဘဲ ဆန့်ကျင်ဘက်တွေပြောနေတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေလည်းရှိပါတယ်။ ဥပမာအားဖြင့် GAVI COVAX Facility အဖွဲ့က မကြာသေးခင် ၃၀–၈–၂၀၂၁ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်မှာ သူတို့က မြန်မာနိုင်ငံကို ကိုဗစ်–၁၉ ကာကွယ်ဆေးတွေ ပေးခဲ့သယောင် ပြောထားတာလည်း ရှိပါတယ်။ သူတို့အနေနဲ့ အခုချိန်ထိ ကိုဗစ်ကာကွယ်ဆေးအစီအစဉ်အနေနဲ့ မြန်မာနိုင်ငံကို ကိုဗစ်ကာကွယ်ဆေးတစ်လုံးမှ မပေးသေးပါဘူး။ မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအား ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွား/ သေဆုံးမှုကို လျှော့ချဖို့၊ ကူးစက်ပြန့်ပွားမှုကို တားဆီးဖို့နဲ့ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံ့စီးပွားရေးထိခိုက်မှုကို လျှော့ချနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ်ရောဂါကာကွယ်ဆေးထိုးစုရပ်တွေအပါအဝင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့နေရာတွေကို မြန်မာနိုင်ငံမှာ တရားမဝင်အဖွဲ့အစည်းဖြစ်တဲ့ NUG နဲ့ PDF အကြမ်းဖက်အဖွဲ့တွေက ၃၀–၉–၂၀၂၁ ရက်နေ့အထိ အကြမ်းဖက်တိုက်ခိုက်မှု စုစုပေါင်း ၁၆ ကြိမ် ကြုံတွေ့ခဲ့ရပါတယ်။ လုပ်ငန်းဆောင်ရွက်နေသူတွေနဲ့ ကာကွယ်ဆေး လာရောက်ထိုးနှံသူတွေ အသက်သေဆုံးတဲ့အထိဖြစ်ခဲ့ရသလို အချို့ဆိုရင် ထိခိုက်ဒဏ်ရာရတဲ့ဖြစ်စဉ်တွေ ဖြစ်ပွားခဲ့ပါတယ်။ တတိယလှိုင်းမှာ အခြားကမ္ဘာ့နိုင်ငံတွေနည်းတူ မြန်မာနိုင်ငံမှာလည်း ဒယ်လ်တာမျိုးဗီဇပြောင်း ရောဂါပိုးကြောင့် ရောဂါဖြစ်ပွားမှုနဲ့ ပိုးတွေ့ရှိမှုနှုန်း မြင့်မားခဲ့ပေမယ့် မိဘပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာတာနဲ့အတူ ရောဂါဖြစ်ပွားမှုနဲ့ ပိုးတွေ့ရှိမှုနှုန်းတွေ သိသာစွာ ကျဆင်းလျက်ရှိတဲ့အတွက် အာဆီယံနိုင်ငံတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုအနေနဲ့ အမှတ်စဉ်(၆)၊ သေဆုံးမှုအနေနဲ့ အမှတ်စဉ်(၅)နေရာမှာရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်–၁၉ ကာကွယ်ဆေးတွေရရှိဖို့အတွက် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းမှစတင်ပြီး GAVI COVAX Facility နဲ့ ညှိနှိုင်းခြင်း၊ ကာကွယ်ဆေးထုတ်လုပ်တဲ့ မိတ်ဆွေနိုင်ငံတွေနဲ့ နိုင်ငံအချင်းချင်း (Bilateral) ညှိနှိုင်းခြင်းတွေ ဆောင်ရွက်ခဲ့ပြီး အိန္ဒိယနိုင်ငံက ကာကွယ်ဆေး သန်း ၃၀ doses ကို စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါတယ်။ ဒါပေမဲ့ COVAX Facility က ၎င်းရဲ့အခြားအဖွဲ့ဝင်နိုင်ငံတွေကို Round–4 အထိ ကာကွယ်ဆေးပံ့ပိုးမှုတွေ ဆောင်ရွက်ခဲ့ပေမယ့် မြန်မာနိုင်ငံကို ဒီနေ့ဒီအချိန်အထိ ကာကွယ်ဆေးပို့ဆောင်မှု မရှိသေးသလို ပို့ဆောင်မယ့်ကာလနဲ့ပတ်သက်လို့လည်း အကြိမ်ကြိမ်ရွှေ့ဆိုင်းခဲ့တာတွေရှိခဲ့ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ သူတို့နိုင်ငံရဲ့ ရောဂါဖြစ်ပွားမှုအခြေအနေအရ ကာကွယ်ဆေးတင်ပို့ခြင်းကို ခေတ္တရပ်ဆိုင်းထားခဲ့ပြီး မြန်မာနိုင်ငံကို ကာကွယ်ဆေးလှူဒါန်းမှု ၁ ဒသမ ၅ သန်း doses နဲ့ ဝယ်ယူမှု နှစ်သန်း doses စုစုပေါင်း ၃ ဒသမ ၅ သန်း doses သာ ပို့ဆောင်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထပ်မံရရှိရေးနဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းတွေ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ကို အထူးဦးစားပေးလုပ်ငန်းများအဖြစ် လမ်းညွှန်မှု၊ ပံ့ပိုးမှုတွေပေးအပ်ခဲ့ရာ ၂–၁၀–၂၀၂၁ ရက်နေ့အထိ နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ ဝယ်ယူထားတဲ့ကာကွယ်ဆေးနဲ့ မိတ်ဆွေနိုင်ငံတွေက လှူဒါန်းတဲ့ ကာကွယ်ဆေး ၂၃ သန်းကျော် doses အား လက်ခံရရှိပြီးဖြစ်ပါတယ်။

နောက်ထပ် ၂၀၂၁ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဝယ်ယူထားမှုနဲ့ လှူဒါန်းမှုကနေပြီး ကာကွယ်ဆေး ၁၄ သန်း doses ထပ်မံရရှိမှာဖြစ်ပါတယ်။ ပြည်တွင်းမှာ ကာကွယ်ဆေးထုတ်လုပ်နိုင်ဖို့ကိုလည်း မိတ်ဆွေနိုင်ငံတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးတွေ တင်သွင်းထိုးနှံရာမှာ ပုဂ္ဂလိကကဏ္ဍကလည်း ကျယ်ပြန့်စွာပါဝင်ဆောင်ရွက်ဖို့အတွက် စနစ်တကျတင်သွင်းခွင့် ပြုတာတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ ဝယ်ယူထားတဲ့ ကာကွယ်ဆေးတွေ၊ လှူဒါန်းမှုတွေက ရရှိတဲ့ ကာကွယ်ဆေးတွေနဲ့ ပုဂ္ဂလိကကဏ္ဍမှ တင်သွင်းတဲ့ ကာကွယ်ဆေးတွေကို အသုံးပြုပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းလမ်းညွှန်နဲ့အညီ ရေးဆွဲထားတဲ့ Myanmar National COVID–19 Vaccine Deployment Plan အရ အသက်အုပ်စုအလိုက် ပြည်သူတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ အကျဉ်းထောင်/အချုပ်ထောင်မှ အကျဉ်းသားတွေ၊ မသန်စွမ်းသူတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေမှ တပ်ဖွဲ့ဝင်နဲ့ မိသားစုဝင်တွေ၊ ရွှေ့ပြောင်းအုပ်စုတွေနဲ့ ယာယီစခန်းတွေမှာ ရောက်ရှိနေသူတွေ၊ အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသားလူငယ်တွေ စသဖြင့် ဦးတည်အုပ်စု ၂၄ ခုသတ်မှတ်ပြီး ဦးစားပေးအစီအစဉ်တွေအလိုက် ကာကွယ်ဆေးထိုးနှံခြင်း စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Vaccine Management Information System) မှာ စနစ်တကျထည့်သွင်းပြီး ကာကွယ်ဆေးတွေ ထိုးနှံပေးလျက်ရှိပါတယ်။ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးနဲ့ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကျားမ၊ လူမှုစီးပွားအဆင့်အတန်း၊ နိုင်ငံရေးနှီးနွှယ်မှုအရ ခွဲခြားခြင်းမပြုဘဲ ထိုးနှံပေးလျက်ရှိပါတယ်။

ကာကွယ်ဆေး ထိုးနှံပြီးပါကလည်း ထိုးနှံပြီးကြောင်း QR code ပါရှိတဲ့လက်မှတ်တွေ ထုတ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၇–၁–၂၀၂၁ရက်နေ့မှ ၂–၁၀–၂၀၂၁ ရက်နေ့အထိ လူဦးရေ စုစုပေါင်း ၈ ဒသမ ၃၉ သန်းကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ ၃ ဒသမ ၈၇ သန်းရှိပြီး အသက် ၁၈ နှစ်နှင့်အထက် လူဦးရေရဲ့ ၁၀ ဒသမ ၄၉ ရာခိုင်နှုန်းခန့်ကို အကြိမ်ပြည့်ထိုးနှံပေးပြီးဖြစ်ပါတယ်။ **စာမျက်နှာ ၁၁ သို့** ❋




- **ဦးတည်အုပ်စု ၂၄ ခုသတ်မှတ်ပြီး ဦးစားပေးအစီအစဉ်တွေအလိုက် ကာကွယ်ဆေးထိုးနှံခြင်း စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်မှာ စနစ်တကျထည့်သွင်းပြီး ကာကွယ်ဆေးတွေ ထိုးနှံပေးလျက်ရှိပါတယ်။ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးနဲ့ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကျားမ၊ လူမှုစီးပွားအဆင့်အတန်း၊ နိုင်ငံရေးနှီးနွှယ်မှုအရ ခွဲခြားခြင်းမပြုဘဲ ထိုးနှံပေးလျက်ရှိ**
- **ကာကွယ်ဆေး ထိုးနှံပြီးပါကလည်း ထိုးနှံပြီးကြောင်း QR code ပါရှိတဲ့လက်မှတ်တွေ ထုတ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိ**

✻ စာမျက်နှာ ၁၀ မှ

ပထမအကြိမ် ထိုးနှံပြီးစီးတဲ့သူ ၄ ဒသမ ၅၁ သန်းရှိပြီဖြစ်တဲ့အတွက် စုစုပေါင်း အကြိမ်ရေ ၁၂ ဒသမ ၂၆သန်း ထိုးနှံပြီး ဖြစ်ပါတယ်။ ရည်မှန်းကာကွယ်ဆေး အကြိမ်ရေရဲ့ ၁၆ ဒသမ ၆၁ ရာခိုင်နှုန်း ထိုးနှံပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ ဒီနှစ်ကုန်ပိုင်းမှာ ကိုဗစ်-၁၉ ထိုးနှံဖို့ အကျုံးဝင်တဲ့ လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကို ကိုဗစ်ကာကွယ်ဆေး ထိုးနှံပြီးစီးဖို့ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ ဘယ်သူတွေ၊ ဘယ်နိုင်ငံတွေက ကူညီသည် ဖြစ်စေ၊ မကူညီသည်ဖြစ်စေ ကာကွယ်ဆေးထိုးနှံပေးဖို့ ဆေးတွေကို မိတ်ဆွေနိုင်ငံတွေက ပံ့ပိုးပေးဖို့ကို သဘောတူညီချက်ရရှိပြီး ဖြစ်ပါတယ်။

**မေး။** မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ဆောင်ချက်တွေကို SAC အနေနဲ့ ဘယ်လိုများ ပြန်လည်တည်ဆောက်သွားဖို့ရှိပါသလဲ။ NLD အစိုးရရဲ့ ထိပ်ပိုင်းအဆင့်ဆင့် လုပ်ဆောင်ခဲ့တာတွေမှာက မရှင်းလင်းမှုတွေရှိခဲ့တော့ အာဏာထိန်းသိမ်းမှု အပြီးမှာ SAC ရဲ့စီးပွားရေးမူဝါဒတွေကနေ ထိန်းညှိနိုင်ဖို့ အချို့သောဂျပန်စီးပွားရေးလုပ်ငန်းတွေက မျှော်လင့်နေကြတယ်လို့ သိထားရပါတယ်။ SAC ရဲ့ စီးပွားရေးဆိုင်ရာမူဝါဒ အဓိကအချက်အလက်တွေကို NLD အစိုးရလက်ထက်နှိုင်းယှဉ်ပြီးတော့ ပြောပြပေးစေချင်ပါတယ်။

**ဖြေ။** နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးမူဝါဒနဲ့ ပတ်သက်ပြီး အချက် သုံးချက် ဆောင်ရွက်သွားပါမယ်။ (တစ်) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ (နှစ်) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ (သုံး) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။ လတ်တလောအနေနဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေးရိက္ခာဖူလုံရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့နိုင်ငံဖြစ်လို့ သမဝါယမနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဖွဲ့စည်းပြီး ကျေးလက်ဒေသတွေအထိ စိုက်ပျိုးမွေးမြူရေးကို ခေတ်မီနည်းစနစ်တွေနဲ့ ထိထိရောက်ရောက် အစုအဖွဲ့အလိုက် စုပေါင်းဆောင်ရွက်နိုင်ရေး၊ အကူအညီ အထောက်အပံ့များပေးရေး ဆောင်ရွက်လျက်ရှိပါတယ်။

ရေရှည်အနေနဲ့ ခေတ်မီစိုက်ပျိုးမွေးမြူရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များရရှိရေး စိုက်ပျိုးမွေးမြူရေးကျောင်း၊ သိပ္ပံ၊ ကောလိပ်တွေ ဒေသအလိုက် တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရအနေနဲ့ မြန်မာနိုင်ငံကို ကမ္ဘာ့အခြေခံ စားရေးရိက္ခာဖြည့်တင်းပေးနိုင်သောနိုင်ငံအဖြစ် ရေရှည်စီမံချက်ထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိအစိုးရအနေနဲ့ ယခင်အစိုးရအဆက်ဆက် ချုပ်ဆိုခဲ့တဲ့ စီးပွားရေးသဘောတူညီချက် စာချုပ်တွေကို ပယ်ဖျက်ခြင်းမပြုဘဲ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံနဲ့ လက်တွဲဆောင်ရွက်မယ့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ထားပါတယ်။ ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်ခေါင်းဆောင်၊ ကိုယ်စားလှယ်အချို့လည်း

> **မြန်မာနိုင်ငံနဲ့ လက်တွဲဆောင်ရွက်မယ့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ထားပါတယ်။ ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်ခေါင်းဆောင်၊ ကိုယ်စားလှယ်အချို့လည်း လာရောက်ဆွေးနွေးလျက်ရှိပါတယ်။ NLD အစိုးရလက်ထက်နဲ့ ကွာခြားချက်ကတော့ မြန်ဆန်မှုလို့ပဲ ပြောရမှာဖြစ်ပါတယ်။ အဖြစ်နိုင်ဆုံးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းကို အလေးထားပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးလုပ်ငန်းတွေ ဝင်ရောက်လာရင်၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့ ကိုက်ညီရင် အမြန်ဆုံးအလုပ်ဖြစ်စေမှာဖြစ်**

လာရောက်ဆွေးနွေးလျက်ရှိပါတယ်။ NLD အစိုးရလက်ထက်နဲ့ ကွာခြားချက်ကတော့ မြန်ဆန်မှုလို့ပဲ ပြောရမှာဖြစ်ပါတယ်။ အဖြစ်နိုင်ဆုံးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းကို အလေးထားပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးလုပ်ငန်းတွေ ဝင်ရောက်လာရင်၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့ ကိုက်ညီရင် အမြန်ဆုံးအလုပ်ဖြစ်စေမှာဖြစ်ပါတယ်။

### နိုင်ငံတကာဆက်ဆံရေး

**မေး။** တရုတ်ကို နိုင်ငံတကာမိတ်ဖက်အဖြစ်နဲ့ ဘယ်လိုမြင်ပါသလဲ။ SAC အနေနဲ့ အာဆီယံ၊ ရုရှား၊ ဥရောပ၊ အမေရိကန်နဲ့ ဂျပန်နိုင်ငံတို့နဲ့ရော ဘယ်လိုများဆက်ဆံရေး တည်ဆောက်သွားမှာပါလဲ။




**ဖြေ။** တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံအတွက်တော့ အိမ်နီးချင်းကောင်းနိုင်ငံတစ်နိုင်ငံ၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံတစ်နိုင်ငံ၊ သမိုင်းကြောင်းရှည်ကြာစွာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့တဲ့ ဆွေမျိုးပေါက်ဖော်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ မြန်မာ့အရေးမှာ အမြဲကူညီဖြေရှင်းပေးနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာလည်း အလားတူပါပဲ။

အခုနောက်ပိုင်းမှာ ရုရှားနိုင်ငံနဲ့ပိုမိုပြီး မဟာဗျူဟာမြောက် ဘက်စုံဆက်ဆံရေး အစီအစဉ်တွေ ပိုမိုတိုးတက်လျက်ရှိပါတယ်။ အာဆီယံနိုင်ငံတွေအနေနဲ့ အာဆီယံပဋိညာဉ်၊ အာဆီယံသဘောတူညီချက်တွေအတိုင်း နီးကပ်ရင်းနှီးစွာ ဆက်ဆံလျက်ရှိပါတယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ မိတ်ဝတ်မပျက် ရင်းနှီးစွာ ဆက်ဆံနိုင်ဖို့ ကြိုးပမ်းလျက်ရှိပေမယ့် အချို့ဥရောပနိုင်ငံတွေ၊ အမေရိကန်တို့နဲ့ ဆက်ဆံရေးကတော့ အမျိုးမျိုးသော ပိတ်ဆို့မှု၊ ဝေဖန်မှုတွေကြောင့် အခက်အခဲအချို့ရှိပါတယ်။ ဂျပန်နိုင်ငံနဲ့ ဆက်ဆံရေးကတော့ မြန်မာနိုင်ငံအနေနဲ့ အလေးထားပါတယ်။ အခုထိလည်း ဆက်သွယ် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနဲ့ ဂျပန်ဟာ သမိုင်းကြောင်းအရ ရှည်လျားတဲ့ဆက်ဆံမှုရှိခဲ့လို့ ဒီအစဉ်အလာကို ဆက်လက်ထိန်းသိမ်းသွားလိုတဲ့ဆန္ဒပဲရှိပါတယ်။

**မေး။** လက်ရှိအခြေအနေအရ မြန်မာနိုင်ငံအတွင်းမှာ ဂျပန်နိုင်ငံက ODA နဲ့ လုပ်ဆောင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ ဆက်လက်လုပ်ကိုင်ဖို့ ခက်ခဲနေတဲ့အပေါ် ဘယ်လိုရှုမြင်ပါသလဲ။

**ဖြေ။** ဂျပန်နိုင်ငံ ODA နဲ့ လုပ်ဆောင်နေတဲ့ စီးပွားရေးလုပ်ငန်းအချို့ကို ဂျပန်ရဲ့ အဖွဲ့အစည်းအချို့ ကန့်ကွက်မှုကြောင့် ရပ်တန့်နေတာ၊ အခက်အခဲဖြစ်ပေါ်နေတာတွေကို စိတ်မကောင်းစွာ တွေ့ရှိရပါတယ်။ ဒီကိစ္စတွေဟာ မြန်မာပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုတဲ့ လုပ်ငန်းတွေပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်တွေကို အစွဲကင်းကင်းနဲ့ မြင်အောင်ကြည့်ပေးပါ။ သုံးသပ်ပေးပါလို့ပဲပြောချင်ပါတယ်။

**မေး။** ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား ကောင်းမွန်တဲ့ ဆက်ဆံရေးကို ထိန်းသိမ်းဖို့ မရှိမဖြစ်လိုအပ်တာက ဘာလို့ထင်ပါသလဲ။

**ဖြေ။** ဂျပန်နဲ့ မြန်မာနိုင်ငံကြား ကောင်းမွန်တဲ့ ဆက်ဆံရေး ထိန်းသိမ်းဖို့ မရှိမဖြစ်လိုအပ်တာက ကျွန်တော်ခုနကပြောတဲ့အတိုင်း မြန်မာနိုင်ငံမှာဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်တွေကို အစွဲကင်းကင်းနဲ့ မြင်အောင်ကြည့်ပေးပါ၊ သုံးသပ်ပေးပါလို့ပဲ ပြောချင်ပါတယ်။

**မေး။** နောက်လာမယ့် ငါးနှစ်မှာ မြန်မာနိုင်ငံကို ဘယ်လိုနိုင်ငံမျိုး ဖြစ်စေချင်ပါသလဲ။

**ဖြေ။** နောင်လာမယ့် ငါးနှစ်အတွင်းမှာ မြန်မာနိုင်ငံကို နိုင်ငံရေးအရ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့ကျင့်သုံးနေတဲ့ နိုင်ငံ၊ စီးပွားရေးအရ ကမ္ဘာ့နိုင်ငံတွေရဲ့ အခြေခံစားရေးရိက္ခာကို ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်၊ ဝန်ဆောင်မှုစနစ်တွေနဲ့ ဖြည့်ဆည်းပေးနေတဲ့နိုင်ငံ၊ လူမှုရေးအရ တိုင်းရင်းသားအားလုံး၊ အဖွဲ့အစည်းအားလုံး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်ရေးကို တည်ဆောက်နိုင်တဲ့ နိုင်ငံဖြစ်စေလိုပါတယ်။

**မေး။** မြန်မာနိုင်ငံအနေနဲ့ အာဆီယံအထူးကိုယ်စားလှယ် လာရောက်လည်ပတ်မှုကို ဘယ်တော့လက်ခံသွားဖို့ရှိပါသလဲ။

**ဖြေ။** အာဆီယံအထူးကိုယ်စားလှယ်ကို ကျွန်တော်တို့ ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံက လက်မခံတာမဟုတ်ပါဘူး။ အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ အချို့ အာဆီယံပြင်ပနိုင်ငံတွေက ကန့်သတ်ချက်သဘောပါတဲ့ ဆောင်ရွက်မှုတွေ ဆောင်ရွက်တာ၊ ဖိအားပေးနေတာသာ ဖြစ်ပါတယ်။

**မေး။** SAC က ခန့်အပ်ထားတဲ့ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးကိစ္စနဲ့ပတ်သက်လို့ UN ရဲ့ တုံ့ပြန်မှုကြာမြင့်နေတဲ့အပေါ် ဘယ်လိုယူဆထားပါသလဲ။

**ဖြေ။** ကုလသမဂ္ဂအနေနဲ့ SAC က ခန့်အပ်ထားတဲ့ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးကိစ္စနဲ့ ပတ်သက်လို့ တုံ့ပြန်မှုကြာမြင့်နေတာဟာ သူတို့ရဲ့ သဘောထားအတိုင်းပဲ ဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ UN(United Nation) ဆိုတာ နိုင်ငံတွေပေါင်းစုထားတဲ့ နိုင်ငံများ အစုအဖွဲ့ဖြစ်ပါတယ်။ အစိုးရများ (Government) အစုအဖွဲ့မဟုတ်ပါဘူး။ မြန်မာနိုင်ငံတည်ရှိနေသရွေ့၊ မြန်မာနိုင်ငံမှာ ဘယ်အစိုးရတက်တက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်နေဦးမှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂအပါအဝင် အဖွဲ့အစည်းအချို့၊ နိုင်ငံအချို့အနေနဲ့ နိုင်ငံတကာရေးရာတွေကို ဆောင်ရွက်ရာမှာ သတ်မှတ်ပဋိညာဉ်၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အသိအမှတ်ပြုပြီး စီရင်ဆုံးဖြတ်ချက်တွေအတိုင်းသာ ဆောင်ရွက်ကြဖို့နဲ့ စံနှုန်းနှစ်မျိုးထား (Double Standard) ဆောင်ရွက်ခြင်းမှ ရှောင်ရှားဖို့လိုအပ်ပါတယ်။

**မေး။** ခုပြောသွားတဲ့ Double Standard ဆိုတာဘာလဲ။ မြန်မာနိုင်ငံကိုတစ်မျိုး၊ အခြားနိုင်ငံတွေကို တစ်မျိုးလုပ်နေတယ်လို့ ဆိုလိုတာလား။

**ဖြေ။** ဟုတ်ပါတယ်။ ဒီလိုစင်ပြိုင်အစိုးရတွေ၊ စစ်ဘက်က နိုင်ငံတော်တာဝန်ယူလို့ ပေါ်ပေါက်လာတဲ့ ပုန်ကန်သူအစိုးရတွေ ကမ္ဘာ့သမိုင်းမှာ အများကြီးပါဗျာ။ ယခင်က အများအားဖြင့် ဘယ်လိုဆုံးဖြတ်ခဲ့ကြသလဲ။ ဒါစီရင်ထုံးပဲ။ ဥပမာပဲ။ ခုမှ မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံရေးရည်ရွယ်ချက်နဲ့ လုပ်နေတာလို့ ကျွန်တော်မြင်တယ်။

**မေး။** အာဆီယံအထူးကိုယ်စားလှယ်နဲ့ ဒေါ်အောင်ဆန်းစုကြည် ဘာကြောင့်တွေ့ခွင့်မပေးနိုင်တာလဲ။

**ဖြေ။** အမေးနဲ့ပဲ ပြောလိုပါတယ်။ ဂျပန်မှာ ဝန်ကြီးချုပ်တစ်ယောက် (ဝန်ကြီးတစ်ယောက်၊ လွှတ်တော်အမတ်တစ်ယောက်) လာဘ်စားမှု (ဒါမှမဟုတ်) အမှုတစ်ခုခုနဲ့ ရင်ဆိုင်နေတဲ့ အချိန်မှာ အခြားနိုင်ငံတစ်ခုက တွေ့ခွင့်တောင်းရင် ခင်ဗျားတို့အစိုးရက တွေ့ခွင့်ပေးပါသလားလို့ပဲ ပြောလိုပါတယ်။ ။

# လူမှုကွန်ရက်မီဒီယာများကို ကျင့်ဝတ်သိက္ခာမရှိဘဲ အကျိုးမဲ့စွာ သုံးစွဲနေမှုများကြောင့် ထိခိုက်မှုများကို ကုစားနိုင်ရေးနည်းလမ်း ရှာဖွေသွားရန် လိုအပ်

**နေပြည်တော် အောက်တိုဘာ ၁၂**
အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) နှင့် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့က ကြီးမှူး၍ စက်တင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသော **"ITU Digital World 2021"** အစီအစဉ်များအတွင်း ယနေ့တွင်ကျင်းပသည့် ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပါဝင်တက်ရောက်ဆွေးနွေးသည်။

စားပွဲဝိုင်းဆွေးနွေးပွဲ အခမ်းအနားတွင် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် အိုင်တီယူအထွေထွေ အတွင်းရေးမှူးချုပ်တို့က အဖွင့်အမှာစကားများ ပြောကြားကြပြီး ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းအပါအဝင် ဦးဆောင်ဆွေးနွေးသူ ၁၁ ဦးက **"Cutting the cost: Can affordable access accelerate digital transformation"** ခေါင်းစဉ်ဖြင့် တီထွင်ဆန်းသစ်သည့် မူဝါဒများနှင့် စည်းမျဉ်းဥပဒေဆိုင်ရာ အစီအမံများ၊ လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်သင့်သည့် နည်းလမ်းများကို မျှဝေဆွေးနွေးကြသည်။




ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် အားလုံးပါဝင်သော ပြည်သူဗဟိုပြုသည့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး အောင်မြင်စေရေးအတွက် အခြေခံအဆောက်အဦ၊ ရင်းနှီးမြှုပ်နှံမှု၊ အားလုံးပါဝင်နိုင်မှုနှင့် တီထွင်ဆန်းသစ်မှုတို့ရှိစေရန် သင့်တင့်မျှတသော ဈေးနှုန်းသည် အရေးကြီးကြောင်း၊ အိုင်စီတီ အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လျော့ကျလာသည်ကို တွေ့ရှိရပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အွန်လိုင်းအသုံးပြုမှု များပြားလာသည့်အတွက် Bandwidth အသုံးပြုမှုနှင့် သုံးစွဲမှု လိုအပ်ချက် ပိုမိုမြင့်မားလာသည်ကို တွေ့ရှိရကြောင်း၊ သုံးစွဲမှုလိုအပ်ချက် မြင့်မားလာမှုသည် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေးဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း ပြောကြားသည်။

ထို့ပြင် အိုင်စီတီအခြေခံအဆောက်အဦအတွက် တာဝန်ရှိသောဝန်ကြီးဌာနများအနေဖြင့် ကုန်ကျစရိတ်လျှော့ချနိုင်ရေးနှင့် အခြေခံအဆောက်အဦတွင် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်သောမူဝါဒများ ချမှတ်နိုင်ရေးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ အိုင်စီတီ အခြေခံအဆောက်အဦများကို မျှဝေသုံးစွဲခြင်း၊ ထိရောက်သော လိုင်းနှုန်းစဉ် အသုံးပြုမှုဖြစ်စေရေးနှင့် မိမိတို့၏ အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းရေး မဟာဗျူဟာများ ပြန်လည် ဆန်းစစ်နိုင်ရေးတို့အတွက် မူဝါဒများထားရှိဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြေခံအဆောက်အဦ မျှဝေသုံးစွဲခြင်းအတွက် ဥပဒေပြဋ္ဌာန်းထားပြီး ဆက်သွယ်ရေးအခြေခံအဆောက်အဦများ တည်ဆောက်ခြင်းအတွက် နေရာဒေသအလိုက် သင့်လျော်သော ဈေးနှုန်းများ သတ်မှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မြို့ပြတွင်သာမက ကျေးလက်ဒေသများပါမကျန် အိုင်စီတီ နည်းပညာများကို ကျွမ်းကျင်သက်သာစွာ သုံးစွဲရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆက်သွယ်ရေး အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းခြင်းဆိုင်ရာ မဟာဗျူဟာကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုကွန်ရက်မီဒီယာများကို ကျင့်ဝတ်သိက္ခာမရှိဘဲ အကျိုးမဲ့စွာ သုံးစွဲနေမှုများကြောင့် ထိခိုက်မှုများကို ကုစားနိုင်ရေး နည်းလမ်းရှာဖွေသွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) အဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ ဝန်ကြီးအဆင့်ပုဂ္ဂိုလ်များ၊ စည်းမျဉ်းဥပဒေဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ ဆက်သွယ်ရေးကုမ္ပဏီများမှ အမှုဆောင်အရာရှိချုပ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ITU Digital World သည် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့ချုပ်က ၁၉၇၁ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သော အခမ်းအနားတစ်ခုဖြစ်ပြီး ယခုကျင်းပသည့် အခမ်းအနားသည် နှစ်(၅၀)မြောက် ကျင်းပသော အခမ်းအနားဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၂**
ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ( ဌ ) တွင် ပြဋ္ဌာန်းထားသော "နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း" ဆိုသည့် တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့်ပစ္စည်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာ လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်ထားမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် အခြေစိုက်ဖြစ်ကြသော အမျိုးသမီးပါတီ ( မွန် ) ကို အောက်တိုဘာ ၃ရက်မှ ၆ ရက်အထိ လည်းကောင်း၊ ၈၈ မျိုးဆက်ဒီမိုကရေစီပါတီကို အောက်တိုဘာ ၃ ရက် မှ ၈ ရက်အထိလည်းကောင်း၊ မွန်ညီညွတ်ရေးပါတီ ( Mon Unity Party ) ကို အောက်တိုဘာ ၄ ရက်မှ ၈ ရက်အထိလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အခြေစိုက်ဖြစ်ကြသော လမ်းပြကြယ်ပါတီ၊ ပြည်ထောင်စု လယ်သမား အလုပ်သမားအင်အားစုပါတီနှင့်မြန်မာနိုင်ငံ အလုပ်သမား လယ်သမား မဟာမိတ်ပါတီ [Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)] တို့ကို အောက်တိုဘာ ၄ ရက်မှ ၈ ရက်အထိလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အခြေစိုက်ဖြစ်ကြသော အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ ၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ ၊ ညီညွတ်သော တိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီတို့ကို အောက်တိုဘာ ၄ ရက်မှ ၈ ရက်အထိလည်းကောင်း၊ ရှမ်းပြည်နယ် အခြေစိုက်ဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီကို အောက်တိုဘာ ၄ ရက် မှ ၈ ရက်အထိလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အခြေစိုက်ဖြစ်သော မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိလည်းကောင်း၊ ကရင်ပြည်နယ် အခြေစိုက်ဖြစ်ကြသော ဖလုံ – စဝေါ်ဒီမိုကရက်တစ်ပါတီနှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ ( Karen National Democratic Party ) တို့ကို အောက်တိုဘာ ၅ ရက်မှ ၈ ရက်အထိလည်းကောင်း စစ်ဆေးဆောင်ရွက်ခဲ့သည်။



လမ်းပြကြယ်ပါတီအား စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ဖြင့် ဖွဲ့စည်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ ကျေးရွာမီးလင်းရေးလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ရေတာရှည် အောက်တိုဘာ ၁၂**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၅– ၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းစတင်ဆောင်ရွက်ခဲ့သော ဆင်ဝှေကျေးရွာအုပ်စု ထိတ်ပေါက် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး အရောင်းအဝယ်လုပ်ငန်းရပ်အသီးသီးမှ ပြန်လည်ရရှိလာသော အတိုးရရှိငွေ ကျပ်ကိုးသန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ကျပ် ၁၇ သန်း စုစုပေါင်း ကျပ် ၂၆ သန်းကျော်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း ၄၀၀ ဗို့အားလိုင်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

လက်ရှိဆောင်ရွက် ပြီးစီးသွားသည့် ကျေးရွာမီးလင်းရေးလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များ၊ မီးလင်းရေးကော်မတီများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ချမ်းအေးသာစံမြို့နယ်ရှိ သမဝါယမ အသင်းသားပြည်သူများအား ထောက်ပံ့

**မန္တလေး အောက်တိုဘာ ၁၂**
ကိုဗစ်–၁၉ ရောဂါကာလအတွင်း သမဝါယမ အသင်းသားပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ပြည့်စုံချမ်းသာ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်နှင့် ရွှေပြည်သစ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းလီမိတက်တို့က အသင်းသားပြည်သူများအား ဆီနှင့်ထောက်ပံ့ငွေကျပ် ၅၇၆၈၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကိုရီးယားက ဗီယက်နမ်နှင့် ထိုင်းသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လှူဒါန်းမည်

**ဆိုးလ် အောက်တိုဘာ ၁၂**

တောင်ကိုရီးယားနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လှူဒါန်းမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယား နိုင်ငံသည် ဗီယက်နမ်နိုင်ငံအတွက် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၁ သန်းနှင့် ထိုင်းနိုင်ငံအတွက် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၄၇၀၀၀၀ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့မှုကို ယနေ့တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။



တောင်ကိုရီးယားနိုင်ငံအစိုးရသည် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ရန် ကမ္ဘာတစ်ဝန်း ကြိုးပမ်းမှုများတွင် ပါဝင်ဆောင်ရွက်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လှူဒါန်းခြင်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် လက်ရှိတွင် နိုင်ငံအတွင်းရှိ လူဦးရေစုစုပေါင်း၏ ၇၇ ဒသမ ၉ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၅၉ ဒသမ ၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်

## တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၅၆၃ ဦးရှိ

**အန်ကာရာ အောက်တိုဘာ ၁၂**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၅၆၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၇၄၇၅၁၁၅ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၈ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၆၃၆၈ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၃၈၆၁ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၅၄ ဒသမ ၅၆ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၆ ဒသမ ၄၃ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၁၂ ဒသမ ၆၆ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၁၅ ဦး ထပ်မံတွေ့ရှိ

**မနီလာ အောက်တိုဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၁၅ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၆၈၃၃၇၂ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ရောဂါကြောင့် ၂၃၆ ဦးထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း သေဆုံးသူပေါင်း ၃၉၈၉၆ ဦး ရှိလာသည်။ မနီလာမြို့ပြဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ကျဆင်းလာသဖြင့် အသွားအလာကန့်သတ်မှုများကို ဖြေလျှော့ရန် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

ယခင်က မနီလာမြို့ပြဒေသရှိ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုရှိခဲ့သောနေရာများ၌ အသွားအလာကန့်သတ်မှုများ ချမှတ်ခဲ့ရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ

## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅ ဒသမ ၇၁ သန်းကျော်ရှိလာ

**တီဟီရန် အောက်တိုဘာ ၁၂**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၅၀၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၅၇၁၆၃၉၄ ဦး ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၇၆ ဦးရှိခြင်းကြောင့် လက်ရှိတွင် သေဆုံးသူစုစုပေါင်း ၁၂၂၈၆၈ ဦးရှိလာကြောင်း သိရသည်။

အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်မှ ဖော်ပြချက်အရ အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၅၂၃၄၀၁၀ ရှိလာကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ စုစုပေါင်း ၅၂၁၈ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၄၅၇၄၈၇၂၄ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၁၉၉၁၈၇၄၃ ဦးရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်

## ဂျပန်နိုင်ငံက တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ဒီဇင်ဘာလတွင် စတင်မည်

**တိုကျို အောက်တိုဘာ ၁၂**

ဂျပန်နိုင်ငံအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံမှုကို ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ယမန်နေ့တွင် ပြောကြားသည်။

ဂျပန်နိုင်ငံသည် အနည်းဆုံး လွန်ခဲ့သည့်ရှစ်လအတွင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးခဲ့သူများအား တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးရန် ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြီးခဲ့သည့်လကတည်းက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် အသက် ၆၅ နှစ်အထက် အသက်အရွယ်ရှိသူများအား စတင်ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်



## နိုဝင်ဘာလမှစတင်၍ ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ခွင့်ပြုမည်

**ဗန်ကောက် အောက်တိုဘာ ၁၂**

ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ကျဆင်းလာသော ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေအပြည့် ထိုးနှံပြီးစီးသည့် ခရီးသွားများအား နိုဝင်ဘာလမှစတင်၍ နိုင်ငံအတွင်းသို့ ပြန်လည်လာရောက်လည်ပတ်ခွင့်ပြုမည်ဟု သိရသည်။

ထိုင်းနိုင်ငံသို့လာရောက် ခွင့်ပြုသည့် နိုင်ငံများစာရင်းတွင် တရုတ်၊ ဂျာမနီ၊ ဗြိတိန်၊ စင်ကာပူနှင့် အမေရိကန်နိုင်ငံများမှ နိုင်ငံသားများပါဝင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် လက်ရှိအချိန်တွင် ခရီးသွားလုပ်ငန်းကို ပြန်လည်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။ ယမန်နှစ်ဧပြီလမှစတင်၍ နိုင်ငံအတွင်း ခရီးသွားများ ဝင်ရောက်ခြင်းကို ကန့်သတ်ခဲ့သဖြင့် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကျဆင်းခဲ့သည်။



ထိုင်းနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၄၄၅ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၁ ဒသမ ၇၃ သန်းကျော်ရှိလာကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးစင်တာက ယနေ့ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၈၄ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း သေဆုံးသူပေါင်း ၁၇၈၃၅ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း စာသင်ကျောင်းများကို နိုဝင်ဘာလတွင် ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံလူဦးရေ၏ ၃၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူခဲ့ပြီးဖြစ်သည်။

ကိုးကား- ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ
ဘာသာပြန်- စိုးသူရ

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၃၉၁၃၇၀၅၇ ဦး |
| | သေဆုံးသူ | ၄၈၇၅၁၀၆ ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၂၁၆၃၉၃၁၄၉ ဦး |

# နေပြည်တော်တွင် ကျောင်း ၄၉၆ ကျောင်းတို့ရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၈၃၉၆၉ ဦးတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ရဲမှူးကြီးကိုကိုလွင်၊ ဦးကျော်သိန်းဆိုင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပျဉ်းမနားမြို့နယ် မင်္ဂလာဇမ္ဗူဟာသာသနဝိမာန်တော်ကြီး ဆေးထိုးစုရပ်၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ဆေးထိုးစုရပ် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း ဆေးထိုးစုရပ်နှင့် လယ်ဝေးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဆေးထိုးစုရပ်တို့တွင် အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသည့် ဆေးထိုးစုရပ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့် အထက် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးပြီး ကာကွယ်ဆေး လာရောက်ထိုးနှံသည့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြား၍ နှာခေါင်းစည်းများ ဖြန့်ဝေပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ထိုးနှံပေးသွားမည်**

နေပြည်တော်တွင် အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းတို့မှ အထက်တန်းဆင့်နှင့် အလယ်တန်းဆင့်သင်ကျောင်း ၄၉၆ ကျောင်းတို့ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမည့် အသက် ၁၂ နှစ်နှင့်အထက် အထက်တန်းကျောင်းသား ကျောင်းသူ ၂၀၂၅၇ ဦးနှင့် အလယ်တန်းကျောင်းသား ကျောင်းသူ ၆၃၇၁၂ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူပေါင်း ၈၃၉၆၉ ဦးတို့ကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူတွေ ရောဂါကင်းဝေး ကျန်းမာပြီး ပညာသင်ယူခွင့် ရရှိစေချင်တဲ့အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခွင့်ရသူတိုင်း ဆေးထိုးနှံကြပါ

**မြို့နယ်ပညာရေးမှူး ဒေါ်စန်းယုမော်**

**ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ မြို့နယ်ပညာရေးမှူး ဒေါ်စန်းယုမော်နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်-**

**မေး။** ဆရာမကြီးတို့ရဲ့ အထက်တန်း/ အလယ်တန်းကျောင်း တွေမှာ နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးဖို့ စီစဉ်နေတယ်လို့ သိရတဲ့အတွက် ကာကွယ်ဆေးထိုးနှံဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေလေးကို သိချင်ပါတယ်ရှင့်။

**ဖြေ။** မအူပင်မြို့နယ်မှာဆိုရင် R H C အရဆေးထိုးစုရပ်(၁၅) ဖွဲ့ခွဲထားပြီး (ထက်၊ လယ်၊ လ(ခွဲ)၊ မူလွန်)ကျောင်း ၉၃ ကျောင်းကို ဆေးထိုးနှံဖို့ ဆောင်ရွက်ထားပါတယ်။ ကျောင်းအလိုက် ကျောင်းသား ကျောင်းသူတွေနဲ့ ကျောင်းသားမိဘများ၏ သဘောထားကို ရယူနိုင်ရန် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတွေပါဝင်တဲ့ အထောက်အကူပြုအဖွဲ့တွေက အသိပေးနှိုးဆော်ထားပြီးဖြစ်ပါတယ်။ ကျောင်းအုပ်ကြီးနဲ့ ဆရာ ဆရာမတွေကလည်း အသိပညာပေး ဆွေးနွေးထားပြီးဖြစ်ပါတယ်။ ၁၂ နှစ်ပြည့်ပြီးသူတိုင်း ကာကွယ်ဆေးထိုးနှံနိုင်အောင် ကျန်းမာရေးဌာနမှ ဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားရန် ကြိုတင်ဆောင်ရွက်ထားပါတယ်။

**မေး။** ကိုဗစ် ကာကွယ်ဆေးထိုးနှံရန် စုရပ်နေရာလေး သိချင်ပါတယ်ရှင့်။



မြို့နယ်ပညာရေးမှူး ဒေါ်စန်းယုမော်အား တွေ့ဆုံမေးမြန်းစဉ်။

**ဖြေ။** မအူပင်မြို့နယ်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် စုရပ်နေရာတွေကတော့ မြို့မအုပ်စု အထက(၁)၊ ကျုံစုတ်(မူလွန်)၊ စစ်ချောင်း အထက၊ ထရော်ကြီး အထက၊ လယ်ကိုင်း အထက၊ ထနီး အထက၊ ငါးဖယ်အို အထက(ခွဲ)၊ ကဝက္ကင်း အထက(ခွဲ)၊ ကျောင်းရွာ အထက၊ မလက်တို အထက၊ လေးအိမ်စု အထက၊ ကျွဲဒိုး အထက၊ ရွှေတောင်မော် အထက၊ လက်ပံကုန်း အထက၊ ရေလဲကလေး အထကတို့ ဖြစ်ပါတယ်။

**မေး။** ဆေးထိုးရန် လျာထားသည့် ကျောင်းသား ကျောင်းသူဦးရေလေး သိပါရစေရှင့်။

**ဖြေ။** ဆေးထိုးရန် လျာထားတဲ့ ကျောင်းသား ကျောင်းသူတွေကတော့ အလယ်တန်းအဆင့် ၁၀၈၇၁ ဦး၊ အထက်တန်းအဆင့် ၃၃၄၁ ဦး၊ ကိုယ်ပိုင်အထက်တန်း ကျောင်းသား အလယ်တန်း ၁၂၄ ဦး၊ အထက်တန်း ၂၀၀ စုစုပေါင်း ၁၄၅၃၆ ဦး ဖြစ်ပါတယ်။

**မေး။** ကျောင်းတွေ ပြန်လည်ဖွင့်လှစ်တော့မယ်ဆိုတော့ ဆရာမကြီးအနေနဲ့ ဆောင်ရွက်ထားရှိမှု အခြေအနေလေးကို သိပါရစေရှင့်။

**ဖြေ။** ကျောင်းဖွင့်လှစ်နိုင်ရေး အတွက် စာသင်ဆောင်တွေ၊ စာသင်ခန်းတွေ၊ သိပ္ပံခန်း၊ Lab ခန်း၊ စာကြည့်တိုက်တွေနဲ့ ကျောင်းဝင်း/ ပြင်သန့်ရှင်းရေးတွေ ဆောင်ရွက်ထားပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းကမ်းတွေကို လိုက်နာဆောင်ရွက်နိုင်ရန် ပိုစတာတွေ၊ ဗီနိုင်းတွေ ချိတ်ဆွဲပြီး အသိပေးနှိုးဆော်ထားပြီးဖြစ်ပါတယ်။ ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်တွေ၊ နှာခေါင်းစည်းတွေ၊ မျက်နှာအကာတွေ ဖြန့်ဝေပေးထားပြီး စာသင်ကြားနိုင်အောင် အသင့်အနေအထားအထိ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

**မေး။** ကျောင်းတွေဖွင့်တဲ့အခါမှာ မြို့နယ်အတွင်းရှိ ဆရာ ဆရာမတွေ အားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားပြီးပါသလားရှင့်။

**ဖြေ။** ကိုဗစ် ကာကွယ်ဆေးထိုးပြီးသူ ၉၇ ရာခိုင်နှုန်းရှိပြီး ထိုးနှံရန် ကျန်သူ သုံးရာခိုင်နှုန်း ရှိနေပါတယ်။

**မေး။** ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရန် ကျောင်းသား ကျောင်းသူတွေ၊ မိဘတွေက မည်သို့လိုက်နာရန် လိုပါသလဲ ဆရာမကြီးရှင့်။

**ဖြေ။** ကိုဗစ် ကာကွယ်ဆေးမထိုးနှံပေးရမယ့် ကျောင်းသား ကျောင်းသူတွေမှာ အသက် ၁၂ နှစ် မပြည့်သေးသူတွေ၊ Sinovac ကာကွယ်ဆေး(သို့မဟုတ်) ကာကွယ်ဆေးမှာပါဝင်တဲ့ ဓာတ်ပစ္စည်း တစ်ခုခုနဲ့ ဓာတ်မတည့်တဲ့သူတွေ၊ လတ်တလော ဖျားနာနေတဲ့ ကျောင်းသား ကျောင်းသူတွေ၊ ဆီးချိုရောဂါ၊ အတက်ရောဂါ၊ ဦးနှောက်အာရုံကြောရောဂါ တစ်ခုခုရှိသူတွေနဲ့ မိသားစုဝင်တွေမှာ ထိုရောဂါရှိတဲ့ ကျောင်းသား ကျောင်းသူတွေ၊ သွေးဥမွှား လျော့နည်းသူတွေ၊ သွေးမတိတ်ရောဂါရှိသူတွေနဲ့ အခြားသွေးရောဂါရှိသူတွေ၊ ခန္ဓာကိုယ်ခုခံအားစနစ် အားနည်းနေသူတွေကို မထိုးပေးရပါဘူး။

**မေး။** အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူတွေကို နိုင်ငံတော်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်မှုအပေါ် ဆရာမကြီးရဲ့ ပီတိစကားသံလေးကို ပြောကြားပေးပါရှင့်။

**ဖြေ။** ကျောင်းသား ကျောင်းသူတွေ ရောဂါကင်းဝေး ကျန်းမာပြီး ပညာသင်ယူခွင့် ရရှိစေချင်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေ အားလုံး အသက်အရွယ်အလိုက် ကာကွယ်ဆေး ထိုးခွင့်ရသူတိုင်း ဆေးထိုးနှံကြပါ။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုကို သိရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကင်းဝေးကြစေရန် ဆန္ဒပြုပါတယ်။

ကျေးဇူးတင်ပါတယ်ဆရာမကြီးရှင့်။

**ခရိုင်ပြန်/ဆက်(မအူပင်)**

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆေးနှင့် ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ခုနစ်ခုမှ Amoxicillin Tablet ၃၃၆၄ ခု၊ Azithromycin Tablet ၁၁၁၁၂ ခု၊ Cefixime Tablet ၁၂၂၀၀၊ Paracetamol Tablet အခု ၉၁၀၀၊ Arasid-500 Injection ၅၉၈ ခု၊ Maxamin Forte Tablet အခု ၁၂၆၀၀၊ Beplex Forte Tablet အခု ၅၂၅၀၊ Phenyto-S Tablet အခု ၁၀၅၀၊ Nephrisol-D Special Nutritation With High Protenin ၂၄၄၈ ခု၊ Nephrisol-D Special Nutritation ၃၆၇၂ ခု၊ Omez 40 Injection ၂၀၁၂၅ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၁ ခု၊ Oxygen Concentrator Accessories နှစ်ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Filling Compressor လေးခု၊ အောက်ဆီဂျင်ထုတ်သည့်စက် နှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် အခု ၁၀၀၊ Oxygen Cylinder ၁၀၃၇ ခု၊ Oxygen Regulator အခု ၁၂၀၀၊ ဆေးဝါးမျိုးစုံ ၂၄ မျိုး (၁၂၃၄၅၁ ဒသမ ၆၆) ကီလိုဂရမ်၊ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ ကိုးခုတို့မှ Chlophenamine Maleate Oxygen Cylinder အခု ၁၀၀၊ နှာခေါင်းစည်း ၁၅၆၅၅ ကီလိုဂရမ်၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ အခု ၃၃၄၅၀၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ Gloves ကီလိုဂရမ် ၇၀၀၀၊ Shoe Cover ၁၈၂၆၅၁ ကီလိုဂရမ်၊ Chlorphena- mine Maleate Injection ၅၃၉၆ ကီလိုဂရမ်၊ Syringe ၁၂၆၆၀၊ Vitamin-B6 Injection ၉၉၈၂ ကီလိုဂရမ်၊ Vitamin-C Injection ကီလိုဂရမ် ၇၂၀၀၊ Vitamin-C Tablet ၁၀၅၈ ကီလိုဂရမ်၊ Glucose Injection ၁၈၉၃၈ ကီလိုဂရမ်၊ Vitamin B12 Injection ၁၀၂၉ ကီလိုဂရမ်တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၈၂ ဦး တွေ့ရှိကြောင်း သတင်းထုတ်ပြန်

## ကိုဗစ်-၁၉ ရောဂါ<br>စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍<br>သတင်းထုတ်ပြန်ခြင်း

(၁၂-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့်အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၁-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇,၉၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၃၈၂) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ (၇.၇) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၃၈,၅၆၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၈၁,၂၃၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၆၂၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၃၄,၀၈၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၁၈၈) ဦး ရှိပါသည်။


- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှု များဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအား ပိုမိုလျော့နည်းလာစေရေးအတွက် ပြည်သူများအနေဖြင့် မိမိတို့ ကဏ္ဍအလိုက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ယခုထက် ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ<br>(၁၂-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | ၁၂၅၉ | ၆၀ |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | ၃၂ | ၆ |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ၅၂၇ | ၂ |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ၃၉၈ | ၃၀ |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | ၁၆၇ | ၇၃ |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | ၃၂၇ | - |
| တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | ၇၂၅ | ၉၇ |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | ၁၄၅၆၃ | ၁၁၁၄ |
| စုစုပေါင်း | ၁၇,၉၉၈ | ၁,၃၈၂ |

### မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှု အခြေအနေ<br>(၂၇-၅-၂၀၂၁ မှ ၁၁-၁၀-၂၀၂၁)




### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၃၁၃၃၅၃ | ၃၄၇၉၇၁၆၅ | ၇၃၄၆၁၁ |
| ၂။ | အိန္ဒိယ | ၃၃၉၈၅၉၂၀ | ၃၃၂၂၀၀၅၇ | ၄၅၀၉၉၁ |
| ၃။ | ဘရာဇီး | ၂၁၅၈၂၇၃၈ | ၂၀၆၉၄၆၆၉ | ၆၀၁၂၆၆ |
| ၄။ | ဗြိတိန် | ၈၁၉၃၇၆၉ | ၆၆၈၆၆၉၅ | ၁၃၇၇၆၃ |
| ၅။ | ရုရှား | ၇၈၃၂၉၆၄ | ၆၈၉၄၂၈၅ | ၂၁၈၃၄၅ |
| ၆။ | တူရကီ | ၇၄၇၅၁၁၅ | ၆၉၂၇၃၃၇ | ၆၆၃၆၈ |
| ၇။ | ပြင်သစ် | ၇၀၅၇၆၃၁ | ၆၈၄၇၆၁၇ | ၁၁၇၀၈၂ |
| ၈။ | အီရန် | ၅၇၂၉၇၈၅ | ၅၂၄၉၉၅၆ | ၁၂၃၀၈၁ |
| ၉။ | အာဂျင်တီးနား | ၅၂၆၆၂၇၅ | ၅၁၃၃၆၉၂ | ၁၁၅၄၉၁ |
| ၁၀။ | စပိန် | ၄၉၇၇၄၄၈ | ၄၈၁၆၁၉၄ | ၈၆၈၂၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၂၉၈၁၃ | ၄၀၆၅၄၂၅ | ၁၄၂၇၆၃ |
| ၂။ | ဖိလစ်ပိုင် | ၂၆၈၃၃၇၂ | ၂၅၆၁၂၄၈ | ၃၉၈၉၆ |
| ၃။ | မလေးရှား | ၂၃၄၆၃၀၃ | ၂၂၀၆၅၀၂ | ၂၇၄၂၂ |
| ၄။ | ထိုင်း | ၁၇၃၀၃၆၄ | ၁၆၀၄၃၅၅ | ၁၇၈၃၅ |
| ၅။ | ဗီယက်နမ် | ၈၄၆၂၃၀ | ၇၈၆၀၉၅ | ၂၀၇၆၃ |
| ၆။ | မြန်မာ | ၄၈၁၂၃၀ | ၄၃၄၀၈၀ | ၁၈၁၈၈ |
| ၇။ | စင်ကာပူ | ၁၂၉၂၂၉ | ၁၀၂၇၄၆ | ၁၇၂ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၅၃၃၅ | ၁၀၈၈၀၂ | ၂၅၄၄ |
| ၉။ | လာအို | ၂၉၃၉၁ | ၂၂၂၆၀ | ၃၃ |
| ၁၀။ | ဘရူနိုင်း | ၉၄၇၂ | ၇၀၉၇ | ၆၄ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကိုလိုက်နာစို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆေးတွေရရှိဖို့ကြိုးစားပြီး ကျောင်းသား ကျောင်းသူတွေကို အခမဲ့ထိုးနှံပေးတာဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ်မျိုးဆက်ရင်သွေးရတနာတွေ မကျန်ရှိရအောင် လာရောက်ထိုးနှံပါ

ဒေါက်တာစည်သူ

ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ထိုးကြပါစို့ ဟူသည့် ဆောင်ပုဒ်အတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးပြီး ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပုဂ္ဂလိကကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံပေးမည်ဖြစ်သည့်အတွက် အောက်တိုဘာ ၁၂ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး Sinovac စတင်ထိုးနှံပေးနေပြီဖြစ်ရာ ဆေးထိုးစုရပ်နေရာများ၌ ရောက်ရှိနေကြသည့် ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ကျောင်းသား မိဘများကို တွေ့ဆုံ၍ ဆေးထိုးနှံပေးမှုနှင့်စပ်လျဉ်းသည့် ရင်တွင်းခံစားချက်များကို မေးမြန်းရေးသား ဖော်ပြလိုက်ရပါသည်–



ဦးနေမျိုးထွန်း



ဒေါက်တာစည်သူ



ဦးအောင်လွင်



မယွန်းနဒီ



ဒေါ်တင်တင်ဦး



မောင်ဟိန်းထက်ဦး

**ဦးနေမျိုးထွန်း**
**မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဇမ္ဗူသီရိမြို့နယ်**

ကျောင်းသား ကျောင်းသူတွေရဲ့ ပညာသင်ယူမှု အခွင့်အလမ်းရရှိစေဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ မြို့နယ်ပညာရေးမှူး၊ ပရဟိတအဖွဲ့အစည်း၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီး စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်အတွင်းမှာတော့ ကျောင်းသား ကျောင်းသူပေါင်း ၆၈၈၇ ဦးရှိပါတယ်။ ဒါကြောင့် ကျောင်းအလိုက်နေ့ရက်တွေသတ်မှတ်ပြီး ဆေးထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ဇမ္ဗူသီရိမြို့နယ်မှာတော့ စုရပ်တစ်ခုတည်းမှာပဲ ဆေးထိုးဖို့စီစဉ်ထားပါတယ်။ ဆေးထိုးရာမှာ သက်ဆိုင်ရာ ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ အခြေခံပညာကျောင်းတွေထိုးပြီးမှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေကို ထိုးနှံပေးပါမယ်။ နောက်ဆုံးအနေနဲ့က ပုဂ္ဂလိကကျောင်းတွေကို ထိုးနှံပေးမှာဖြစ်ပါတယ်။ ကျွန်တော့်မြို့နယ်မှာ အခြေခံပညာအထက်တန်းကျောင်း ကိုးကျောင်း၊ အလယ်တန်းကျောင်း ရှစ်ကျောင်း ရှိပါတယ်။ ဆေးထိုးဖို့ကတော့ ဒီနေ့ကစပြီး အောက်တိုဘာ ၂၆ ရက်အထိလျာထားပါတယ်။

ကျောင်းသား ကျောင်းသူတွေကို ဆေးမထိုးခင် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံး၊ ကျောင်းအုပ်ကြီးတွေ၊ ဆရာ ဆရာမတွေ ပူးပေါင်းပြီး အသိပညာပေးတာ၊ လက်ကမ်းစာစောင် ဖြန့်ဝေပေးတာ၊ အသံချဲ့စက်နဲ့ အသိပေးတာတွေ ပြုလုပ်ပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကနေတစ်ဆင့်လည်း အသိပေးတာတွေရှိပါတယ်။ နောက်ကျောင်းသား ကျောင်းသူတွေ ပညာသင်ယူခွင့် အခွင့်အလမ်းရရှိစေရေးနဲ့ပတ်သက်တဲ့ ဗီနိုင်းတွေ၊ ကာကွယ်ဆေးထိုးနှံရေးနဲ့ပတ်သက်တဲ့ ဗီနိုင်းတွေကို စိုက်ထူပေးပါတယ်။ နောက်ပြီး မိဘတွေ သဘောတူညီချက်စာရွက်ကိုလည်း မိဘတွေကိုယ်တိုင်ဖတ်ရှုပြီး ဆေးရဲ့အကျိုးကျေးဇူးကို နားလည်သဘောပေါက်စေပါတယ်။ ဒီလိုဆောင်ရွက်ပြီးမှ ကလေးတွေအတွက်ထိုးသင့်တယ်ဆိုတဲ့ မိဘတွေရဲ့ သဘောတူညီချက်လက်မှတ်ရေးထိုးပြီးမှ ထိုးနှံပေးတာဖြစ်ပါတယ်။ ဆေးထိုးနှံရာမှာလည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်တွေအတိုင်း ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ရောဂါခုခံကာကွယ်ရေး၊ ပညာသင်ယူမှုအခွင့်အလမ်းရရှိရေးနဲ့ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးပေးပါ။ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများနဲ့အညီ နေထိုင်ကြပါလို့ အကြံပြုတိုက်တွန်းလိုပါတယ်။

**ဒေါက်တာစည်သူ**
**နေပြည်တော် ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး**

အခုထိုးမယ့် ကာကွယ်ဆေးအမျိုးအစားက Sinovac ဖြစ်ပါတယ်။ ဒီဆေးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ အရေးပေါ်သုံးစွဲလို့ရတဲ့ ကာကွယ်ဆေးများစာရင်းထဲမှာလည်း ပါဝင်ပြီးသားဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူနှစ်ဦးကို ဆေးတစ်လုံးနှုန်းနဲ့ ထိုးမှာဖြစ်ပါတယ်။ အခုပထမအကြိမ် ထိုးနှံပေးပြီးတဲ့နောက် လေးပတ်ခြားပြီး ဒုတိယအကြိမ် ပြန်လည်ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ဒီဆေးက ကျွန်တော်တို့ဆီမှာမှ စတင်ထိုးနေတာ မဟုတ်ပါဘူး။ တရုတ်နိုင်ငံမှာဆိုရင် ကလေးသူငယ်ဦးရေ သန်း ၆၀ ကျော်ကို ထိုးနှံပြီးသား ဖြစ်ပါတယ်။ ဆေးရဲ့ ပြင်းထန်ဘေးထွက်ဆိုးကျိုး အန္တရာယ်ကတော့ လူဦးရေ ၁၀ သိန်းမှာ တစ်ယောက်လောက်ပဲဖြစ်နိုင်တဲ့ ပမာဏရှိပါတယ်။ အခုလက်ရှိအထိလည်း ဘေးထွက်ဆိုးကျိုးခံစားထားရတာမရှိပါဘူး။

ဆေးထိုးရခြင်းရည်ရွယ်ချက်ကတော့ ကျောင်းသား ကျောင်းသူတွေဆိုတာ လူအစုလိုက် တစ်နေရာတည်းမှာ တက်နေတဲ့ အုပ်စုတွေဖြစ်ကြပါတယ်။ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ကူးစက်မှုမြန်နိုင်ပါတယ်။ ဆေးထိုးလိုက်ခြင်းအားဖြင့် ကျောင်းသား ကျောင်းသူတွေအချင်းချင်း ကူးစက်မှုလျော့ကျသွားနိုင်ပါတယ်။ နောက်တစ်ခုက ကျောင်းသား ကျောင်းသူတွေကနေ အိမ်ကမိသားစုဝင်တွေကို ကူးစက်နိုင်မှု လျော့ကျသွားနိုင်ပါတယ်။ ဒီလိုလျော့ကျသွားရင် ကျောင်းတွေပြန်ဖွင့်ပြီး ကလေးတွေကို မူလအတိုင်းပညာသင်ကြားနိုင်ဖို့အတွက် ရည်ရွယ်ပြီး ဆေးထိုးနှံပေးတာဖြစ်ပါတယ်။ ဒီဆေးထိုးဖို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆေးတွေရရှိဖို့ကြိုးစားပြီး ကျောင်းသား ကျောင်းသူတွေကို အခမဲ့ထိုးနှံပေးတာဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ်မျိုးဆက်ရင်သွေးရတနာတွေ မကျန်ရှိရအောင် လာရောက်ထိုးနှံပါလို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

**ဦးအောင်လွင်**
**လယ်ဝေးမြို့နယ်ပညာရေးမှူး**

လယ်ဝေးမြို့နယ်မှာ ကာကွယ်ဆေးထိုးမယ့်ကျောင်း စုစုပေါင်း ၁၃၇ ကျောင်းရှိပါတယ်။ ဒီနေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတစ်ခုတည်းမှာ အထက်တန်းကျောင်းသား ကျောင်းသူဦးရေ ၁၀၀ ကို ထိုးနှံပေးတာပါ။ နောက်နှစ်ရက်အထိ ဒီကျောင်းမှာပဲ ကျောင်းသား ကျောင်းသူဦးရေ ၁၀၀ ကို ဆက်လက်ထိုးနှံသွားမှာဖြစ်ပါတယ်။ အောက်တိုဘာ ၁၅ ရက်မှာတော့ လယ်ဝေးမြို့နယ်ထဲမှာရှိတဲ့ ကျောင်း ငါးကျောင်းမှာ ဆက်လက်ထိုးနှံမှာဖြစ်ပါတယ်။ လတ်တလောတော့ အရေအတွက် ဘယ်လောက်ထိုးမယ်ဆိုတာမသိရသေးပါဘူး။ ဆေးထိုးတဲ့အခါမှာလည်း ဆေးထိုးမယ့် ကျောင်းသား ကျောင်းသူရဲ့ မိဘ သို့မဟုတ် အုပ်ထိန်းသူက ဆေးထိုးတာကိုသဘောတူကြောင်း လက်မှတ်ထိုးစေပြီးမှသာ ဆေးထိုးပေးခြင်းဖြစ်ပါတယ်။

ဆေးထိုးဖို့ အသိပညာပေးမှုအနေနဲ့ ရေဒီယို၊ သတင်းစာတွေကလည်း ကြေညာပေးနေပါတယ်။ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း လက်ကမ်းစာစောင်တွေ ပေးဝေပြီး အသိပညာပေးပါတယ်။ ကျောင်းဝင်းအတွင်းမှာ ဗီနိုင်းတွေနဲ့ ကလေးတွေ ဆေးထိုးဖို့အစီအစဉ်တွေကိုလည်း မိဘတွေသိအောင် ကြေညာပေးထားပါတယ်။ ဆေးထိုးပြီးတဲ့ ကလေးတွေအတွက်လည်း နာရီဝက်နားဖို့ နားနေဆောင်တွေ သီးသန့်ထားရှိပါတယ်။ နားနေရင်း ရုတ်တရက် ကျန်းမာရေးချို့ယွင်းလာခဲ့ရင်လည်း ကျန်းမာရေးစောင့်ရှောက်ခန်းတွေ ထားရှိပါတယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနဲ့ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းတွေကိုလည်း ဆေးထိုးပေးဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီအတွက်လည်း စာရင်းတွေ ကောက်ယူထားပြီးပါပြီ။

**မယွန်းနဒီ**
**အထက်တန်းကျောင်းသူ**

သမီးက ၁၀ တန်းတက်နေတာပါ။ ဆေးထိုးဖို့အတွက် ကျောင်းက ဆရာမက ဖုန်းဆက်ပါတယ်။ ဆေးမထိုးခင် သမီးတို့ကို ကျန်းမာရေးစစ်ဆေးပေးပါတယ်။ အခုလို ဆေးထိုးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သမီးတို့ ကျောင်းလည်း ပြန်တက်ရတော့မယ်ဆိုတော့ ဝမ်းသာပါတယ်။ ကျောင်းကသူငယ်ချင်းတွေနဲ့ ဆရာ ဆရာမတွေကိုလည်း အမြန်ဆုံးတွေ့ချင်လှပြီ။ ဆေးမထိုးရသေးတဲ့ သူငယ်ချင်းတွေနဲ့ ညီမလေး၊ မောင်လေးတွေကိုလည်း ဆေးအမြန်ဆုံးထိုးကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဒေါ်တင်တင်ဦး**
**မိဘအုပ်ထိန်းသူ**

အခုလိုဆေးထိုးပေးတာ ကျွန်မသိပ်ဝမ်းသာပါတယ်။ ကလေးတွေ ကျောင်းမတက်ရတော့ စာလည်းနောက်ကျပါတယ်။ အခုဆေးထိုးပြီးရင် ကျောင်းပြန်တက်ရတော့မယ်ဆိုတော့ ကျန်းမာရေးအတွက်လည်း စိတ်ချရပါပြီ။ ကျောင်းပြန်တက်ရရင်လည်း ပုံမှန်လုပ်နေကျ လက်ဆေးတာ၊ နှာခေါင်းစည်းတပ်တာတွေကို ဆက်ပြီးဂရုစိုက်ခိုင်းမှာပါ။ ဆေးမထိုးရသေးတဲ့ သားသား၊ မီးမီးတွေကိုလည်း ဆေးထိုးကြပါလို့ ပြောချင်ပါတယ်။

**မောင်ဟိန်းထက်ဦး**
**အထက်တန်းကျောင်းသား**

ကျွန်တော်က ၁၀ တန်းကျောင်းသားပါ။ အခုလိုနိုင်ငံတော်အစိုးရက ကျွန်တော်တို့လို အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသား ကျောင်းသူတွေကို ဆေးထိုးပေးလို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ကျောင်းပြန်တက်ချင်နေပါပြီ။ အိမ်မှာစာတွေလေ့လာနေပေမယ့် မသိနားမလည်တာရှိရင် ဆရာ ဆရာမတွေကို စာမေးဖို့အခက်တွေ့ပါတယ်။ ဆေးထိုးပြီးရင် ကျောင်းပြန်တက်ရတော့မယ်ဆိုတော့ ဝမ်းသာပါတယ်။ ကျွန်တော်တို့ စာတွေ ပိုပြီးလေ့လာလို့ရပါပြီ။ ဆေးမထိုးရသေးတဲ့သူငယ်ချင်းတွေကိုလည်းဆေးထိုးဖို့ တိုက်တွန်းချင်ပါတယ်။

တွေ့ဆုံမေးမြန်း – အောင်သန့်
ဓာတ်ပုံ – ကိုကိုအေး

❒ နေပြည်တော်မှ

ဘေစင်များထားရှိ၍ လက်ဆေးစေခြင်း Mask နှင့် Face Shield များ ဝေငှခြင်း၊ ဆေးထိုးရန်လာရောက်သည့်ကျောင်းသား ကျောင်းသူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်းတို့ကို တာဝန်ကျ ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများက ဆောင်ရွက်ပေးကြပြီး ပညာပေးဗီနိုင်းဆိုင်းဘုတ်များကိုလည်း ကျောင်းတွင်း၊ ကျောင်းပြင် ချိတ်ဆွဲထားရှိကာ အသိပညာပေးမှုများ ဆောင်ရွက်ထားသည်ကို တွေ့ရှိရသည်။

ယင်းသို့ ဆောင်ရွက်ပြီးပါက ပညာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ကြိုတင်အသိပညာပေးခြင်းများ ဆောင်ရွက်ပြီး မိဘအုပ်ထိန်းသူများ၏ သဘောတူညီချက်လက်မှတ်ရယူကာ ကာကွယ်ဆေးထိုးနှံပေးသည်။

ကာကွယ်ဆေး ထိုးနှံပြီးသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆေးကြောင့် နောက်ဆက်တွဲလက္ခဏာများ ဖြစ်ပေါ်မှု ရှိ၊ မရှိ စောင့်ကြည့်နိုင်ရန် သီးသန့်အခန်းများတွင် ထားရှိပြီး နာရီဝက်စောင့်ကြည့်စေကာ ကျန်းမာရေး ချို့ယွင်းမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်လည်း ဆောင်ရွက်ထားသည်ကို တွေ့ရှိရသည်။

ထို့ပြင် ဆေးထိုးနှံမည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရန် School Bus များ စီစဉ်ပေးထားပြီး ဆေးထိုးစုရပ်ကျောင်းပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များက လုံခြုံရေးဆောင်ရွက်ပေးသည်ကို တွေ့ရှိရသည်။



ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးပါက ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျောင်းများတွင် လုံခြုံစိတ်ချစွာ ပညာသင်ကြားသင်ယူခွင့် ရရှိမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ဆေးထိုးနှံရန် ကျန်ရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆေးထိုးနှံနိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ဦးစားပေးအစီအစဉ်များအလိုက် ထိုးနှံပေးသွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိစေရန်၊ အခြေခံပညာ ကျောင်းသား ကျောင်းသူများတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွား၊ သေဆုံးမှုကို လျှော့ချရန်နှင့် ကျောင်းသား ကျောင်းသူများမှတစ်ဆင့် မိသားစုနှင့်ပတ်ဝန်းကျင်သို့ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း–အောင်သန့်**
**ဓာတ်ပုံ–ကိုကိုအေး**

## နေပြည်တော်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုမြင်ကွင်းများ



ဥတ္တရသီရိမြို့နယ်

ဓာတ်ပုံ–အောင်ကို(ပြန်/ဆက်)



ဇမ္ဗူသီရိမြို့နယ်

ဓာတ်ပုံ–မြို့နယ်(ပြန်/ဆက်)



လယ်ဝေးမြို့နယ်

ဓာတ်ပုံ–နေဇော်ချစ်



ဇေယျာသီရိမြို့နယ်

ဓာတ်ပုံ–အေးလင်းထွန်း



ဒက္ခိဏသီရိမြို့နယ်

ဓာတ်ပုံ–နိုင်မင်းထက်



တပ်ကုန်းမြို့နယ်

ဓာတ်ပုံ–တင်စိုးလွင်



ပုဗ္ဗသီရိမြို့နယ်

ဓာတ်ပုံ–မျိုးသီဟ



ဒက္ခိဏသီရိမြို့နယ်

ဓာတ်ပုံ–နိုင်မင်းထက်

# ယဉ်ကျေးလိမ္မာအစပြု ဝစီကံယဉ်ကျေးမှု(၁)

**ဦးမင်းဟန်(ဘီအေ)**

ယနေ့နံနက်တွင် ရာသီဥတုမှာ ပိုမိုသာယာလျက်ရှိသည်။ ဘိုးလေးကြွက်ထိုင်နေကျ အိမ်ရှေ့ကုက္ကိုပင်ကြီး၌ ကျေးငှက်တို့ ပိုမိုပျော်မြူးနေကြသည်။ ကျေးငှက်သံညံစီစီဖြင့် ကြည်နူးစရာကောင်းလှသည်။

နံနက်စောစောအချိန် ဘိုးလေးကြွက်က ကျေးငှက်များကို အစာကျွေးကာ မေတ္တာပို့ခြင်း၊ ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုခြင်း၊ အမျှပေးဝေခြင်း အမှုတို့ကို ပြုလုပ်လျက်ရှိသည်။ သို့သော် ယင်းကဲ့သို့ ကုသိုလ်အမှုများကို နေ့စဉ်လုပ်ဆောင်နေကျဖြစ်သော်လည်း ယနေ့တွင်မှ ကျေးငှက်တို့က ပိုမိုပျော်မြူးနေကြခြင်းဖြစ်သည်။

“ဘိုးလေးရေ ဒီနေ့မှာ ငှက်ကလေးတွေက ပိုပျော်နေကြသလိုပဲနော်”

“ဟုတ်တယ်မြေးရဲ့ - သူတို့တွေ ဒီနေ့ ဘိုးလေးပို့သတဲ့ မေတ္တာဓာတ်တွေရနေကြတယ် ထင်ပါတယ်”

“ကျေးငှက်သံလေးတွေက ပိုပြီးသာယာလာတယ်”။

ကိုဦးစကားကို ဘိုးလေးကြွက်က သဘောကျကာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဆက်ပြောသည်။

“မေတ္တာဆိုတာ ထိရောက်တယ်ကွယ့်။ မေတ္တာပို့တာ၊ ဘုရားဂုဏ်တော်ရွတ်ဆိုတာ၊ ဘုရားစာရွတ်ဖတ်တာ၊ ဘုရားရှိခိုး တာ၊ ပဋ္ဌာန်းရွတ်ဖတ်တာတွေကို အသံထွက်ရွတ်ဖတ်တာ ပိုကောင်းတယ်။ ပိုထိရောက်တယ်။ ပိုလေးနက်တယ်။ ပိုပြီးတန်ဖိုးရှိတယ် ပေါ့ကွယ်”

“ဘိုးလေးမေတ္တာပို့တာကို ငှက်လေးတွေက ကြားတယ်ထင်တယ်နော်”

“ကြားတာပေါ့ ပူစူးမရဲ့။ ဒီနေ့တော့ ထူးထူးခြားခြားပိုကြား ပိုသိပြီး ပိုနားလည်ကြလို့ဖြစ်မှာပေါ့။ ဘိုးလေးက အသံထွက်ပြီးမေတ္တာပို့တာ၊ နေ့တိုင်း အဲဒီလို ပို့နေကျပဲ။ ဒီနေ့တော့ ပိုပြီးစိတ်ပါလက်ပါ မေတ္တာပို့ဖြစ်တယ်”

“ဟုတ်ကဲ့ ဘိုးလေး”

“ကိုယ်တိုင်ကမေတ္တာထားရင် လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် မေတ္တာရောင်ပြန်ဟပ်တာပေါ့။ မေတ္တာနဲ့စတဲ့ နံနက်ခင်းဟာ သာယာတာပေါ့။ ကြည်နူးစရာဖြစ်တာပေါ့။ ရွှင်လန်းစရာကြုံရတာပေါ့။ စိတ်ကြည်လင်ရတာပေါ့။ အဲဒီအကျိုးကျေးဇူးတွေကို ခံစားရတာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ ဘိုးလေး။ ဒီနေ့တော့ နံနက်ခင်းက အေးချမ်းတယ်။ သာသာယာယာရှိတယ်။ ပျော်ရွှင်စရာလည်းကောင်းနေတာဆိုတော့ ဘိုးလေးပြောမယ့်အကြောင်းအရာတွေကို ပိုပြီးသိချင်လာမိတယ်”

“ကိုဦးက တယ်ဟုတ်ပါလား။ ခုလိုအခြေအနေနဲ့ အချိန်အခါကောင်းကို ရွေးချယ်ပြောတတ်တာဟာလည်း မင်္ဂလာတစ်ပါးပါပဲကွယ်”

ဘိုးလေးကြွက်က ကိုဦးစကားကို နှစ်သက်ကျေနပ်စွာဖြင့် ပြန်ပြောလိုက်သည်။

“ဒီနေ့တော့ - မြေးတို့ကိုပြောပြဖို့ စိတ်ကူးထားတာက ကာယကံနဲ့ပတ်သက် တာတွေ ပြီးသွားတော့ ဝစီကံယဉ်ကျေးမှုနဲ့ ပတ်သက်တာတွေ ပြောဖို့ပေါ့”

“ဟုတ်ကဲ့ ဘိုးလေး”

“မြေးတို့ဘုရားရှိခိုးတဲ့အခါ ဩကာသကန်တော့ချိုးကို သိပါတယ်နော်”

“သိပါတယ် ဘိုးလေး”

“မြေးတို့အားလုံး သိကြတယ်ဆိုတော့ ကန်တော့ချိုး ပထမပိုဒ်လေးကို ဆိုကြည့်လိုက်ပါဦး”

“ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရား ရတနာ၊ တရား ရတနာ၊ သံဃာ ရတနာ၊ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ကန်တော့ပါ၏ အရှင်ဘုရား”

မောင်ထူး၊ ကိုဦးနှင့်ပူစူးမတို့သုံးဦး၏ ညီညာသောကန်တော့ချိုးမှာ သာယာသောနံနက်ခင်းနှင့် ပနံရလိုက်ဖက်နေလေသည်။

“သာဓုကွယ် သာဓု၊ သာဓု။ မြေးတို့က ညီညီညာညာ ရွတ်ဆိုလိုက်ကြတာ နားဝင်ချိုလိုက်တာကွယ်။ နံနက်ခင်းလေးမှာ မင်္ဂလာရှိလိုက်တာ။ မြေးတို့လည်း ကုသိုလ်တွေရသွားကြပြီပေါ့။ ဒီကန်တော့ချိုးထဲမှာ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတာပါတယ်နော်”

“ဟုတ်ကဲ့ ပါပါတယ်ဘိုးလေး”

“ကာယကံနဲ့ပတ်သက်တဲ့ ယဉ်ကျေးမှုအကြောင်းတော့ မြေးတို့ခြုံငုံသိရှိပြီးကြပြီလေ။ ခုတစ်ခါ ဝစီကံနဲ့ပတ်သက်တဲ့ ယဉ်ကျေးမှုတွေ ဘိုးလေး ဆက်ပြောပြမယ်။ လိုက်ပြီးမှတ်သားကြပေါ့။ မရှင်းလင်းတာရှိရင်လည်း မေးကြပေါ့ကွယ်။ သြော် ဒါနဲ့ ဝစီကံရဲ့ အဓိပ္ပာယ်ကောသိကြလားကွဲ့”

“ဘိုးလေး ပြောပြပေးပါ”

“မောင်ထူးကတော့လုပ်ပြီ။ မသိရင်မသိဘူး မပြောဘူး။ ဘိုးလေးပြောပါတဲ့ ဟင်းဟင်း ဟင်း”

ပူစူးမက မောင်ထူး၏စကားကို ပြန်ပြောလိုက်ရင်း ရယ်နေတော့သည်။

“တို့တွေ အားလုံးအတွက် ပြောလိုက်တာလေ။ သိမှ မသိတာကိုး "

မောင်ထူး၏ ရိုးသားစွာ ပြန်ပြောလိုက်သော စကားကြောင့် ဘိုးလေးကြွက်အပါအဝင် သဘောကျစွာ ရယ်လိုက်ကြသည်။

“အေးပါကွယ်- ဘိုးလေးပြောပြပါ့မယ်။ ဝစီကံဆိုတာ နှုတ်ဖြင့်ပြောဆိုတဲ့အမှုကို ဆိုလိုတာလောက် သိထားရင်ကို ရပါတယ်။ နှုတ်ကပြောတာဆိုတော့ ပါးစပ်နဲ့ပြောတဲ့ စကားအရာတွေပေါ့ကွယ်။ ဝစီကံသိပ်ပြီးအရေးပါတယ်။ ပါးစပ်ကနေ လွှတ်ခနဲပြောလိုက်တဲ့စကား၊ လွယ်လွယ်ပြောလိုက်တဲ့ စကား အဲဒီစကားတွေက သိပ်သတိထားရတယ်”

“ဟုတ်ကဲ့ ဘိုးလေး”

“စကားပြောတဲ့နေရာမှာ ဝစီဗေဒထိတိုင်းရှ ဆိုတာရှိတယ်ကွဲ့။ ပါးစပ်ကပြောထွက်လိုက်တဲ့ စကားဟာ ယဉ်ကျေးသိမ်မွေ့တာဆိုရင် ကိစ္စမရှိပါဘူး။ ရုန့်ရင်းကြမ်းတမ်းတဲ့ စကားမျိုးများ ပြောထွက်ခဲ့ရင် အပြစ်ဖြစ်ရောပဲ”

“ဟုတ်ကဲ့ မှတ်သားထားပါ့မယ်”

“အေးအေး- ဝစီကံယဉ်ကျေးမှုမှာလည်း မှတ်သားစရာ၊ လိုက်နာစရာတွေများသားကွဲ့။ မြေးတို့တစ်တွေမှတ်သားကြပြီး လိုက်နာနိုင်ကြရမယ်”

“ဟုတ်ကဲ့ မှတ်သားပြီး လိုက်နာပါ့မယ် ဘိုးလေး”

“မြတ်စွာဘုရားကို ဗုဒ္ဓလို့ နာမည်ဖော်ကာ ခေါ်ဝေါ်မသုံးစွဲရဘူး။ မြတ်စွာဘုရား၊ ဘုရားရှင်၊ ဗုဒ္ဓဘုရားရှင်ရယ်လို့ ခေါ်ဝေါ်သုံးစွဲရတယ်။ အခေါ်အဝေါ်အသုံးအနှုန်းတွေကအစ သုံးစွဲသူက အမှုမဲ့အမှတ်မဲ့ခေါ်ဝေါ်သုံးစွဲ သုံးနှုန်းမိကြရင် ဝစီကံအမှုကျူးလွန်ရာရောက်တယ်။ အဲဒါကြောင့် ယဉ်ကျေးသိမ်မွေ့စွာ သုံးနှုန်းပြောဆို ခေါ်ဝေါ်တတ်ဖို့ အလွန်အရေးကြီးတယ်။ သေသေချာချာ နားထောင်ပြီး မှတ်သားကြနော်”

“မှတ်သားထားပါ့မယ် ဘိုးလေး။ မြေးတို့နားစွင့်နေပါတယ်”

မောင်ထူး၊ ကိုဦးနှင့်ပူစူးမတို့ ပြိုင်တူပြန်ပြောလိုက်ကြသည်။

“အေးကွယ်- အေးအေး- ဝစီကံယဉ်ကျေးမှုအကြောင်းတွေကများတော့ တတ်နိုင်သလောက် မြေးတို့ နားလည်လွယ်အောင် ပြောရမှာပေါ့။ ဝစီကံလေးပါးရှိတယ် ဆိုတာကိုတော့ လောလောဆယ် မှတ်ထားကြဦးနော်”

“ဟုတ်ကဲ့ ဘိုးလေး။ အဲဒီ ဝစီကံလေးပါးကိုလည်း သိချင်ပါတယ်” ပူစူးမက ဘိုးလေးကြွက်၏ စကားအဆုံးမှာ ပြောလိုက်သည်။


“ပြောရမှာပေါ့။ မြေးတို့လည်း မှတ်သားရမှာပေါ့ကွယ်။ နံပါတ်တစ်က မုသာဝါဒ။ နံပါတ်နှစ်က ပိသုဏဝါစာ။ နံပါတ်သုံးက ဖရုသဝါစာ။ နံပါတ်လေးက သမ္ဖပ္ပလာပ တို့ပေါ့ကွယ်”။

“ခဏနော်ဘိုးလေး မြေးတို့ မှတ်စုစာအုပ်မှာ မှတ်လိုက်ပါဦးမယ်”

ကိုဦးက ပြောပြောဆိုဆို မှတ်စုစာအုပ်တွင် ရေးမှတ်နေရာ မောင်ထူးနှင့်ပူစူးမကလည်း မှတ်စုစာအုပ်ကိုယ်စီတွင် ရေးမှတ်နေကြလေသည်။

“ကဲကဲ ဝစီကံလေးပါးရဲ့ အဓိပ္ပာယ်တွေကိုတော့ နောက်နေ့မှ ဆက်ပြောကြတာပေါ့။ အချိန်လည်း အတော်လင့်သွားပြီ။ နားကြဦးစို့။ ။

# မုသားရှောင်ခြင်း ယဉ်ကျေးမှု (၁)




ညိုကြီး

“ဆို ... အောင်ဘု”

“ဒီနေ့ ... မင်းအလှည့်နော် ...”

“ဘာလဲကွ .. မင်းဟာက အရင်းမရှိ၊ အဖျားမရှိနဲ့ ...”

“ဟင် .. မင်း မေ့နေလား၊ မင်းအမေ ရိုက်တာလေ၊ လိမ် လို့လေကွာ”

“အေး ... ဟုတ်တယ်၊ နို့ ... ဘာဘာလည်း မဆင်းလာ သေးပါလား”

“စာကြည့်နေမှာပေါ့”

“ဟော ... ဟိုမှာ ဂွက်ထော်၊ ခင်စိန်မတို့နဲ့ မောင်သီလတို့ မောင်နှမရောလာကြပြီ”

“ဟဲ့ ... နင်တို့က အစောကြီးကိုး”

“ဒါပေါ့ မဂွက်ထော်”

ကျွန်တော်တို့က ဘာမဆို ရှေ့ကဗျ ဟဲ ...ဟဲ”

“အံမာ ... ကြီးကျယ်လိုက်တာ၊ တစ်ခါလေး စောတာနဲ့ နို့ ... ဘာဘာကော ... ”

“အမြင်ပဲ မရောက်သေးဘူး”

“ဟော့ ... ဒီနေ့ ဘယ်သူ အဆော်ခံရသေးလဲ”

“ငါတော့ ... အရိုက်မခံရဘူး”

“တို့လည်း နင့်လိုပါပဲ အရိုက်မခံရပါဘူး”

“ကျွန်တော်တို့ မောင်နှမကတော့ အဆူပဲခံရတယ်”

“ဟေ ... နင်တို့က ... ”

“ဒီလို ... မမခင်စိန်၊ သောက်ရေအိုး ရေထည့်ဖို့ နင်ထည့်၊ ငါထည့်နဲ့ ငြင်းနေလို့တဲ့”

“ဟ ... ဒါမျိုးဆိုတာ မတွက်ကတ်ရဘူး။ မရှိမှန်းသိရင် သိတဲ့လူက ဒါ.. ငါ့တာဝန်ပဲဆိုပြီး ခပ်ထည့်ရတယ်။ ရေတင်ဘယ်ကမလဲ။ တံမြက်လှည်းတာ၊ ပန်းကန်ခွက်ယောက်ဆေးတာတွေက အစပေါ့။ ဒါဟာ အိမ်တွင်းညီညွတ်ရေးပဲ၊ မောင်နှမညီညွတ်ရေးပဲ၊ မဟုတ်ဘူးလား ..... ညိုကြီး”

“ဟုတ်ပ့ါ... ကိုအောင်ဘု”

“ဒါဆို ညိုကြီး ... မင်းဦးလေးစာ”

“အံမာ ... သူ့ကိုယ်သူ ဘာဘာကျနေတာပဲ”

“ဟဲဟဲ ... ဒါပေါ့ မစိန်ဂွက်ထော်ရ၊ လုပ်လေကွာ .ညိုကြီး”

“ဟုတ်ကဲ့ပါ.. ဘာဘာ၊ အဲယောင်လို့ မောင်အောင်ဘု ရယ် အဟမ်း ... အဟမ်း ... အဟမ်း”

“အံမယ်လေးတဲ့၊ ဆိုဖို့အရေး ဇာချဲ့လိုက်တာ”

“မချဲ့ပါဘူး ပညာရှင်မို့ပါ ... မခင်စိန်၊ အဲ... သုံးရေသောက်ရေ၊ မရှိချေ၊ ရေကို ခပ်ကွယ့်၊ မကတ်နဲ့ တဲ့ပါဗျို့။ ဟိုဟို၊ ဒူ၊ နောင်”

“မင်း ဟာက ဘာတွေလဲ”

“ဒူကမောင်း၊ နောင်က ကြေးစည်လေ”

“ဟောဗျ၊ လူစုံတက်စုံပါပဲလား ...

“ဟုတ်ကဲ့ပါ ... ဘာဘာ”

“အေး ... ဘာဘာ၊ ကိစ္စလေးရှိလို့ ဟိုဘက်အိမ် သွားနေလို့ကွ။ ဒါနဲ့ညိုကြီး ဒီတစ်ခါ မင်းအလှည့် မဟုတ်လား”

“ဟုတ်ကဲ့ပါ။ အဲဒီနေ့က အမေ့ကို ဦးလေးဘုန်းကြီးဆီသွားမယ်လို့ လိမ်ပြောပြီး ဘောသွားကန်မိလို့ပါ။ ဒါကို ဘယ်သူတိုင်လဲမသိဘူး။ မေမေက သိတော့ရိုက်ရောပေါ့ ...”

“ဟော့ ...တို့မတိုင်ဘူး။ နင်ငိုသံကြားလို့ ထွက်ကြည့်တာပဲရှိတယ်”

“ဒါနဲ့တောင် တော်ပါတော့ ကြီးကြီးရဲ့လို့ နင်ဝင်မပြောဘူး”

“ဘာလို့ပြောရမှာလဲ။ မိဘလိမ်တဲ့ဟာကို မှတ်လောက်အောင်ကို ရိုက်ရမှာ ...”

“အေး ... ဟုတ်ပ့ါ မဂွက်ထော်၊ မင်းကျူးလွန်တဲ့အပြစ်က ပုဒ်မကြီးကွ။ လူ့သိက္ခာ၊ လူ့ကျင့်ဝတ်နဲ့ဆို လေးခုမြောက်အပိုဒ်ကြီးလေ။ မောင်သီလဆိုပြစမ်း”

“ဟုတ်ကဲ့ ... ဘာဘာ၊ မုသာဝါဒါ မဟုတ်မမှန် မုသားပြောခြင်းမှ ဝေရမဏီသိက္ခာပဒံရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို သမာဒိယာမိ ကောင်းစွာဆောက်တည်ပါ၏ ဘုရား”

“ဘယ့်နှယ် ... မောင်ညိုကြီး မင်းကျူးလွန်တဲ့လူ့ကျင့်ဝတ်ပဲ မဟုတ်လား”

**စာမျက်နှာ ၁၉ သို့ ☆**

## အရှုံးထဲက အမြတ်

# ငရဲဆီသွားရမလား ကျူးကျော်တဲတွေဆီ ပြေးရမလား

**ဓမ္မဒူတ**
**ဒေါက်တာအရှင်ဆေကိန္ဒ**



အပျော်အပါးတွေ များလွန်းလို့ အဲဒီလိုပဲ မိမိတို့တစ်တွေ သုံးဆယ့်တစ်ဘုံကနေ လာပြီး ကုသိုလ်တွေအများကြီးရဦးမယ် ဆိုပြီးတော့ လူ့ပြည်ဌာန လူ့လောကမှာ လာရှာကြတာ။

အခု မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း ဒကာကြီးဦးလှထွန်းလည်း အဲဒီလို စီးပွားလာရှာတာပါပဲ။ သူက စီးပွားပျက်ပြီး ပြန်ပြေးရတဲ့လူမျိုး မဟုတ်ပါဘူး။

ဘဝမှာလည်း တစ်ဆင့်ထက်တစ်ဆင့် ကုသိုလ်ကောင်းမှု ကောင်းတဲ့ အလုပ်တွေကို စီးပွားဖြစ်အောင် ဆောင်ရွက်သွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ။

တစ်ဆင့်ထက် တစ်ဆင့် လူ့ပြည် လူ့ခန္ဓာက ငှားထားတာဆိုဦးတော့ လူ့ခန္ဓာကိုယ်က ငါးသိန်းနဲ့ ငှားတယ်ဆိုရင် နတ်ပြည်နတ်လောကကျ ဆယ်သိန်းနဲ့ ငှားမှာပေါ့။

နောက်ကျတော့ ဆယ်သိန်းက မြန်မာငွေနဲ့ မရဘူးဟော့။ ဒေါ်လာနဲ့ ငှားမှငှားမယ်တဲ့။ ဒေါ်လာတစ်ထောင်ပေးမှ အိမ်ငှားရနိုင်မယ်ဆိုတော့၊ ကြည့်စမ်း တစ်လ ဒေါ်လာတစ်ထောင် ပေးသပေါ့။

မြက်ခင်းလည်းပါတယ်။ ရေကူးကန်လည်းပါတယ်။ မီနီဂေါက်ကွင်းလေးလည်းပါတယ်။ ဘယ်လောက်ကောင်းသတုံး။ အဲဒီလိုမျိုး ကောင်းတဲ့အိမ်မျိုးကို ငှားနိုင်ရင် မကောင်းဘူးလား။

အဲဒီတော့ ကိုယ့်ဘဝ ကိုယ်ပြန်ကြည့်။

ဒီလိုနဲ့ ဒီဘဝ ဒီခန္ဓာစွန့်သွားရင် ဘဝကောင်း ခန္ဓာကောင်း အိမ်ကောင်းတွေကို ဆက်ငှားနိုင်မလား။

ဒါမှမဟုတ် စီးပွားပျက်ပြီးတော့ ကျူးကျော်တဲတွေဆီ ပြေးရမလား စဉ်းစားကြည့်ကြပါ။

နေ့စဉ်နေ့တိုင်း ကိုယ်လုပ်တဲ့အလုပ်ကို ပေါ့ပေါ့မလုပ်ပါနဲ့။ လူ့ပြည်လာတယ်ဆိုတာ စီးပွားရှာဖို့။

ဘာစီးပွားလဲဆိုရင် ကုသိုလ်စီးပွားရှာဖို့ လာကြတာပါ။

ဒကာကြီး ဦးလှထွန်းအတွက်တော့ ဘာမှစိတ်ပူစရာ မလိုပါဘူး။ ဘာမှစိတ်သောက ရောက်စရာမလိုပါဘူး။ ဒကာကြီးက ဒါတွေ သိလွန်းလို့လည်း သူ့ဟာသူ၊ သူ့စီးပွားသူ ရှာသွားတာပါ။

စဉ်းစားကြည့်စမ်းပါ။

နောင်ဘဝ ဒီအိမ်မျိုး ဒီလူ့ခန္ဓာမျိုး ပြန်ငှားနိုင်မလား။ ဒါမှမဟုတ် ဒီထက်နိမ့်ကျတဲ့ဘဝကို သွားမှာလား။

ထင်ပါတယ်။

ကျူးကျော်တဲတွေဆီပဲ သွားမယ့်ဟာတွေ များမှာပါ။ ကိုယ့်ဟာကိုယ် စဉ်းစားကြပါ။

ကဲ ... ရှင်းရှင်းပဲပြောမယ်။

ကုသိုလ်တွေစုပြီးတော့ နတ်ပြည် သွားချင်သွားလို့ရတယ်။ ဒီဘဝက လွန်မြောက်ရင် ဘယ်ဘဝရောက်မလဲလို့ ပြော။

ကုသိုလ်အားကောင်းတဲ့သူဟာ ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း ဖြစ်တယ်။ လူ့ပြည် ပြန်လာချင်လည်း ရတယ်။ နတ်ပြည် ပြန်သွားချင်လည်း ရတယ်။

နတ်ပြည်၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ်။ ကုသိုလ်တွေ အပြည့်ရှိရင် ကိုယ်ကြိုက်တဲ့အတိုင်း ကိုယ်သွားချင်ရာ သွားလို့ရတယ်။ ကိုယ့်ဆန္ဒရှိတဲ့ဆီ သွားလို့ရပါတယ်။

အဲဒီလို ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း နောက်ဘဝကို ဖန်ဆင်းလို့ရတယ်။ ကြိုက်တဲ့အတိုင်း သွားလို့ရတယ်။ ကြိုက်တဲ့ခရီး သွားလို့ရတယ်။

ဘာဖြစ်လို့လဲဆိုရင် ကုသိုလ်လုပ်ထားလို့ပါ။

ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်တွေ ရှိနေပါတယ်။

အဲဒါကပဲ ငွေ၊ စီးပွား၊ အထုပ်နဲ့ အထည်နဲ့ရှိပြီ။ ကြိုက်တဲ့အိမ် ငှားလို့ရပြီ။

ဆယ်သိန်းတန် လုပ်မနေနဲ့။ ဒေါ်လာ တစ်ထောင်တန် ငှားလိုက်စမ်းပါ။ ကိုယ့်ခြံနဲ့ ကိုယ့်ဝင်းနဲ့ ကားလည်း ငှားစီးလိုက်စမ်းပါ။ ကြိုက်တာလုပ်လို့ ရပါတယ်။

ကိုယ့်မှာရော ကုသိုလ်အထုပ်ရှိပြီလား။

ပြန်လည်ဆန်းစစ်ပါ။

အဲဒီ ကုသိုလ်စီးပွားဟာ သေပြီးမှ ရှာလို့မရပါဘူး။ မသေခင် ရှာရမှာပါ။

နိုင်ငံခြားတွေ ဘာတွေသွားရင် ပိုက်ဆံမပါဘဲ သွားမှာလား။ ဒေါ်လာနဲ့ သွားကြမှာပါ။

အခု နောင်ဘဝကိုသွားတဲ့ ဒကာကြီး ဦးလှထွန်းက နောင်ဘဝသွားတော့ ပိုက်ဆံယူသွားလား။ မြန်မာငွေလား၊ ဒေါ်လာလား။ ဒေါ်လာယူသွားတယ်ဆိုရင်တောင် ဒေါ်လာက တစ်ကမ္ဘာလုံး သုံးလို့သာရမယ်၊ နတ်ပြည်မှာ မရဘူး။ နတ်ပြည်မှာ ဒေါ်လာလည်း မရဘူး။ ယူရိုလည်း မရဘူး။

နတ်ပြည်မှာ ကုသိုလ်ပဲ သုံးလို့ရတယ်။

ယူရို ဆိုတာ၊ ဒေါ်လာ ဆိုတာ ကမ္ဘာမှာပဲ သုံးလို့ရတယ်။ နတ်ပြည်ဌာန နတ်လောကမှာ သုံးလို့မရပါဘူး။

တကယ်တမ်းက လူ့ပြည်မှာ သုံးတဲ့ ကျပ်၊ ဒေါ်လာ၊ ယူရိုဆိုတဲ့ ငွေတွေဟာ နောင်ဘဝတွေကို ယူသွားလို့မရပါဘူး။

ဒါကို သိရင် အခုဘဝရော နောင်ဘဝ အတွက်ပါ လူတွေဟာ ငွေကို သိပ်မက်မနေကြပါနဲ့။

တို့ လွန်ခဲ့တဲ့တစ်ပတ်က ဩစတြေးလျ သွားပြီး တရားဟောတယ်။ ဒီကထွက်ကတည်းက ဘာဒေါ်လာမှ မပါဘူး။

ဒီဘက်က ဒကာတွေက လေယာဉ်ပေါ် တင်ပေးလိုက်တယ်။ ဟိုဘက် ရောက်သွားတယ်။ ဟိုဘက်က ဒကာတွေက လာကြိုပါတယ်။

အဲဒီကနေ ဩစတြေးလျ လျှောက်လှည့် တရားဟောပါတယ်။

အဲဒီကနေ အမေရိကရောက်ပါတယ်။ ဟိုမှာလည်း သူဟာနဲ့သူ အဆင်ကိုပြေလို့၊ ဒေါ်လာ ယူသွားစရာမလိုပါဘူး။

ဒါဖြင့် ကမ္ဘာကို လှည့်ပတ်နေတာ ဘာငွေတွေ ယူသွားသလဲလို့ဆိုရင် ကုသိုလ်ငွေတွေ ယူသွားတာပေါ့။ သွားလေရာမှာ ကုသိုလ်ပါသွားတယ်။

ဒကာကြီး ဦးလှထွန်းဟာ သူ့မှာရှိတဲ့ ဒေါ်လာတွေကို နတ်ပြည်ယူသွားလို့ မရတော့ အများအတွက် ကင်ဆာဖောင်ဒေးရှင်းတွေ တည်ခဲ့တယ်။

ဟိုလည်းလှူတယ်၊ ဒီလည်း လှူပါတယ်။ တို့ ဓမ္မဒူတမှာလည်း လှူခဲ့တာပဲ။

အခု နောင်ဘဝကို ထွက်မသွားခင်ကတည်းက ရှိထားတဲ့ပစ္စည်းတွေကို ကုသိုလ်နဲ့ လဲသွားတယ်။

သေချာစဉ်းစား၊ ဒီကုသိုလ်က ဒီကမ္ဘာမှာလည်း သုံးလို့ရတယ်။ နောက်ဘုံတွေ ရောက်ရာအရပ်မှာလည်း သုံးလို့ရတယ်။

ကုသိုလ်ယူကြပါ။

ကျပ်၊ ဒေါ်လာ၊ ယူရိုဆိုတဲ့ ငွေတွေကို မယူကြပါနဲ့။

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အရှုံးထဲကအမြတ် စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

---

☆ စာမျက်နှာ ၁၈ မှ

"ဟုတ်ကဲ့ပါ ... ဘဘ၊ သား စောင့်စည်းသွားပါ့မယ်"

"အေး ... အဲလိုမှပေါ့။ နောင်လည်းမကောင်းဘူး၊ အပါယ် လမ်းဖောက်တာ၊ အခုဘဝမှာလည်း သူတော်သူမြတ်တို့ ကဲ့ရဲ့ရှုတ်ချတာကို ခံရတယ်၊ အပါယ်က လွတ်တော့လည်း၊ လူပြန်ဖြစ်၊ စကားပြောရင် မပီသဘူး၊ သွားပေါက်ပုံက အကျဲကြီး ဩဇာမရှိဘူး၊ အသားအရေက မွဲခြောက်ခြောက်တဲ့၊ စကားပြောတိုင်း ပုပ်စော်နံသတဲ့၊ ကြောက်စရာပဲကွ"

"ဟော့ .... ဒါဆို ညီကြီး "ဟား"လို့ လုပ်စမ်း" "ဟား ... ကဲ ဘာဖြစ်လဲ" "ဟဲ့ ... ခင်စိန်မ သူ့ပါးစပ်ကနံလား" "အဲဒါ နင်လည်း ရှူးလို့၊ နမ်းကြည့်လေ"

"ဟင်း ... အောင်ဘုကလည်း၊ ဒါက နောက်ဘဝကျမှပါ၊ အခု ဟုတ်သေးပါဘူး"

"ငါက အခုလားလို့ပါ သူငယ်ချင်းရာ၊ တို့တစ်တွေ မလိမ်ကြစတမ်းကွ"

"အေးအေး ... မလိမ်ကြစတမ်းပါပဲ"

"ဒါနဲ့ ဗုဒ္ဓက မင်းတို့အရွယ်အကြောင်း သိပ်သိတယ်၊ သူ့သားလေးကို ဆုံးမတော့မယ်လုပ်တော့၊ ဒီအရွယ်ဆိုတာ လိမ်ပြောတာကို သိပ်မက်တာ၊ မမြင်ဘဲနဲ့ မြင်တယ်၊ မြင်ရက်နဲ့ မမြင်ဘူး၊ ကြားရက်နဲ့မကြားဘူး၊ မကြားဘဲနဲ့ကြားတယ်လို့ လိမ်တတ်တယ်၊ ဒီတော့ ငါဘုရား ရာဟုလာကို ဆုံးမမှပဲဆိုပြီး ရာဟုလာနေတဲ့ ကမ္ဘဋ္ဌာန်းကျောင်းလေးကို ကြွသွားတယ်လေ"

"နို့ ... သူတို့သားအဖက အတူတူမနေဘူးလား"

"မနေဘူး ... မယဉ်မေ၊ ကိုရင်ရာဟုလာက ဝေဠုဝန်ကျောင်းတိုက်ကြီးရဲ့ အစွန်အဖျားမှာ ပေါက်နေတဲ့ သရက်ပင်ပျိုတစ်ပင်ရဲ့အနားမှာ ဆောက်ထားတဲ့ ကမ္ဘဋ္ဌာန်းကျောင်းမှာ တစ်ပါးတည်းနေတာ"

"ဟင်... အသက်ငယ်ငယ်လေးနဲ့ တစ်ပါးတည်းဆိုတော့ သရဲမကြောက်ဘူးနဲ့တူတယ်"

"ဘယ်ကြောက်မလဲ .... ကိုရင်က တစ်ပါးတည်း အေးအေးလူလူနေပြီး တရားနဲ့နေတာကို မက်မောတာကိုး၊ အောင်ဘု ... ပြောစမ်း၊ ဆူးဆိုတာကြီးမှ ချွန်တာလား၊ ထွက်ပေါ်စကတည်းက ချွန်တာလား"

"ထွက်လာကတည်းကိုက အချွန်လေးနဲ့ပါ ... ဘဘ"

"အေး ... အဲဒါ သဘာဝပဲကွ၊ ကိုရင်ရာဟုလာကလည်း ငယ်ငယ်ကကို ချွန်နေတာ၊ အဲဒါထား၊ မင်းတို့လို အရွယ်ရှိတဲ့ ကိုရင်ရာဟုလာကို ဗုဒ္ဓဆုံးမပုံလေးကြည့်"

"ညနေစောင်းမှာ ဗုဒ္ဓက သူ့ဆီကြွလာတယ်၊ ကိုရင်ကဗုဒ္ဓခြေဆေးရန် ရေခွက်လေးနဲ့ ရေအဆင်သင့် ခပ်ထားတယ်"

"ဟင် ..... ဗုဒ္ဓခြေတော်က ရွှံ့ဗွက်တွေပေလို့လား .... ဘဘ"

"မပေဘူး၊ ဖုန်မှုန့်တစ်မှုန့်တောင် မကပ်ဘူး၊ ဘာအညစ်အကြေးမှ မရှိဘူး၊ ဒါဟာ တပည့်သာဝက၊ သားသမီးတို့ရဲ့ ကျင့်ဝတ်ကိုး၊ ဒါကို အတုယူပြီး မင်းတို့လည်း မိဘတွေဆေးဖို့ ခြေဆေးရေတို့၊ ချိုးရေတို့ဆိုတာ ခပ်ပေးရမှာ"

"အဲဒီလို ခပ်ထားတော့ ဗုဒ္ဓကခြေဆေးပြီး ခွက်ထဲမှာ ရေကိုနည်းနည်းလေးချန်ထားပြီး ကိုရင့်ကို မေးတယ်"

"ချစ်သား ရာဟုလာ၊ ဒီခွက်ထဲမှာ ရေနည်းနည်းလေးပဲ ကျန်နေတာမြင်လား"လို့ မေးတော့ ကိုရင်က ...

"မြင်ပါတယ် မြတ်စွာဘုရား" တဲ့ ...

"ဒီတော့ ဗုဒ္ဓက အေး ... ဟုတ်တယ်၊ မုသာဝါဒ လိမ်ညာပြောတယ်ဆိုတာ အရှက်မရှိတဲ့ လူမှပြောတာ၊ အရှက်မရှိတာကလည်း ဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကိုယ်ကျင့်တရားဆိုတာက ဒီခွက်ထဲက ရေလိုပဲ နည်းနည်းလေးပဲရှိလို့ပဲ"လို့ ဆုံးမတော်မူလိုက်တယ်"

"ဒါဆို ဗုဒ္ဓက လက်တွေ့ပြ ဆုံးမတာပေါ့နော်..."

"အေး ... ဟုတ်တယ်၊ နို့ ... မင်းတို့ ပြောစမ်း၊ မုသားပြောတာ အရှက်ရှိလို့လား၊ မရှိလို့လား ..."

"အရှက်မရှိလို့ပါ ... ဘဘ"

"ဘာလို့ အရှက်မရှိတာလဲ"

"ကိုယ်ကျင့်တရား နည်းနည်းလေးပဲရှိလို့ပါ"

"ရှက်တဲ့ သူကျတော့ကော"

"ကိုယ်ကျင့်တရား အများကြီးရှိလို့ပါ"

"ဒါဆို မင်းတို့တစ်တွေ အရှက်ရှိအောင် ဘာလုပ်ရမလဲ"

"ကိုယ်ကျင့်တရား အများကြီးရှိအောင် လုပ်ရပါ့မယ်"

"ဟုတ်တယ် ... မရှက်တာက အကုသိုလ်၊ ရှက်တာကကုသိုလ်၊ အဲဒါကြောင့် ကိုယ်ကျင့်တရား အများကြီးရှိအောင် လုပ်တယ်ဆိုတာက လူ့ကျင့်ဝတ်တွေ မဖောက်ဖျက်ဘဲ စောင့်ထိန်းရမှာကို ပြောတာ"

"ဟုတ်ကဲ့ပါ ... ဘဘ"

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ရေနံသပိတ်တပ်သည် စည်းကမ်းသေဝပ်သည်။ ကြာရှည်လေ့ကျင့်ထားသည့် တပ်နှင့်မခြားလှ။ တပ်တွင် ဗိုလ်ချုပ်အပြင် တပ်ဗိုလ် တပ်ကြပ်များ ပါဝင်သည်။ တို့ဗမာအမှတ်အသားအလံ၊ ဒေါင်းအလံအပြင် အခြားတပ်ဖွဲ့ဆိုင်ရာ အချက်ပြအလံများ ပါသေးသည်။ အပြာ၊ အနီ၊ အဖြူနှင့် အဝါရောင် အလံများဖြစ်သည်။

အပြာပြလျှင် ချီတက်ရန်၊ အနီပြလျှင် ရပ်တန့်ရန်၊ အဖြူပြလျှင် ရန်သူလာပြီ မြေကြီးမှာဝပ်ရန်၊ အဝါပြလျှင် ဘုရားကျောင်းကန်ရှိ၍ ဖိနပ်ချွတ်ရန် ဖြစ်သည်။

"အာဠာဝက သခင်ဖိုးလှကြီးဆိုတာ ရှေ့ဆုံးက ဟာပေါ့"

အနီးအနားမှ တီးတိုးစကားသံကို ကြားရသည်။

ခင်ခင်ကြီးသည် အာဠာဝက သခင်ဖိုးလှကြီးကို ဂရုတစိုက်လိုက်ကြည့်မိသည်။ သခင်ဖိုးလှကြီး၏ အသွင်မှာ တုတ်ခိုင်သည်။ ပြန့်ကျယ်သော ပခုံး၊ မောက်ပြည့်သော ရင်အုပ်များက ခံ့ထည်သည်။ ဣန္ဒြေကြီးသည်။ အကြည့်သည် တည်ငြိမ်သည်။ စူးရှသည်။ ထက်မြက်သည်။ နှုတ်ခမ်းသည် တင်းကျပ်သည်။ ပိရိသည်။ သေသပ်သည်။ ရဲရင့်ခြင်း၊ တက်ကြွခြင်း၊ ဖျတ်လတ်ခြင်းများ ပေါ်လွင်သည်။ လေးစားဖွယ် သွင်ပြင်လက္ခဏာနှင့် တုတ်ခိုင်မှုကြောင့် အာဠာဝက အမည်ပေးလေသလား ခင်ခင်ကြီး စဉ်းစားသည်။

သပိတ်တပ်က "သခင်မျိုးဟေ့" ဆိုလျှင် ပရိသတ်ကလည်း အတိုင်အဖောက်ညီစွာ "တို့ဗမာ" ဟု လိုက်၍ဆို တတ်သည် "အရေးတော်ပုံ" ဆိုလျှင် "အောင်ပါစေ" ဟု ဆိုကြသည်။ သပိတ်တပ်၏ စိတ်ဓာတ်သည် ကြည့်ရှုသူပရိသတ်၏ စိတ်ဓာတ်သို့ ကူးလူးရောက်ရှိသွားဟန်ရှိသည်။

စင်စစ် ရေနံသပိတ်တပ်၏အရေးမှာ တစ်မြို့လုံး၏ အရေး၊ အမျိုးသားလုံး၏အရေး၊ တစ်နိုင်ငံလုံး၏အရေးပင်။ သည်တော့ သပိတ်တပ်၏ ကြွေးကြော်သံသည်လည်း တစ်မျိုးသားလုံး၏ ကြွေးကြော်သံပင် ဖြစ်ရလေမည်အမှန်ပင်။

သပိတ်တပ်၌ လာကြည့်နေသူများအထဲမှ တူသားနောင်မယ်ပါဟန်ရှိသည်။ အချို့လည်း လင်သားပါဟန်ရှိသည်။ အချို့တွင်မူ ဖခင်၊ အစ်ကို၊ မောင် စသည်တို့ ပါဟန်တူပေသည်။

ကြည်နူးတက်ကြွမှုဖြင့် မျက်ရည်လည်နေကြသူများကိုလည်း မြင်ရသည်။ ဝမ်းနည်းစိတ်ဖြင့် မျက်ရည်ကျသူလည်း ရှိကောင်းရှိမည် ထင်ရသည်။

သည်အကြားတွင် မဝင်းရီကို မြင်ရသည်။ မဝင်းရီသည် လူအုပ်ကို တိုးကာဝှေ့ကာဖြင့်ပင် သပိတ်တပ်သားများနောက်သို့ ပြေးလိုက်လာသည်။ အသက်ငါးဆယ်ကျော်နှင့် အသက်သုံးဆယ်နီးပါးရှိ လူနှစ်ဦးကို သပြေကမ်းသည်။ ဤသည်ပင် သူမ၏ ဖခင်နှင့်အစ်ကိုဖြစ်ပေလိမ့်မည် ထင်သည်။

မိခင်လုပ်သူများသည် သပိတ်တပ်၌ ပါသွားသည့် သားအတွက် ဂုဏ်တက်အားရဟန်ပြသည်။ သားကမိခင်ကို အပြုံးနှင့် နှစ်သိမ့်သည်။ ဇနီးသည် လင်သည်အား တီးတိုးစကား မှာကြားလိုက်သည်။ ချစ်သူအချင်းချင်း အကြည့်ဖြင့် အလွမ်းသယ်ကြသည်လည်း ရှိသည်။

သို့နှယ်ဖြင့် သပိတ်တပ်ကြီးသည် တစ်စထက်တစ်စ မြို့နယ်နိမိတ် အစွန်အဖျားသို့ ရောက်လာသည်။ မြို့အဝန်းအဝိုင်းမှ ထွက်ပေတော့မည်။ ပရိသတ်သည် နောက်တွင် ကျန်ရစ်သည်။ မကြာမီ ခွဲခွာကြရပေတော့မည်။

လူရေစီးကြောင်းကြီးသည် ရေနံချောင်း မကွေးလမ်းပေါ်မှာ တရွေ့ရွေ့နှင့် စီးသွားသည်။ အသံများသည် တစ်စထက်တစ်စ တိုးတိတ်သွားသည်။ အမြင်အာရုံသည်လည်း တဖြည်းဖြည်းချင်းမှာပင် ဝါးလာသည်။

အဆုံးမှာမူ အသံကိုလည်း မကြားရလေတော့။ ဘာမျှလည်း မမြင်ရလေတော့။

ပြကတေ့ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ရှစ်ရပ်ဝန်းကျင်ကို လွှမ်းမိုးသည်။ လူတို့သည် တိုးတိတ်စွာဖြင့် တစ်စထက်တစ်စ သည်နေရာမှ ဖဲကြဉ်စပြုကြသည်။

သည်တော့မှပင် ခင်ခင်ကြီးတို့လည်း အိမ်သို့ပြန်ခဲ့ကြသည်။

ရင်ထဲမှာမူ မရှင်းသေး။

နားထဲမှာ ကြွေးကြော်သံများကို ကြားယောင်နေရဆဲပင်။

ရင်ထဲမှာ "တို့ဗမာ" ဟူသောစကားလုံး ဂယက်ရိုက်နေသည်။ ပါးစပ်ဖျားမှာ "အရေးတော်ပုံ အောင်ပါစေ" ဟူသော စကားသံ ခိုသီးနေသည့်နှယ် ဖြစ်သည်။ ကလေးတွေကတော့ ကစားရင်း ယင်းသို့သာလျှင် ရွတ်ဆိုနေကြလေသည်။

နောက်သုံးလေးရက်တိုင်အောင် သည်မြေမှာ သည်အသံဆိတ်မသွား၊ ညံဆဲပင်။

ဖေဖေသည် ယခုအခါမှပင် သပိတ်တပ်သားများအပေါ် အထင်တကြီးရှိလာသည်ဟု ခင်ခင်ကြီး တွေးမိသည်။ ယခုလို စနစ်တကျ စည်းစည်းရုံးရုံးနှင့် အင်အားကြီးမားစွာ မြင်ရတော့မှ အလုပ်သမားထု၏ စုစည်းခိုင်မာမှုကို ယုံကြည်နိုင်ပုံပေါ်သည်။

သပိတ်တပ်၏သတင်းကို မေးရသည်မှာ အလုပ်တစ်ခုလိုဖြစ်လာသည်။

သပိတ်တပ်၏သတင်းသည်လည်း အဆက်မပြတ်ရောက်ရှိလာသည်။

သပိတ်တပ်သည် ချောက်မှထွက်ခဲ့ပြီး ပဉ္စမနေ့၌ ညောင်ခြေထောက်ရွာသို့ရောက်သည်။ ဘုန်းကြီးကျောင်းတွင် စခန်းချကာ လှေဖြင့်ဧရာဝတီမြစ်ရိုးမှ သယ်ဆောင်လာသော ရိက္ခာများကို ချက်ပြုတ်စားသောက်ကြသည်။ ထိုည ဝက်မစွပ်တွင် အိပ်စက်ကြသည်။ ညစာငတ်ကြသည်ဟု သိရသည်။

ဆဋ္ဌမနေ့တွင် မကွေးသို့ရောက်သည်။

မကွေးတွင် သခင်ဖိုးလှကြီးအပါအဝင် သပိတ်ခေါင်းဆောင်များ အဖမ်းခံရသည်ဟု သိရသည်။ မကွေးအရေးပိုင် မူလာဝပ်က ပုဒ်မ ၁၄၄ ထုတ်ပြန်လိုက်ကြောင်း ကြားကြရသည်။ သပိတ်တပ်သားများအား ရေနံမြေသို့ပြန်ရန် ဆွယ်တရားဟောကြောင်း၊ ဆက်လက်ချီတက်ခြင်း မပြုနိုင်အောင် ခြိမ်းခြောက်ကြောင်း၊ မြင်းတပ်လုံ့စွပ်တပ်များဖြင့် ဝန်းရံထားကြောင်း သတင်းများရောက်ရှိလာသည်။

အရှိန်ပြင်းစွာ လိမ့်ပြေးလာသည့် ဒီလှိုင်းသည် အတားအဆီးနှင့်ကြုံရသောအခါ ရပ်တန့်သွားသည်။ သို့ သပိတ်တပ်သည် မကွေးမြို့တွင် အရက် ၂၀ ကြာမျှ ရပ်တန့်သွားလေသည်။

ခေါင်းဆောင်များ အဖမ်းအဆီးခံရခြင်း၊ အကူအညီမရခြင်း၊ ခြိမ်းခြောက် ခြောက်လှန့်ခြင်းများကြောင့် စိတ်မနိုင်သူများ ရေနံမြေသို့ တဖွဲဖွဲပြန်လာကြသည်။ သံမဏိတပ်သား တစ်ထောင်ခန့်မျှသာ ကျန်တော့သည်။

သည်တော့လည်း ပင်ကိုက အပြစ်ဆိုချင်နေသည့် ဖေဖေတို့လူသိုက်အတွက် "အစက မပြောလား" ဆိုသည့် ကိန်းဆိုက်လာသည်။ သပိတ်တပ်အပေါ် စိတ်ဝင်စားခြင်းလျော့နည်းလာသည်။

သို့ပေမဲ့ ၅-၁၂-၃၈ နေ့တွင် သပိတ်တပ်သားများ အစာငတ်ခံဆန္ဒပြကြောင်း ကြားရပြန်သည်။ ယင်းအချိန်တွင် အစိုးရ၏ ဖိနှိပ်ခြောက်လှန့်ထားမှုကြောင့် သပိတ်တပ်သားများကို မျက်စိအောက်တွင်ပင် မျက်ကွယ်ပြုနေကြရသည့် မကွေးမြို့လူထုသည် မကြည့်ရက်တော့ပဲ ကူညီမှုပေးလာကြသည်ဟု ဆိုသည်။

ရန်ကုန်ရှိ တို့ဗမာအစည်းအရုံးနှင့် အဆက်အသွယ်ပြုကာ အကြံဉာဏ် တောင်းခဲ့သည်။ သပိတ်တပ်နှင့် ပတ်သက်သည့် သတင်းဂယက်သည် တစ်ပြည်လုံးသို့ ပျံ့နှံ့သွားသည်။ ရေနံသပိတ်တပ် ချီတက်ရေးအတွက် "ဗိုလ်" တောင်းမှုများ ပေါ်ပေါက်လာသည်။ အစာငတ်ခံခြင်းထက် ပုဒ်မ ၁၄၄ ကို ဖီဆန်ကာ ရန်ကုန်အရောက် ချီတက်ရန် ဆုံးဖြတ်ကြသည်။

ဒီဇင်ဘာ ၁၁ ရက်နေ့ညတွင် "နယ်ချဲ့သမားတွေရဲ့ မြင်းခွာတစ်ချက်ပေါက်ရင် တစ်ပြည်လုံး မီးဟုန်းဟုန်း တောက်စေမည်" စသည်ဖြင့် ရေနံတပ်စခန်း၌ ပုဒ်မ ၁၄၄ ကို ဖီဆန်၍ ဟောပြောခဲ့သော ကိုဗဟိန်းအပါအဝင် ကျောင်းသားခေါင်းဆောင်များ အဖမ်းခံရကြောင်း ကြားကြရသည်။

၁၉၃၈ ခု၊ ဒီဇင်ဘာလ ၁၂ ရက်နေ့က သတင်းများမှာမူ စိတ်ဝင်စားစရာလည်း ကောင်းသည်။ ကြောက်ရွံ့တုန်လှုပ်ဖွယ်လည်း ကောင်းလှသည်။

အာဏာဖီဆန်ရန် ဆုံးဖြတ်ပြီးဖြစ်သော ရေနံသပိတ်တပ်သားများ မဲထီးကျောင်းတိုက်မှ ထိုးထွက်ကြရမည်ဖြစ်ရာ သပိတ်တပ်ကို ကူညီရန် သံဃာတော်များ၊ ကျောင်းသားသူငယ်၊ အမျိုးသမီးဈေးသူဈေးသားများ အသင့်ရောက်ရှိနေသည်ဟု ဆိုသည်။

ရေနံသပိတ်တပ်သားများသည် နံနက် ၅ နာရီတွင် အိပ်ရာမှထ၊ ငါးပါးသီလယူပြီး မိမိတို့ကိုယ်ကိုယ် သရဏဂုံတင်ကြသည်။ နံနက် ၇ နာရီတွင် စတင်ချီတက်သည်။ ရာဇဝတ်ဝန် ဘက်စတောမြင်းစီးစစ်ဗိုလ်တစ်ယောက်နှင့် မြို့ပိုင်ဦးဖေတို့ ဦးစီးသည့် ဝါးရင်းတုတ်ကိုင် ပုလိပ်တပ်နှင့် ရင်ဆိုင်တိုးကြသည်။ သပိတ်တပ်ကို ဦးဖေက တားသော်လည်း မရ။ အတင်းအကျပ် ထိုးဖောက်ထွက်ကြသည်။ ပုလိပ်တပ်က ရိုက်နှက်သမျှကို မမှုဘဲ အတင်းအလုအယက် ထိုးထွက်ကြသဖြင့် ပုလိပ်တပ် လက်လျှော့သွားရသည်ဟု ဆိုသည်။

တစ်ဖန် ဝါးရင်းတုတ်ကိုင်တပ်ကို ရုပ်သိမ်းကာ သေနတ်ကိုင်တပ်ကို ခေါ်ယူပြန်ရာတွင်လည်း ပုလိပ်တပ်နှင့် အရေးတော်ပုံတပ်တို့ ရောနှောသွားကာ သေနတ်တစ်ချက်မျှ မပစ်ဖောက်လိုက်ရဘဲ ရှိသည်ဟု ဆိုသည်။

ထိုကြောင့် ရာဇဝတ်ဝန်က မြင်းစီးတပ်ကို သပိတ်တပ်အတွင်း အဟုန်ပြင်းစွာစီး၍ အတင်းဝင်ရိုက်ရန် အမိန့်ပေးပြန်သည်။ သပိတ်တပ်ဦးမှ သုံးရောင်ခြယ် တူတံစဉ်အလံကိုင် အသေခံဗိုလ်နှင့် သပိတ်တပ်သားများက ကြောက်ရွံ့ခြင်းကင်းစွာဖြင့် "သေချင်သေ၊ နောက်မဆုတ်ကြနဲ့" ဟု ညာသံပေး၍ ဝင်တိုးကြသည်။ မဆုတ်နစ်သောစိတ်ဓာတ်ဖြင့် နောက်မတွန့်ဘဲ စွန့်စွန့်စားစားခံသည်။ "သေမြေကြီး၊ ရှင်ရွှေထီး၊ သေတစ်နေ့၊ မွေးတစ်နေ့၊ သေဘေးနဲ့ကြုံ ရဲဂုဏ်ပြ" စသည်ဖြင့် တစ်ခဲနက် ကြွေးကြော်ရာ မြင်းများလန့်၍ ဖရိုဖရဲဖြစ်စဉ် အတင်းဝင်တိုး ဖောက်ထွက်ကြသည်။ မြင်းစီးပုလိပ်များကရိုက်၍ ၃၊ ၄ ဦး လဲကျသည်။ မြင်းခွာချက်ဖြင့် ခြေသဲကျွတ်သူကျွတ်၊ လဲသူလဲ၊ ကွဲသူကွဲ ဖြစ်ကုန်သည်။ ပုလိပ်များမှာလည်း မြင်းပေါ်မှ လိမ့်ကျကာ ခြေနင်းကွင်းတွင်ချိတ်၍ ပါသူပါ၊ ခေါက်ထိုးကျပြီး ဒရွတ်တိုက် လိုက်ရသူက လိုက်ရနှင့်။ မြို့လူထုမှာလည်း မခံမရပ်နိုင်ဖြစ်လာကာ မြင်းစီးပုလိပ်များအား ခဲ၊ ပုလင်း၊ တုတ်များဖြင့် ပစ်ခတ်၍ ယင်းတပ်လည်း ပြိုသွားပြန်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ခင်ခင်ကြီးသည် အာဠာဝက သခင်ဖိုးလှကြီးကို ဂရုတစိုက်လိုက်ကြည့်မိသည်။ သခင်ဖိုးလှကြီး၏အသွင်မှာ တုတ်ခိုင်သည်။ ပြန့်ကျယ်သောပခုံး၊ မောက်ပြည့်သောရင်အုပ်များက ခံ့ထည်သည်။ ဣန္ဒြေကြီးသည်။ အကြည့်သည် တည်ငြိမ်သည်။ စူးရှသည်။ ထက်မြက်သည်။ နှုတ်ခမ်းသည် တင်းကျပ်သည်။ ပိရိသည်။ သေသပ်သည်။ ရဲရင့်ခြင်း၊ တက်ကြွခြင်း၊ ဖျတ်လတ်ခြင်းများ ပေါ်လွင်သည်။ လေးစားဖွယ် သွင်ပြင်လက္ခဏာနှင့် တုတ်ခိုင်မှုကြောင့် အာဠာဝက အမည်ပေးလေသလား ခင်ခင်ကြီးစဉ်းစား...

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းစာအုပ် ပြင်ဆင်ဖြည့်စွက်၍ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် အောက်တိုဘာ ၁၂**

ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ မွေးဖွားခဲ့သည့်အချိန်မှစ၍ ကျဆုံးသည့် အချိန်အထိတိုင် ကလေးဘဝ မူလတန်း၊ အလယ်တန်း ကျောင်းသားဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ သခင်ဘဝ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ ဖြတ်သန်းလာခဲ့ရသော နိုင်ငံရေးသမားဘဝ၊ တပ်မတော်သားဘဝနှင့် ဖဆပလခေတ် နိုင်ငံရေး ကြိုးပမ်းမှုဘဝများကို ပုံစံအမျိုးမျိုးဖြင့် ရဟန်းရှင်လူ ပညာရှိများ ရေးသားထားခဲ့သည်မှာ အများအပြားပင် ရှိပါသည်။ ထို့မှုမက လွတ်လပ်ရေး ကြိုးပမ်းမှုကာလတစ်လျှောက် ပြောကြားခဲ့သော မိန့်ခွန်းများမှာလည်း များပြားလှပါသည်။ ပုံနှိပ်ထုတ်ဝေထားပြီးလည်း ဖြစ်ပါသည်။ ရှေ့ဆက်၍လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော အကြောင်းအရာများကို မိမိတို့ဖော်ပြလိုသော အဓိကအကြောင်းအရာကို ဖောင်းပေး၍ ရေးသားပြုစုထုတ်ဝေကြဦးမည်ဖြစ်ပါသည်။

ယခုအခါ မြန်မာ့သမိုင်းအဖွဲ့မှ ပညာရှင်ကြီးများက ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကို ငယ်ဘဝမှသည် ကျဆုံးရချိန်အထိ ဖြစ်ပျက်တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို အသက်အပိုင်းအခြားအလိုက် ခေတ်အပိုင်းအခြားအလိုက် ခွဲခြား၍ တာဝန်ယူကာ အဂတိကင်းစွာ သုတေသနပြုစု ရေးသားခဲ့ကြပါသည်။ ခေတ်ပြိုင်အထောက်အထား မှတ်တမ်းများကိုသာမက ခေတ်ပြိုင်ဖြစ်သော သက်ရှိထင်ရှားလည်း ရှိနေသေးသော သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများနှင့် တွေ့ဆုံမေးမြန်း၍ ရရှိသောအချက်အလက်များကို ကိုးကားအသုံးပြု၍လည်း




ရေးသားပြုစုခဲ့ကြပါသည်။ အခါခါ ပြန်ဖတ်၊ အခါခါ ဖြည့်စွက်၊ အခါခါ ပြုပြင်၍ ရေးသားပြီး ပထမအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်က ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် အပြည့်စုံဆုံး၊ အကောင်းဆုံးဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ယခု ဗိုလ်ချုပ်အောင်ဆန်းစာအုပ်ကို ပြင်ဆင်ဖြည့်စွက်၍ ဒုတိယအကြိမ်အဖြစ် ထပ်မံထုတ်ဝေဖြန့်ချိလိုက်ပါသည်။ အပြည့်စုံဆုံး၊ အကောင်းဆုံးဟု မဆိုနိုင်သော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းနှင့်ပတ်သက်၍ကား အတော်အတန်ပြည့်စုံသော စာအုပ်ဖြစ်ပြီဟူ၍ကား ဆိုနိုင်ပါသည်။ သို့ပါ၍ ဤစာအုပ်ကို ဖတ်ရှုပြီး စာဖတ်သူ ရဟန်းရှင်လူတို့အားလည်းကောင်း၊ ပြည်တွင်း ပြည်ပ ပညာရှင်သုတေသီအပေါင်းတို့အား လည်းကောင်း ဝေဖန်ဆန်းစစ်ကြပါဟု ပြောလိုပါသည်။ မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင်သမိုင်းပညာရှင်ကြီးများ ရေးသားပြုစုပြီး စာအုပ်ဖြစ်မြောက်ရေးအတွက် သမိုင်းသုတေသနဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ ကြိုးပမ်းမှုတစ်ရပ်ဟု မှတ်ယူရပါသည်။ ထို့မှုမက မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကို လေ့လာသုတေသနပြုစုသူများ မလွဲမသွေ ဖတ်မှတ်ရမည့် စာအုပ်တစ်အုပ်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

စာအုပ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ဖုန်း ၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ ကုမုဒြာကြာပန်းအဝိုင်းအနီး၊ ဖုန်း ၀၆၇-၄၁၈၄၂၆ နှင့် ရန်ကုန်မြို့၊ ပြည်လမ်း၊ အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ဖုန်း ၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂ တို့တွင် တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။ **သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ်၌ ပန်းခင်းစီမံချက် အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်




**ရန်ကုန် အောက်တိုဘာ ၁၂**

ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပန်းခင်းစီမံချက် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပြုလုပ်သည်။

မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အသိပညာပေးခြင်းလုပ်ငန်းများကို ယခုကဲ့သို့ ဆွေးနွေးပွဲများ ဆောင်ရွက်ပြီး အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

မင်္ဂလာဒုံမြို့နယ်၌ ပန်းခင်းစီမံချက်ကို မေ ၃ ရက်မှစတင်ဆောင်ရွက်သည်။ အိမ်ထောင်စုလူဦးရေစာရင်းလျှောက်ထားသူ ၅၄ အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ၆၅ ဦးတို့ကို အိမ်ထောင်စုလူဦးရေစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ပြီးဖြစ်သည်။ မြို့နယ်အတွင်း ကျန်ရှိသည့်ရပ်ကွက် ၂၇ ရပ်ကွက်၊ ကျေးရွာအုပ်စုကြီး ငါးအုပ်စုနှင့် ကျေးရွာပေါင်း ၂၀ တို့တွင် နေထိုင်ကြသည့် နိုင်ငံသားပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် (၁၈)လ ကာလအတွင်း ရသင့်/ရထိုက်၊ ကိုင်ဆောင်ခွင့်၊ ကိုင်ဆောင်သင့်သူတို့ကိုလည်း ဆက်လက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မင်္ဂလာဒုံမြို့နယ်ဦးစီးမှူး ဦးမြင့်သူအောင်က မြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေမှု၊ ဆောင်ရွက်ဆဲ ဆက်လက်ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

❖ **ဂျာမနီအသင်းမှ**

မြောက်မက်ဆီဒိုးနီးယားအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဂျာမနီအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၅၀ မှာ ကိုင်ဟာဗက်က တစ်ဂိုး၊ မိနစ် ၇၀ နဲ့ ၇၃ မိနစ်တို့မှာ တီမိုဝါနာက နှစ်ဂိုးနဲ့ ၈၃ မိနစ်မှာ မူဆီယာလာက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လူငယ်ကစားသမား မူဆီယာလာအတွက် မေ့မရနိုင်တဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ဂျာမနီအသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ်ကိုးပွဲပါဝင်ကစားပေးခဲ့ရာမှာ ပထမဆုံးနိုင်ငံတကာ သွင်းဂိုးသွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

နည်းပြဟန်ဆီဖလစ်ရဲ့ ဂျာမနီအသင်းဟာ လက်ရှိအချိန်မှာ ကမ္ဘာ့ဖလားကို လေးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့တဲ့အသင်းဖြစ်တဲ့အပြင် မြောက်မက်ဆီဒိုးနီးယားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကာတာနိုင်ငံမှာ ကျင်းပမယ့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရရှိခဲ့ပြီဖြစ်သလို အသင်းရဲ့ သမိုင်းတစ်လျှောက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် အကြိမ် ၂၀ ပြည့်မြောက်ခဲ့တာလည်းဖြစ်ပါတယ်။

ဂျာမနီအသင်းထက် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ပိုမိုရရှိထားတဲ့အသင်းကတော့ ဘရာဇီးအသင်းဖြစ်ပြီး ဘရာဇီးအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် ၂၁ ကြိမ်အထိ ရရှိထားခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ လက်ရှိအချိန်မှာ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့ပြီဖြစ်ပေမယ့် လာမယ့်လအတွင်းမှာ အုပ်စုပွဲစဉ်အဖြစ် နှစ်ပွဲယှဉ်ပြိုင်ကစားရဖို့ ရှိနေပြီး လီချန်စတိန်းအသင်း၊ အာမေးနီးယားအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။ **ငွေကြယ်**

❍ **အာရှဖလားမှ**

စက်တင်ဘာလဆန်းပိုင်းမှစ၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး တစ်လကျော်ကာလအတွင်း ကစားသမားအချို့ လျှော့ချခဲ့ရာ ၂၆ ဦးသာ ကျန်ရှိတော့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာ ယူ-၂၃ အသင်းအနေဖြင့် ကာလရှည် နိုင်ငံတကာပြိုင်ပွဲနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ရခြင်းမရှိသောကြောင့် စစ်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲတစ်ပွဲကစားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ ယူ-၂၃ အသင်းသည် ခြေစစ်ပွဲကျင်းပမည့် ကာဂျစ္စတန်နိုင်ငံသို့ မသွားရောက်မီ အာရှနိုင်ငံတစ်နိုင်ငံသို့ သွားရောက်ကာ ခြေစမ်းပွဲတစ်ပွဲကစားရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာအသင်းပါဝင် သည့် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (I) ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်၊ တရုတ်(တိုင်ပေ)အသင်းတို့နှင့်အတူ ကျရောက်နေသည်။

မြန်မာအသင်းသည် အောက်တိုဘာလတတိယပတ်ကတည်းက သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်ပြီး ခြေစမ်းပွဲကစားပြီးမှ ကာဂျစ္စတန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအုပ်စုပွဲများအဖြစ် အောက်တိုဘာ ၃၀ ရက်တွင် တရုတ်(တိုင်ပေ)အသင်း၊ နိုဝင်ဘာ ၂ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**


### ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ ရှောဝဏ်လမ်း၊ မြေကွက်အမှတ်(၇၂/ခ)+(၇၃/က)ပေါ်တွင် တည်ဆောက်ထားသော (အလျား ၁၉ပေ x အနံ ၅၄ပေ)အကျယ်ရှိ ခြတ်လှေကားပါ (၈ထပ်ခွဲ)တိုက်၏ (၃လွှာ) ဒုတိယထပ် (မျက်နှာမူလျှင်ညာဘက်)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူဖြစ်သော ဦးဘသန်း [၁၂/တမန(နိုင်)၀၁၆၂၀၂]မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်းဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းအိကျော် [၁၂/တမန(နိုင်)၀၀၃၉၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမင်းမင်းသိမ့်(LL.B, D.B.L, D.I.L,D.M.L)** **ဒေါ်ဇင်မာအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** **အထက်တန်းရှေ့နေ(စဉ်-၅၁၃၉၅)**
**The Solution Power Law Firm - အမှတ်(၃၃)၊ မြေညီထပ်၊ အုတ်ကျင်းဘူတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂**



### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၃၀၅)၊ အကျယ်အဝန်း ပေ(၄၀x ၆၀)ရှိ ဦးသိန်းထွန်း [၈/မတန(နိုင်) ၀၂၈၃၆၃] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးငွေရ [၁၂/ဒဂတ(နိုင်)၀၇၅၀၅၀]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၆၈)**
**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**



### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း၊ အမှတ်(၂၀)၊ ပထမထပ်(ယာ)၊ ပေ(၁၁ ၃ x ၅၀)အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူ ဒေါ်နိုင်နိုင်မော် [၁၂/မဂတ(နိုင်)၀၈၁၁၆၃]မှ မိမိတစ်ဦးတည်းလက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ တိုက်ခန်းပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူမင်း(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၈၁၈၈)**
**အမှတ်(၄၉)၊ အထက်မန္တလေးလမ်း၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၂၄၉၄၄၂၊ ၀၉-၇၈၆၉၃၀၅၁၂**


ဥတုရာသီ တောကိုမှီ၏

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ပတ်လမ်းနှင့်ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ ကန်သာယာ Residence၊ အခန်းအမှတ်(၀၃၀၃)၊(၃)လွှာ၊ အကျယ်အဝန်း(၁၅၈၂)စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ ဦးအောင်မြင့်[၁၂/မဘန(နိုင်)၀၈၅၉၃၇] မှ ပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုရီ[၁၃/ကခန(နိုင်)၀၀၀၂၀၈]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေ ပြီးဖြစ်ပါသည်။ ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## "အမှတ်တံဆိပ်များအသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်း၊ အမှတ်(၇၈၉)၊ (၈–လွှာ)တွင်တည်ရှိသော UHT FAMILY COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၂၁၅၃၉၀၇၁)သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်များမူပိုင်ရှင်ဖြစ်ပါသည်–

| CLASSIC | ex-past Handmade Hammock | ANNOVIA |
|---|---|---|
| **စာချုပ်အမှတ်–၂၀၂၁/၂၀၂၁ (နေ့စွဲ–၂၈–၆–၂၀၂၁)** | **စာချုပ်အမှတ်–၂၀၂၂/၂၀၂၁ (နေ့စွဲ–၂၈–၆–၂၀၂၁)** | **စာချုပ်အမှတ်–၂၀၂၃/၂၀၂၁ (နေ့စွဲ–၂၈–၆–၂၀၂၁)** |

အထက်ဖော်ပြပါ အမှတ်တံဆိပ်များအနက် စာချုပ်အမှတ်(၂၀၂၁/၂၀၂၁)နှင့် စာချုပ်အမှတ်(၂၀၂၃/ ၂၀၂၁)တို့အား မိုးကာအမျိုးမျိုးနှင့် စာချုပ်အမှတ်(၂၀၂၂/၂၀၂၁)အား ကြိုးပုခက်အမျိုးမျိုးကို Online မှဖြစ်စေ၊ ဆိုင်ခန်း/ရုံးခန်းများ ဖွင့်လှစ်၍ဖြစ်စေ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချကာ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်များအား မည်သည့်ပုံစံဖြင့်မဆို မှိုင်မြမ်းတုပသုံးစွဲခြင်း အမည်စာသားပုံစံတူ ထုတ်လုပ်ခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်မြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**UHT FAMILY COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၂၁၅၃၉၀၇၁)၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** — **ဒေါ်ဇင်မာအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၃၇)** — **အထက်တန်းရှေ့နေ(စဉ်–၅၁၃၉၅)**
**The Solution Power Law Firm–အမှတ်(၃၃)၊ မြေညီထပ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၉၈၉၄၂**

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနင်း(၃)လမ်း၊ အမှတ်–(၅၇၇)တွင် နေထိုင်သော ဦးငြိမ်းချမ်းမောင်[၉/ညဥန(နိုင်)၁၇၁၃၅၇]သည်အောက်တွင်ဖော်ပြထား သောအမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်–

**စာချုပ်အမှတ်–၂၅၀၈/၂၀၂၁ (နေ့စွဲ–၁၂–၇–၂၀၂၁)**

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအား မန်ကျည်းဖလိပ်ပြားအမျိုးမျိုး၊ မန်ကျည်းတော်ဖီအမျိုးမျိုး၊ မြန်မာ့ရိုးရာအသင့်စားစားသောက်ကုန်အမျိုးမျိုးတို့အားထုတ်လုပ်၍ Online System တို့မှဖြစ်စေ၊ ဆိုင်ခန်းများဖွင့်လှစ်၍ဖြစ်စေ လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆိုမှိုင်မြမ်းတုပသုံးစွဲခြင်း အမည်စာသားပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန်သတိပေးတားမြစ်ပါသည်။ မှိုင်မြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း **အများသိစေရန်အသိပေးကြေညာအပ်ပါသည်။**

**ဦးငြိမ်းချမ်းမောင်[၉/ညဥန(နိုင်)၁၇၁၃၅၇]၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** — **ဒေါ်ဇင်မာအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၃၇)** — **အထက်တန်းရှေ့နေ(စဉ်–၅၁၃၉၅)**
**The Solution Power Law Firm–အမှတ်(၃၃)၊ မြေညီထပ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၉၈၉၄၂**

## "အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊(၃၀x၃၂)လမ်းကြား၊ လမ်း(၉၀)တွင်နေထိုင်သော ဦးသိန်းမြင့် မှတ်ပုံတင်အမှတ်–[၈/နမန(နိုင်)၂၀၀၀၈၈]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်–

**စာချုပ်အမှတ်– ၁၃၁၀/၂၀၂၁ (နေ့စွဲ–၂၃–၉–၂၀၂၁)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားအား ကျန်းမာဝဖြိုးခွန်အားတိုးဆေးအမျိုးမျိုး၊ ဝဖြိုးစေရန် သောက်သုံးနိုင်သည့် သဘာဝပစ္စည်းများဖြင့် စီမံဖော်စပ်ထားသော ဖြည့်စွက်စာအမျိုးမျိုးတို့ကို ထုတ်လုပ်၍ Online System တို့မှဖြစ်စေ၊ ဆိုင်ခန်းများဖွင့်လှစ်၍ဖြစ်စေ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆိုမှိုင်မြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူထုတ်လုပ်ရောင်းချခြင်း၊တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုးမပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်မြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းမြင့်[၈/နမန(နိုင်)၂၀၀၀၈၈]၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** — **ဒေါ်ငြိမ်းအိစိုး(LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၃၇)** — **အထက်တန်းရှေ့နေ(စဉ်–၅၀၉၀၇)**
**The Solution Power Law Firm–အမှတ်(၃၃)၊ မြေညီထပ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၉၈၉၄၂**

## အမည်ပြောင်း

ဦးလှထွန်း၏သမီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ မနိုင်နိုင်ဖြိုးအား မခိုင်ခိုင်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခိုင်ခိုင်ဖြိုး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁က/ဥတ္တရသီရိတောင်ရပ်၊ ရွှေစံပယ်လမ်းရှိ မြေကွက်အမှတ်–ပ–၅၀၄၁၊ နှစ်(၃၀) မြေငှားဂရန်စာချုပ်မြေကွက်၏ မြေငှားဂရန်စာချုပ် မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးမြင့်ကြိုင် [၉/မနမ(နိုင်)၀၈၉၅၄၆]၊ အဖအမည် ဦးစိန်ကြည်မှ မြေငှားဂရန်စာချုပ် မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်း မိတ္တူများတင်ပြပြီး နှစ်(၃၀) မြေငှားဂရန်စာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ထားပေးသည့် ပျောက်ဆုံးသွားသော နှစ်(၃၀)မြေငှားဂရန်စာချုပ်မူရင်းအား ပယ်ဖျက်၍နှစ်(၃၀)မြေငှားဂရန် စာချုပ်မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

# သင့်
# သွေးဖြင့်
# အသက်
# ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်(၅/၂)၊ မြေတိုင်းအမှတ်(၂၇)၊ မြေကွက်အမှတ်(၇၇)၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဒေါ်ကြည်ကြည်ငွေး အမည်ပေါက်ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်တင်အေး[၁၂/မရက(နိုင်)၁၀၇၇၅၄] က ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအေးချမ်းမင်း**
**[၁၂/စခန(နိုင်)၀၆၄၄၀၀]**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်နွယ်ခိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၆၅၁၆)**
**အမှတ်–၁၃၆၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၅၀၁၈၀၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄/ပိန္နဲကုန်း၊ မြေကွက်အမှတ်–၅၁၊ အကျယ်(၂၈'x ၅၀'/၅၅')၊ မြေအမျိုးအစား–Bမြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၂၅၃)၊ပိတောက်လမ်း၊ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက် ပိုင်ရှင်ရှိပ်ဂန်ဂလီထံမှ ဦးရမ်မီယားက အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် (၉–၅–၁၉၉၁)ရက်စွဲပါ "နေအိမ်၊ အဝီစိတွင်း၊ ရေစုပ်စက်၊ အိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာနှင့် ၎င်းနေအိမ်ဆောက်လုပ်သည့် မြေယာကွက်၏ အကျိုးခံစားခွင့်အရောင်းအဝယ်ပဋိညာဉ်စာချုပ်"တို့အရ ဒေါ်ခင်သန္တာ [၁၂/အစန(နိုင်)၀၀၃၇၁၉]မှ မိမိတစ်ဦးတည်း လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၉၂)**
**အမှတ်(၄၆)၊ပထမထပ်(ဝဲ)၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

အမှတ်(၄၃၅)၊ ကမ္ဘောဇလမ်း၊ ၁၈/၂(ဘီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်အေးအေးထွန်း[၁၂/မရက(နိုင်)၀၇၆၁၆၉]မှ အမှတ်(၁၂၈)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဝင်းဝင်းနွယ်[၁၂/သဃက(နိုင်)၀၇၇၉၀၅]အား (၂၈–၆–၂၀၂၁) ရက်က လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၆၉၂/၂၀၂၁)ကို (၁၂–၁၀–၂၀၂၁)ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်ထွန်း(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၀၇)**
**ဖုန်း–၀၉–၄၄၃၁၄၈၁၉၀၊ ၀၉–၆၉၅၁၄၈၁၉၀**

## "(၉–၁၀–၂၀၂၁) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၂)ပါ ဦးကိုကိုမြိုင်[၁၂/မဂတ(နိုင်)၀၆၈၈၄၆] နှင့် ဦးလှမြင့် (ဒဂုံ) (အထက်တန်းရှေ့နေ)တို့၏ တုံ့ပြန်သတိပေးသည့် ကြော်ငြာအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဒေါ်ရီရီမြိုင်(စီဂျီ–၀၁၉၂၀၇)၊ (၂) ဒေါ်ခင်ခင်မြိုင် (စီဂျီ–၀၆၅၁၁၀)၊ (၃) ဒေါ်ယဉ်ယဉ်မြိုင် [၉/မထလ(နိုင်)၀၆၈၃၉၃]၊ (၄) ဒေါ်လှလှမြိုင် [၁၂/တမန(နိုင်)၀၉၀၉၄၇]၊ (၅) ဒေါ်အေးအေးမြိုင် [၁၂/တမန(နိုင်)၀၉၀၆၂၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်–

၁။ ဦးကိုကိုမြိုင်သည် ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးလှမြိုင်နှင့် ဒေါ်ခင်ရီမြိုင်တို့မှ မွေးဖွားသော သားသမီးများအနက် (၆)ယောက်မြောက်သားဖြစ်ပြီး၊ ဦးကိုကိုမြိုင် အပါအဝင် မောင်နှမ(၆)ဦးစလုံးက သဘောတူညီသဖြင့် (၂၁–၉–၂၀၂၁) ရက်စွဲပါ "**နှစ်ဖက်သဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေး ကတိစာချုပ်**" ချုပ်ဆိုကာ မိဘများကျန်ရစ်သည့် အမွေဆိုင်တိုက်ခန်းဖြစ်သော ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း (၁၄၀)၊ အမှတ်(၁၁)၊ မြေညီထပ်၊ မျက်နှာမူလျှင်(ဝဲ)ဘက် အကျယ်အဝန်း(၁၂.၆ပေx၅၀ပေ)ရှိ တိုက်ခန်းကို ဒေါ်နီနီချို (ခ) နူးဘာနူး [၁၂/ပဘတ(နိုင်)၀၂၃၁၁၅]အား ရောင်းချရန် ပြုလုပ်ခဲ့ပြီး၊ စရန်ငွေကျပ် သိန်း(၁၅၀)ကို ရယူ၍ အညီအမျှ ခွဲဝေရယူခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုစဉ်က ဦးကိုကိုမြိုင်ကိုယ်တိုင်မှ လက်မှတ်ရေးထိုး၊ လက်ဗွေခတ်နှိပ်ခဲ့ပြီး မိမိဝေစုကို ရယူခဲ့ပြီးနောက် (၉–၁၀–၂၀၂၁) ရက်စွဲပါ ကြေးမုံသတင်းစာတွင် ကန့်ကွက်ကြောင်း ဒေါ်ရီရီမြိုင်နှင့် အများသိစေရန် ကြော်ငြာပါ ဖော်ပြချက်များသည် မမှန်မကန် ဖော်ပြချက်များသာဖြစ်ပါသည်။

၃။ ရွှေ့ပြောင်းနိုင်သောပစ္စည်း ရွှေထည်များမှာ မိဘများနှင့် ကြီးတော်ကြီး ဒေါ်ရီ(ကွယ်လွန်)တို့က သက်ရှိထင်ရှားရှိစဉ် သုံးစွဲခဲ့ပြီး၊ ကြီးတော်ကြီးဒေါ်ရီ မကွယ်လွန်မီက ကျန်ရှိသည့် ရွှေဒင်္ဂါး(၇)ပြားကို မောင်နှမ(၇)ဦးအား ခွဲဝေပေးခဲ့ ပြီး၊ ကျန်ရှိသည့် အမွေပစ္စည်းများကို (၁–၁–၁၉၉၉)ရက်နေ့တွင် "**မိသားစုအမွေပစ္စည်း ခွဲဝေခြင်း သဘောတူစာချုပ်**" ချုပ်ဆိုကာ ၎င်းရထိုက်သည့် ပစ္စည်းများကို အစ္စလာမ် တရားတော်နှင့်အညီ ရယူခွဲဝေပြီးဖြစ်ပါသည်။

၄။ ကျန်ရှိသည့် အထက်ပါတိုက်ခန်း၊ ဂရန်မြေကွက်၊ လှေကားခွင်တို့အား ကျန်ရှိသည့် မောင်နှမ(၆) ဦးတို့က အညီအမျှ ခွဲဝေရယူရမည်ဖြစ်၍ မောင်နှမ (၆)ဦးစလုံး သဘောတူလက်မှတ်ရေးထိုးပြီး ဒေါ်နီနီချို(ခ) နူးဘာနူးအား ရောင်းချထားသည့် အရောင်းအဝယ်ကို ဦးကိုကိုမြိုင်၏ ကန့်ကွက်ချက်ကြောင့် ပျက်ပြားရပါက ရယူထားသည့် စရန်ငွေ၏ (၂)ဆကို အရောင်းအဝယ်ပျက်ပြားအောင် ပြုလုပ်သူ ဦးကိုကိုမြိုင်က ပေးလျော်ရမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မာမာသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၂/၂၀၁၃)**
**အမှတ်(၃၇)၊ အရိုးကုန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**Ph–09–5064959, 09–5088605**

# မီးဘေးရှောင် မလောင်ခင်တား

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကတ္တရာအိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ လမ်းအထူးအဖွဲ့(၃)နှင့် ခရိုင်များမှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လအတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော (ရေရောကတ္တရာ၊ ၆၀/၇၀ နှင့် ၈၀/၁၀၀)ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကတ္တရာပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်–

| | |
|---|---|
| (က) တင်ဒါပုံစံရောင်းချမည့်ရက် | –၂၈–၁၀–၂၀၂၁ ရက်မှ ၁၁–၁၁–၂၀၂၁ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) တင်ဒါပုံစံရောင်းချမည့်နေရာ | – ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့။ |
| (ဂ) တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် | – ၁၂–၁၁–၂၀၂၁ ရက်၊ ၁၆:၀၀နာရီ |
| (ဃ) တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် | – ၁၅–၁၁–၂၀၂၁ ရက်၊ နံနက် ၁၀:၀၀နာရီ |
| (င) တင်ဒါဖွင့်လှစ်မည့်နေရာ | –ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့။ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း–၀၈၄–၂၀၂၃၁၇၀၊ ၀၈၄–၂၀၂၁ ၆၃၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒိုမီနီယံအိမ်ရာ၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ တိုက်အမှတ်(C)၊ အခန်းအမှတ်(09–05)ဟုခေါ်တွင်သည့် အကျယ်အဝန်း(1780)Sqft ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းအတွင်းရှိ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရောင်းချသည့် အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မိုမို[၁၂/တမန(နိုင်)၀၄၅၀၇၉]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မွန်မွန်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)**
**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ဖုန်း–၀၉–၇၉၇၆၄၀၆၁၆**

## "(၉–၁၀–၂၀၂၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၂)ပါ ဦးကိုကိုမြိုင်[၁၂/မဂတ(နိုင်) ၀၆၈၈၄၆] နှင့် ဦးလှမြင့်(ဒဂုံ)(အထက်တန်းရှေ့နေ)တို့၏ တုံ့ပြန်သတိပေးသည့် ကြော်ငြာအပေါ် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း"


ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၂၄၈)နေ ဒေါ်နီနီချို(ခ)နူးဘာနူး [၁၂/ပဘတ(နိုင်)၀၂၃၁၁၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်–

၁။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း(၁၄၀)၊ အမှတ်(၁၁)၊ မြေညီထပ်(မျက်နှာမူလျှင်(ဝဲ)ဘက်)၊ အကျယ်အဝန်း(၁၂.၆ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်နှင့် လူနေထိုင်သုံးစွဲခွင့်အရပ်ရပ်တို့ကို တိုက်ခန်းအမည်ပေါက် ပိုင်ဆိုင်သူ ဦးလှမြိုင်[၁၂/တမန(နိုင်)၀၈၉၅၂၂](ကွယ်လွန်)နှင့် ဒေါ်ခင်ရီမြိုင်(စီဂျီ–၀၁၉၂၀၄)(ကွယ်လွန်)တို့၏ အမွေဆက်ခံသူ သားသမီးများဟုဆိုသူ (၁)ဒေါ်ရီရီမြိုင်(စီဂျီ–၀၁၉၂၀၇)၊ (၂)ဒေါ်ခင်ခင်မြိုင်(စီဂျီ– ၀၆၅၁၁၀)၊ (၃)ဒေါ်ယဉ်ယဉ်မြိုင် [၉/မထလ(နိုင်)၀၆၈၃၉၃]၊ (၄)ဒေါ်လှလှမြိုင်[၁၂/တမန(နိုင်)၀၉၀၉၄၇]၊ (၅)ဦးကိုကိုမြိုင်[၁၂/မဂတ(နိုင်)၀၆၈၈၄၆]နှင့် (၇)ဒေါ်အေးအေးမြိုင်[၁၂/တမန(နိုင်)၀၉၀၆၂၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီချို(ခ)နူးဘာနူးက အပြီးအပိုင်ဝယ်ယူရန် (၂၁–၉–၂၀၂၁)ရက်တွင် **"နှစ်ဖက်သဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်" ချုပ်ဆို၍ ငွေကျပ်သိန်း(၁၅၀)တိတိအား စရန်ငွေအဖြစ် ပေးအပ်စဉ်က ဦးကိုကိုမြိုင်မှ စရန်ငွေပေး** ကတိစာချုပ်တွင် လက်မှတ်ရေးထိုး၊ လက်ဗွေခတ်နှိပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ကိုယ်တိုင်ကိုယ်ကျခွဲဝေရယူသွားပြီးနောက် ဝယ်ယူသူကျွန်ုပ်၏မိတ်ဆွေမှ (၂၃–၉–၂၀၂၁)ရက်တွင် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာကို ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာခဲ့ရာ သတ်မှတ်ရက်(၇)ရက်ထက် ကျော်လွန်ပြီး (၁၆)ရက်ခန့်အကြာတွင် (၉–၁၀–၂၀၂၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ ဦးလှမြိုင်နှင့် ဒေါ်ခင်ရီမြိုင်တို့ ကွယ်လွန်၍ အစ္စလာမ်ဘာသာအရ အမွေဆက်ခံသူသားသမီး ဒေါ်ရီရီမြိုင်ပါ (၆)ဦးတို့ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ပေးထားသည်ကို ကန့်ကွက်နိုင်ကြောင်း ကြေညာချက်ကို တွေ့ရှိရသဖြင့် အမွေဆိုင် ဦးကိုကိုမြိုင်၏ အမည်ပါဝင်နေသော်လည်း သိရှိခြင်း၊ သဘောတူညီချက်မရှိ၍ တိုက်ခန်းရောင်းချခြင်းကိုကန့်ကွက်ကြောင်း ကြေညာချက်သည် မမှန်မကန်ဖော်ပြကြေညာချက်ဖြစ်ပါသည်။

၂။ ဦးကိုကိုမြိုင်ကိုယ်တိုင်မှ သဘောတူညီပြီး စရန်ငွေပေး ကတိစာချုပ်တွင် လက်မှတ်ရေးထိုး လက်ဗွေခတ်နှိပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ကိုယ်တိုင်ရယူထားသဖြင့် ယခုအရောင်းအဝယ် ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ နောက်ဆုံးကျန်ငွေပေးချေရမည့် (၂၈–၁၀–၂၀၂၁)ရက်၌ အပြီးသတ် အရောင်းအဝယ်ကို လာရောက်လက်မှတ်ရေးထိုးစာချုပ် ချုပ်ဆိုပေးပါရန်နှင့် လိုက်နာမှုမရှိပါက စာချုပ်ပါစည်းကမ်းချက်များအတိုင်း လူကြီးမင်းဦးကိုကိုမြိုင်၏ ကန့်ကွက်ဆောင်ရွက်မှုကြောင့် ပျက်ကွက်ရခြင်းဖြစ်၍ စရန်ငွေ၏ (၂)ဆအား ပြန်လည်ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေး ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာခင်**
**(LL.B,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၄၄၅)**
**တိုက်(A3)၊ အခန်း(၂၀၉)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၉၈၄၅၊ ၀၉–၉၆၄၁၁၉၈၄၅**

## ကမ္ဘာပေါ်ရှိ ထိုင်းတော်မှကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော ဂန္ဓာရရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးပေါ်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်းနှိုးဆော်ခြင်း









[illegible]

## အထူးဝမ်းနည်းကြေကွဲခြင်း

အိန္ဒိယနိုင်ငံ-ဗီဟာပြည်နယ်-ဗုဒ္ဓဂယာမြန်မာကျောင်း-ပဓာနနာယကဆရာတော် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း-ကျောင်းလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းနှင့် ပြည်တွင်း ဗုဒ္ဓဂယာကျောင်းများ၏ ပဓာနနာယက-ဩဝါဒါစရိယဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (ဗုဒ္ဓဂယာဆရာတော်ကြီး)-အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက-အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ (အိန္ဒိယနိုင်ငံ ပရဒေသီသံဃာ့အဖွဲ့ ဥက္ကဋ္ဌ) နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့-ဗဟိုဝန်ဆောင် သိက္ခာတော် (၆၆)ဝါ၊ သက်တော်(၈၆)နှစ်သည် ၇-၁၀-၂၀၂၃(ကြာသပတေးနေ့) နံနက် ၇:၅၉ နာရီတွင် ဓမ္မမောဠိဝိဟာရ သီလရှင်စာသင်တိုက်၌ (၉၆)ပါးသောရောဂါဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ပြင်ဦးလွင်မြို့ဗုဒ္ဓဂယာဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများမှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆရာတော်ကြီး မြင့်မြတ်တဲ့ဘုံဘဝ ရောက်ရှိပါစေကြောင်း ပြင်ဦးလွင်မြို့ဗုဒ္ဓဂယာ ဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**တပည့်-ဦးအာစိဏ္ဏ**
**ဗုဒ္ဓဂယာကျောင်း(ပြင်ဦးလွင်)နှင့်**
**တပည့် ဒါယကာ၊ ဒါယိကာမများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်လှ (၇၄)နှစ်

ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၃၆/၉၈)၊ သူရတပ်ခွဲမှ ဒုရဲမှူး ကျော်စွာထွန်း၏ဖခင် ဦးတင်လှသည် ၁၁-၁၀-၂၀၂၃ရက် ညနေ ၃:၁၅ နာရီတွင် စဥ့်ကိုင်မြို့နယ်၊ တောမကျေးရွာ နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် သူငယ်ချင်း၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၃၆/၉၈)**
**သူရတပ်ခွဲမှသူငယ်ချင်းများ**

## ဆရာမ ဒေါ်သောင်းစိန် (မြိတ်မြို့)
### အသက်(၈၁)နှစ်

မြိတ်မြို့နေ (ဦးချစ်မောင်-ဒေါ်တင်မြ)တို့၏သမီး ဒေါ်သောင်းစိန်သည် ၁၂-၁၀-၂၀၂၃ (အင်္ဂါနေ့) နံနက် ၇:၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၂၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်ဘာသာစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင် ဒါယကာကြီး
# ဦးတန်ဘန်လစ် (ပန်းတနော်)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ အမှတ် (၁၈၂)နေ (ဦးရွှေဒင်္ဂါး-ဒေါ်ကျင်တီ)တို့၏ သား၊ (ဦးမောင်ချစ်-ဒေါ်ရီ)တို့၏ သားသမက်၊ ဒေါ်သန်းသန်းအေး၏ ခင်ပွန်း၊ (ဦးတန်မန်ကင်း)-ဒေါ်အေးကျင်၊ (ဦးတင်အောင်)-ဒေါ်ချိုအိအောင်တို့၏ မောင်၊ ဒေါ်ဆွေဆွေမွန်၊ ဦးအောင်ထွန်း- Dr. စန်းစန်းရီ(အောင်သပြေကုမ္ပဏီ)၊ ဒေါ်ဖြူဖြူသွင်တို့၏အစ်ကို၊ ဦးမျိုးမြင့်အောင်၊ ဒေါ်ရီရီအောင်၊ မမျိုးသန္တာအေးတို့၏ဖခင်ကြီး ဦးတန်ဘန်လစ်သည် ၁၁-၁၀-၂၀၂၃ (တနင်္လာနေ့) နံနက် ၈:၄၅ နာရီတွင် မဟာမြိုင်ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုရဲမှူး အောင်မြင့်ဝင်း (သရက်မြို့မရဲစခန်း)
### အသက် (၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုက်ကြီးကုန်းစာဖြူစုနေ ဦးမောင်ဝင်း(ဒုရဲအုပ်-ငြိမ်း)- ဒေါ်စန်းမြင့်တို့၏သား၊ ရွှေပြည်သာမြို့နယ်၊ (ည/၁၁)ရပ်ကွက်နေ ဦးကျော်စိန်-ဒေါ်စန်းစန်းငွေ(၄ဝ စားသောက်ဆိုင်)တို့၏သားသမက်၊ ဒေါ်ခင်မိုးဝင်း(သားဖွားဆရာမ၊ စာဖြူစု-တိုက်ကြီးကုန်း)၏မောင်၊ ဦးအောင်ဆန်းဝင်း-ဒေါ်ဇင်မာလာထွန်း၊ ကိုရဲအောင်-မငွေငွေလွင်၊ ကိုအောင်သူဟိန်း-မအေမီလွင်တို့၏ အစ်ကို၊ မသူသူထက်နိုင်၏ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး၊ ဒေါ်ငွေငွေကျော်၏ ချစ်လှစွာသောခင်ပွန်း ဒုရဲမှူးအောင်မြင့်ဝင်းသည် ၁၁-၁၀-၂၀၂၃ (တနင်္လာနေ့) နံနက် ၄:၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၂၃ (တနင်္ဂနွေနေ့) နံနက်တွင် အမှတ် (၈၉၃/က)၊ (ည/၁၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်၊ ရွှေပြည်သာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝတသက်တာ ကာလပတ်လုံး ဗုဒ္ဓဂယာ သာသနာပြုလုပ်ငန်းများကို

စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်တော်မူခဲ့သော သက်တော်ရှည်

# ဗုဒ္ဓဂယာဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏိန္ဒ

ပျံလွန်တော်မူသွားသည့်အတွက် အထူးပင် ဝမ်းနည်းကြေကွဲရပါသည်ဘုရား ။

ကမ္ဘာ့မြန်မာ ဘုရားဖူး အဖွဲ့.
ကျက်သရေထူး ဘုရားဖူး အဖွဲ့.
ကိုနေမျိုး ဘုရားဖူး အဖွဲ့.
ကုမုဒြာဘုရားဖူး အဖွဲ့.
ခင်နန္ဒာ ဘုရားဖူး အဖွဲ့.
ခါတော်မြတ် ဘုရားဖူး အဖွဲ့.
ဂန္ဓဝင်ရွှေပုဂံ ဘုရားဖူး အဖွဲ့.
စိန်ရောင်ခြည် ဘုရားဖူး အဖွဲ့.
စိန်သီဟ ဘုရားဖူး အဖွဲ့.
ဓမ္မရွှေစင် ဘုရားဖူး အဖွဲ့.
တလမွန် ဘုရားဖူး အဖွဲ့.
တိုးပဒေသာ ဘုရားဖူး အဖွဲ့.
ဒါန ဘုရားဖူး အဖွဲ့.
ဒို့ရွှေမြို့တော် ဘုရားဖူး အဖွဲ့.
ဓမ္မပီတိ ဘုရားဖူး အဖွဲ့.
ဓမ္မအလင်း ဘုရားဖူး အဖွဲ့.
ပါရမီရှင် ဘုရားဖူး အဖွဲ့.
ပုလဲနဒီ ဘုရားဖူး အဖွဲ့.
ပေါ်ပြူလာစတား ဘုရားဖူး အဖွဲ့.
မြင့်မိုရ်ကမ္ဘာ ဘုရားဖူး အဖွဲ့.
မြတ်ဓမ္မ ဘုရားဖူး အဖွဲ့.
မြတ်ဗောဓိ ဘုရားဖူး အဖွဲ့.
မဟာခမ်းနား ဘုရားဖူး အဖွဲ့.
မာတလီ ဘုရားဖူး အဖွဲ့.
မေပါရမီ ဘုရားဖူး အဖွဲ့.
မေသူမောင် ဘုရားဖူး အဖွဲ့.
ရတနာမိုး ဘုရားဖူး အဖွဲ့.
ရန်ကုန် ဘုရားဖူး အဖွဲ့.
ရွှေဉာဏ် ဘုရားဖူး အဖွဲ့.
ရွှေတော်ဝင် ဘုရားဖူး အဖွဲ့.
ရွှေဘုန်းပြည့် ဘုရားဖူး အဖွဲ့.
ရွှေမဂ္ဂင် ဘုရားဖူး အဖွဲ့.
ရွှေမဟာ ဘုရားဖူး အဖွဲ့.
ရွှေမိ ဘုရားဖူး အဖွဲ့.
ရွှေမာဝင်း ဘုရားဖူး အဖွဲ့.
ရွှေအိုးခုနစ်လုံး ဘုရားဖူး အဖွဲ့.
ရွှေအိုးဝေ ဘုရားဖူး အဖွဲ့.
သစ္စာမိုး ဘုရားဖူး အဖွဲ့.
သစ်ရွှေစင် ဘုရားဖူး အဖွဲ့.
သဒ္ဓါရှင် ဘုရားဖူး အဖွဲ့.
သဟာယမွန် ဘုရားဖူး အဖွဲ့.
သာကီနွယ် ဘုရားဖူး အဖွဲ့.
အောင်ချမ်းသာ ဘုရားဖူး အဖွဲ့.
အောင်စကြာ ဘုရားဖူး အဖွဲ့.
Golden pass ဘုရားဖူး အဖွဲ့.
Myanmar Getaway ဘုရားဖူး အဖွဲ့.
Shine Express ဘုရားဖူး အဖွဲ့.

## ဒေါ်ခင်သိန်း(ခ) နော်ထူးဖော
### လ/ထမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်
### မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြဝတီဘဏ်
### Nursing Cadet (First Batch)
### အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)လုံးတန်း၊ (၃)ရပ်ကွက်၊ တိုက် (၂၁၅)၊ အခန်း(၁၆)နေ (တေးသံရှင် ကိုသစ်လွင်)၏ ဇနီး၊ ဦးတိုနီသစ်လွင်-ဒေါ်အေးအေးသန့်၊ ဒေါ်ဝါဝါလွင် (Connie)-ဦးမြင့်ကျော်၊ [ဦးအောင်ကျော်မိုး (Sonny)]-ဒေါ်လေးငယ်၊ ဒေါ်ကြူကြူလွင်(Honey)-ဦးကျော်ဇံ၊ ဒေါ်နီလာလွင် (Baby)၊ ဒေါ်စန္ဒာလွင် (Pauk Sa)-ဦးထွန်းလင်းအောင်တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွား ဒေါ်ခင်သိန်း (ခ)နော်ထူးဖောသည် ၁၁-၁၀-၂၀၂၃ (တနင်္လာနေ့) ည ၁၁:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၂၃ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်အေးမြင့် (ပဲခူး)
### အသက်(၈၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်ခွဲ စန္ဒကူးပရိယတ္တိစာသင်တိုက် ဆရာတော်ဘန္ဒန္တပညာနန္ဒ၏ ရဟန်းအမကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ညောင်ဝိုင်း(၁၀)လမ်း၊ အမှတ်(၁၄၁)နေ (ဦးစိုးမင်း-ဒေါ်ပု)တို့၏ သမီး၊ (ဦးလှရွှေ-ဒေါ်သန်းကြည်)၊ (ဦးအောင်ခ-ဒေါ်ရင်မေ)၊ ဦးအောင်ကြည်-ဒေါ်တိုး တို့၏ ညီမ၊ ဦးသောင်းညွန့်-ဒေါ်ခင်ခင်တင့်၊ ဦးမြင့်ဆွေ-ဒေါ်အေးအေးချိုတို့၏ အစ်မ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (က/၃) လမ်း၊ အမှတ်(၁၅၄)နေ ဗိုလ်မှူးစိန်လှဝင်း(ငြိမ်း)-ဒေါ်သီတာဝင်း၊ ဦးမျိုးဝင်းအောင်-ဒေါ်ခိုင်ငြိမ်းအေး၊ ဒေါ်စန္ဒာဝင်း၊ ဒေါ်မေမျိုးဝင်း၊ ဦးသန်းထိုက်အောင်တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏အဘွား၊ ဦးဝင်းမြင့် (ရန်ကုန်တိုင်းညွှန်ကြားရေးမှူး-ငြိမ်း၊ အကျဉ်းဦးစီးဌာန)၏ ချစ်လှစွာသောဇနီးသည် ၁၂-၁၀-၂၀၂၃ (အင်္ဂါနေ့) နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၂၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၂၃ (တနင်္လာနေ့) နံနက် ၇ နာရီမှ နံနက် ၁၁ နာရီအထိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (က/ ၃) လမ်း၊ အမှတ်(၁၅၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်-၃၀၂(ခ)၊ မိုးကျော် (၃)လမ်း၊ ဧရိယာ(အလျား ၂၀ပေ x အနံ ၆၀ပေ) အကျယ်အဝန်းရှိဦးကျော်လင်းဦး(MGN-၁၈၀၁၆၁)အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေအမျိုးအစားအိမ်ခြံမြေကွက်နှင့် ယင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဦးမောင်မောင်ခိုင် [၁၄/မအန(နိုင်)၂၂၁၇၃၈]မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့်(LL.B, D.B.L, D.I.L,D.M.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)**

**ဒေါ်ဇင်မာအေး(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၁၃၉၅)**

**The Solution Power Law Firm – အမှတ်(၃၃)၊ မြေညီထပ်၊ အုတ်ကျင်းဘူတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၉၂၁၉၃၂**

## အရေပြားအကျိတ်နာရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွားများတွင်ဖြစ်ပွားတတ်သည့် အရေပြားအကျိတ်နာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွားများကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) နာမကျန်း ကျွဲ၊ နွားများကို လွှတ်ကျောင်းခြင်း၊ အခြားနွားများနှင့် ရောနှောခြင်းမပြုရန်၊
(၂) ကျွဲ၊ နွားမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ဆောင်ရွက်ရန်၊
(၃) ကျွဲ၊ နွား အသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွားများကို ဝယ်ယူမွေးမြူရန်၊
(၄) ဝယ်ယူသည့်နွားအသစ်များကို မိမိခြံရှိ နွားများနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၅) ရောဂါပိုးသယ်ဆောင်တတ်သည့် အင်းဆက်ပိုးမွှားများဖြစ်သည့် မှက်၊ ခြင်၊ ယင်နှင့် မွှားများကို ထိန်းချုပ်ရန်၊
(၆) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊
(၇) ကျွဲ၊ နွားများ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်(AHD/PC-3)ရယူရန်၊
(၈) မိမိ ကျွဲ၊ နွားများတွင် အရေပြားအကျိတ်နာဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ် ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

အဂတိ ပယ်ခွာ
ပြည်သာယာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နေပြည်တော်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ




**နေပြည်တော် အောက်တိုဘာ ၁၂**

ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ယူခွင့်အခွင့်အလမ်းများရရှိစေရန်အတွက် နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac ကို စတင်ထိုးနှံပေးသည်။

**ထိုးနှံပေးမည်**

ယနေ့မှစတင်၍ ကာကွယ်ဆေးထိုးနှံခြင်းကို အောက်တိုဘာ ၂၅ ရက်အထိ လျာထားပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များဖြစ်သော ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ အခြေခံပညာကျောင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၈ ကျောင်းနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း ၇၄ ကျောင်း စုစုပေါင်း ၈၅၉ ကျောင်းအနက် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာသင်ကျောင်း ၄၉၆ ကျောင်းတွင်ရှိသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၃၉၆၉ ဦးကို ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။

ထို့ကြောင့် မြို့နယ်အလိုက် ဆေးထိုးနှံရန် သတ်မှတ်ထားသည့် စုရပ်နေရာများ၌ အခြေခံပညာ အလယ်တန်း၊ အထက်တန်းတို့တွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား နေ့ရက်အလိုက်၊ သတ်မှတ်ထားသည့် လူဦးရေစာရင်းအလိုက် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများနှင့်အညီ ကာကွယ်ဆေးထိုးနှံပေးကြသည်။

ထို့ပြင် ကာကွယ်ဆေးထိုးမည့် စုရပ်နေရာများ၌လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လက်ဆေး

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❒


ကြေးမုံ ယနေ့ ဖတ်စရာ

နိုဝင်ဘာလမှစတင်၍ ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ခွင့်ပြုမည် စာမျက်နှာ » ၁၃

ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၈၂ ဦး တွေ့ရှိကြောင်း သတင်းထုတ်ပြန် စာမျက်နှာ » ၁၅

ယဉ်ကျေးလိမ္မာ စာပဒေသာ စာမျက်နှာ » ၁၈၊ ၁၉




အခန်းဆက်ဝတ္ထုရှည် စာမျက်နှာ » ၂၀


# ဂျာမနီအသင်း မြောက်မက်ဆီဒိုးနီးယားကို ဂိုးပြတ်အနိုင်ရ



ဥရောပရဲ့ ကမ္ဘာ့ဖလားဝင်ခွင့်အတွက် ယှဉ်ပြိုင်လျက်ရှိတဲ့ အုပ်စု(J)ရဲ့ ပွဲစဉ်တစ်ပွဲအဖြစ် အောက်တိုဘာ ၁၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ မြောက်မက်ဆီဒိုးနီးယားအသင်းနဲ့ ဂျာမနီအသင်းတို့ပွဲစဉ်မှာ ဂျာမနီအသင်းဟာ မြောက်မက်ဆီဒိုးနီးယားအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့တာကြောင့် ၂၀၂၂ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့တဲ့ ပထမဆုံးအသင်းဖြစ်လာခဲ့ပါတယ်။

မြောက်မက်ဆီဒိုးနီးယားအသင်းနဲ့ ဂျာမနီအသင်းတို့ပွဲစဉ်မှာ ဂျာမနီအသင်းက

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖

# အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအတွက် မြန်မာအသင်း အပြီးသတ်ပြင်ဆင်နေ

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာ ယူ-၂၃ အသင်းသည် ယခုလနောက်ဆုံးပတ်တွင် ယှဉ်ပြိုင်ရမည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၃ အသင်းသည် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ခြေစစ်ပွဲအတွက် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်မည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည်

စာမျက်နှာ ၂၁ ကော်လံ ၃ သို့ ❍